# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ် (၁၄၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာ - ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ညှော်ခံပွဲကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာ – ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Hilton ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းသံအမတ်ကြီး၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊သံရုံးအကြီးအကဲများ၊ သံတမန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို မြန်မာ–ရုရှား နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း သံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒွေ့ဗ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✪

> **“မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ဆက်ဆံရေးသည် ခိုင်မာသထက် ခိုင်မာလျက်ရှိပြီး နှစ်နိုင်ငံလုံးအနေဖြင့် ရင်းနှီးချစ်ကြည်ပြီး နီးကပ်သည့် ဆက်ဆံရေးအား တန်ဖိုးထားထိန်းသိမ်းနိုင်ခဲ့သည်ကို တွေ့မြင်ရ၊ ရုရှားနိုင်ငံက မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံနှင့် နိုင်ငံတကာမျက်နှာစာတွင် အစဉ်တစိုက်ထောက်ခံအားပေးခဲ့သည့်အပေါ်တွင်လည်း မိမိတို့အနေဖြင့် တန်ဖိုးထား”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း သံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒွေ့ဗ်တို့ မြန်မာ – ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြစဉ်။


**ယနေ့ ဖတ် စ ရာ**

တောင်ကိုရီးယားနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဆောင်ရွက်ချက်များကို လေ့လာခြင်း | ဆောင်းပါး | စာ - ၁၀

လေထုညစ်ညမ်းမှုကို ထိန်းချုပ်နိုင်ရန်အတွက် ထိုင်းနိုင်ငံ၌ မီးမရှို့ရစည်းကမ်းချက် ထုတ်ပြန် | နိုင်ငံတကာသတင်း | စာ - ၁၃

ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ဘီလီဇီနိုင်ငံ) | ဆောင်းပါး | စာ - ၁၆

# ဘာသာတရား၊ ယဉ်ကျေးမှုနှင့် လက်ဆင့်ကမ်းတာဝန်ကျေပွန်ရေး

အာရှတိုက်သည် လူ့ယဉ်ကျေးမှုအစောဆုံးထွန်းကားခဲ့ရာ ဒေသဖြစ်ပြီး ခေတ်သစ်အနောက်တိုင်း အတွေးအခေါ်များ၏ မြစ်ဖျားခံရာဖြစ်သော ဂရိနှင့် ရောမယဉ်ကျေးမှုတို့၏ အခြေပြုရာ နောက်ခံကားချပ်သည် အရှေ့တိုင်းယဉ်ကျေးမှုပင်ဖြစ်သည်ဟု သုတေသီတစ်ဦးက ဆိုသည်။ ရှေးအကျဆုံးယဉ်ကျေးမှုများ ထွန်းကားခဲ့သည့် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ အကြားတွင် နှစ်နိုင်ငံစလုံးနှင့် ထိစပ်တည်ရှိနေသော မြန်မာနိုင်ငံသည် ၎င်းတို့ထက် နောက်ကျစေကာမူ ကိုယ်ပိုင်ယဉ်ကျေးမှုကို ထူထောင်ထားနိုင်ခဲ့သော နိုင်ငံဖြစ်သည်။

ယဉ်ကျေးမှုဟုဆိုရာတွင် ဒြပ်ရှိနှင့် ဒြပ်မဲ့ဟူ၍ နှစ်မျိုးခွဲခြားနိုင်ပြီး ဒြပ်ရှိယဉ်ကျေးမှုသည် ကိုင်တွယ်ထိတွေ့နိုင်သည့် ရုပ်ဝတ္ထုများ(အရိုးပြာအိုးမှသည် နန်းတော်အဆောက်အအုံများအထိ) ပါဝင်ပြီး ဒြပ်မဲ့ယဉ်ကျေးမှုတွင်မူ အနေအထိုင်၊ အပြောအဆို၊ အနုပညာ၊ စာပေနှင့်အတွေးအခေါ်၊ ဓလေ့ထုံးတမ်းအစရှိသည့် ကိုင်တွယ်ထိတွေ့ မရနိုင်သည့် အရာများ ပါဝင်သည်။ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများရှိကြပြီး လူမျိုးတစ်မျိုး၏ လူနေမှုအဆင့်အတန်းနှင့် တွေးခေါ်မြော်မြင်မှု အဆင့်အတန်းတို့ကို ယင်းလူမျိုး၏ ကိုယ်ပိုင်ယဉ်ကျေးမှု သွင်ပြင်လက္ခဏာများနှင့် အနှစ်သာရတို့ပေါ်တွင် လေ့လာသုံးသပ်အကဲဖြတ်ကြခြင်း ဖြစ်သည်။ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတို့ပျောက်လျှင် လူမျိုးလည်း ပျောက်ကွယ်နိုင်သည်ကို လေးလေးနက်နက် စဉ်းစားပါက သိရှိနိုင်သည်။

နိုင်ငံရေးရှုထောင့်မှ ကြည့်လျှင် နိုင်ငံတစ်နိုင်ငံ၏ကိုယ်ပိုင်ယဉ်ကျေးမှုသည် ယင်းနိုင်ငံ၏ အမျိုးသားအင်အားစုတွင် ပါဝင်သည်။ ပထဝီနိုင်ငံရေး (Geopolitics)ဆိုသော ဝေါဟာရကို စတင်သုံးစွဲခဲ့သည့် ပညာရှင် Rudolf Kjellen က အာဏာရရေးအတွက် နယ်ချဲ့ရန်မလိုဘဲ ခေတ်မီနည်းလမ်းများ အသုံးပြု၍ မိမိယဉ်ကျေးမှုပြန့်ပွားလာအောင် ပြုလုပ်ရမည်ဟု ဆိုခဲ့ရာ ယဉ်ကျေးမှုနယ်ချဲ့ခြင်းနည်းလမ်းဖြင့် လက်အောက်ခံ ဩဇာခံ ဖြစ်လာစေနိုင်သည့် သဘောတရားပင်ဖြစ်သည်။ မျက်မှောက်ခေတ်တွင် အင်အားကြီးနိုင်ငံများက ၎င်းတို့၏ ကုန်အမှတ်တံဆိပ်များ၊ စားသောက်ဖွယ်ရာများ၊ တေးဂီတ၊ ရုပ်ရှင်၊ ရုပ်သံနှင့် ဖျော်ဖြေပွဲများ၊ ယဉ်ကျေးမှုပွဲတော်များနှင့် ၎င်းတို့၏ ဓလေ့ထုံးစံများ စသည်တို့ကို ကမ္ဘာသုံးဖြစ်လာအောင်၊ ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးဖြစ်လာအောင်၊ ကမ္ဘာ့ယဉ်ကျေးမှုသဖွယ်ဖြစ်လာအောင် မီဒီယာဆိုင်ရာ နည်းလမ်းမျိုးစုံတို့ဖြင့် ကမ္ဘာတစ်ခွင်သို့ ဖြန့်ချီလျက်ရှိကြသည်ကို တွေ့နိုင်သည်။ မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ပျောက်ကွယ်မသွားရအောင် တိုက်တွန်းနှိုးဆော်သူ၊ ထိန်းသိမ်းသူ၊ ကာကွယ်စောင့်ရှောက်သူတို့ကိုမူ ခေတ်နောက်ပြန်ဆွဲသူများ၊ ရှေးရိုးဆန်၍ အမြင်ကျဉ်းသူများ၊ လူမျိုးရေး၊ ဘာသာရေး အစွန်းရောက်သူများအဖြစ် စွပ်စွဲပုတ်ခတ်ကြသည်ကိုလည်း တွေ့မြင်နိုင်ကြမည်ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့အတွေးအခေါ် ဒဿနတို့မှာ ဗုဒ္ဓဘာသာကို အခြေပြု၍ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး နှစ်ကာလအားဖြင့်လည်း ထောင်နှင့်ချီ၍ ကြာမြင့်လျက်ရှိပြီဖြစ်သည်။ မျက်မှောက်ကာလတွင် မြန်မာလူမျိုးအများစု၏ ယုံကြည်ကိုးကွယ်ရာဖြစ်သော ထေရဝါဒဗုဒ္ဓဘာသာနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် စပ်လျဉ်း၍လည်းကောင်း ပျက်စီးအောင်၊ သေးသိမ်အောင် နည်းလမ်းပေါင်းစုံဖြင့် ပြည်တွင်းပြည်ပမှ ပြုလုပ်နေကြသည်ကို တွေ့ရသည်။ ရိုးရာယဉ်ကျေးမှုသည် မပျောက်မပျက်အောင် ထိန်းသိမ်းရန်၊ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သကဲ့သို့ ခမ်းနားထည်ဝါလာအောင် မြှင့်တင်ပေးရန်လည်း လိုအပ်သည်။ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ရာ မိမိတို့ခေတ်တွင် မိမိတို့၏ အမျိုးသားရေးတာဝန်ကို ကျေပွန်ကြရပါမည့်အကြောင်း။ ။

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

ကျန်းမာရေးဝန်ကြီးဌာန

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မှ ၂၄ ရက်နေ့အထိ

ဆေးသုတေသနဦးစီးဌာန အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့

## (၅၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို "The Fight Against Zoonotic Diseases: A one Health Approach" – "တိရစ္ဆာန်မှတစ်ဆင့် ကူးစက်နိုင်သောရောဂါများကို တစ်ခုတည်းသော ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု ဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့" ဆောင်ပုဒ်နှင့် ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် အခြေခံသုတေသနစာတမ်း ၁၈ စောင်၊ အသုံးချသုတေသနစာတမ်း ၃၂ စောင်၊ ကျန်းမာရေးစနစ်သုတေသနစာတမ်း ၈ စောင်၊ သုတေသနပိုစတာစာတမ်း ၃၄ စောင်တို့ကို တင်သွင်းဖတ်ကြားပြသသွားရန် စီစဉ်ထားရှိသည်။

ပြည်တွင်းမှ မြန်မာသုတေသီများသာမက အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံများမှ ပညာရှင်များပူးပေါင်း၍ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကိုလည်း ကျင်းပသွားမည် ဖြစ်သည်။

ညီလာခံကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၀ မှ ၂၄ ရက်အတွင်း ဆေးသုတေသနဦးစီးဌာန၊ အမှတ်(၅) ဇီဝကလမ်း၊ ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။

သတင်းစဉ်

## ရေနံချောင်းမြို့၌ (၇၅)နှစ်မြောက် မြန်မာ - ရုရှား သံတမန်ဆက်ဆံရေး ထူထောင်မှုအထိမ်းအမှတ် မြေစိုက်နံရံကပ်ဘုတ် ပြသဆောင်ရွက်

ရေနံချောင်း ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ (၇၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး ထူထောင်မှု အထိမ်းအမှတ် ဓာတ်ပုံများ မြေစိုက်နံရံကပ်ဘုတ်တွင် ပြသခြင်းကို ယနေ့နံနက်ပိုင်းက၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ရှိ နံရံကပ်ဘုတ်၌ ပြသဆောင်ရွက်သည်။

အဆိုပါ နံရံကပ်ပြဘုတ်တွင် မြန်မာနိုင်ငံ သမ္မတများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ အကြီးအကဲများ တွေ့ဆုံဆွေးနွေးမှုများ၊ စီးပွားရေးအမြင်ဖလှယ် ဆောင်ရွက်ချက်များ၊ ထိပ်သီးအစည်းအဝေးများ တက်ရောက်မှု မှတ်တမ်းများ၊ နိုင်ငံပိုင်တည်ဆောက်ရေး လုပ်ငန်းများကို လေ့လာကြည့်ရှုနေမှုမှတ်တမ်း ဓာတ်ပုံများနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ဆောင်ရွက်ချက်များကို ပြသထားရှိရာ လမ်းသွားလမ်းလာပြည်သူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဆေးဝါးကွပ်ကဲသူများနှင့် ဆေးဝါးထုတ်လုပ်သူများ ကွန်ဖရင့်ကျင်းပ







နေပြည်တော် ဖေဖော်ဝါရီ ၁၈

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ (Shanghai Cooperation Organization)၏ ဆေးဝါးကွပ်ကဲသူများနှင့် ဆေးဝါးထုတ်လုပ်သူများ ကွန်ဖရင့် (Conference of Drug Regulators and Manufacturers in SCO member states)ကို ယမန်နေ့က အိန္ဒိယနိုင်ငံ Ministry of Health and Family Welfare က ကြီးမှူး၍ Virtual စနစ်ဖြင့် ကျင်းပသည်။ (အပေါ်ယာပုံ)

အခမ်းအနားသို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများမှ ဆေးဝါးကွပ်ကဲရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ဆေးဝါးစက်ရုံများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ကွန်ဖရင့်၌ ဆေးဝါးကွပ်ကဲရေးနှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အဖွဲ့ဝင်နိုင်ငံများအကြား နားလည်မှုရှိစေပြီး ဆေးဝါးကွပ်ကဲရေးလုပ်ငန်းများတွင် အသိပညာဖလှယ်နိုင်ရေး၊ ဆေးဝါးအရည်အသွေး စစ်ဆေးမှု၊ သုတေသနစမ်းသပ်မှု၊ ထုတ်လုပ်မှုဆိုင်ရာ ကောင်းမွန်သော ကျင့်စဉ်တို့ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဆေးဝါးကွပ်ကဲသူများကို အရည်အသွေးမြှင့်တင်ခြင်း သင်တန်းများ ဆောင်ရွက်နိုင်ရေး၊ ဆေးဝါးဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရေး၊ သတင်းအချက်အလက်များ ဖလှယ်နိုင်ရေး အစရှိသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဦးစွာ အိန္ဒိယနိုင်ငံ ဗဟိုဆေးဝါး ကွပ်ကဲရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်က ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု များပြားစဉ်ကာလအတွင်း ဆေးဝါးများ၊ ကာကွယ်ဆေးနှင့် ဆေးပစ္စည်းများ ရရှိစေရန် အိန္ဒိယနိုင်ငံ၏ ဆေးဝါးကွပ်ကဲရေး ဆောင်ရွက်ချက်များ၊ ဖြေလျှော့မှုများ၊ စမ်းသပ်ချက်များ၊ အထူးအရှိန်မြင့် စိစစ်ခွင့်ပြုချက်များနှင့် ပတ်သက်၍ ပြောကြားသည်။

ယင်းနောက် အဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် အိန္ဒိယ၊ တရုတ်၊ ရုရှား၊ ကာဇက်စတန်၊ ကာဂျစ်၊ ပါကစ္စတန်၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်နိုင်ငံများ၏ ဆေးဝါးကွပ်ကဲရေးဆိုင်ရာ ပညာရှင်များက အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများအကြား ဆေးဝါးကွပ်ကဲရေးနယ်ပယ်တွင် အပြန်အလှန်ပူးပေါင်း ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာ – ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

✪ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်တွင် ထူထောင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ဆက်ဆံရေးသည် ခိုင်မာသထက် ခိုင်မာလျက်ရှိပြီး နှစ်နိုင်ငံလုံးအနေဖြင့် ရင်းနှီးချစ်ကြည်ပြီး နီးကပ်သည့် ဆက်ဆံရေးအား တန်ဖိုးထားထိန်းသိမ်းနိုင်ခဲ့သည်ကို တွေ့မြင်ရကြောင်း၊ ယင်းကာလတစ်လျှောက်တွင် ရုရှားနိုင်ငံက မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံနှင့် နိုင်ငံတကာမျက်နှာစာတွင် အစဉ်တစိုက် ထောက်ခံအားပေးခဲ့သည့်အပေါ်တွင်လည်း မိမိတို့အနေဖြင့် တန်ဖိုးထားပါကြောင်း။

မြန်မာ–ရုရှား နှစ်နိုင်ငံ ဆက်ဆံရေးကာလအစ ကောင်းမွန်သည့် ပြယုဂ်များအနေဖြင့် ရုရှား–မြန်မာ ချစ်ကြည်ရေးအတွက် ရုရှားနိုင်ငံမှ တည်ဆောက်ပေးခဲ့သည့် ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ၁၉၆၁ ခုနှစ်က ဖွင့်လှစ်ခဲ့သော စဝ်စံထွန်းဆေးရုံ၊ ၁၉၆၁ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့သည့် ရန်ကုန်နည်းပညာတက္ကသိုလ်၊ ၁၉၆၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် ရန်ကုန်အင်းယားလိတ်ဟိုတယ်နှင့် ၁၉၆၇ ခုနှစ်တွင် ပြီးစီးခဲ့သည့် ကြက်မောက်တောင်ဆည်တို့သည် နှစ်နိုင်ငံအကြားဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲမှုကို အမြဲတမ်း ပေါ်လွင်ထင်ဟပ်နေမည်ဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း သံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒေါ့ဗ်နှင့် တာဝန်ရှိသူများ မြန်မာ–ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြစဉ်။

**သိသာထင်ရှားစွာ တိုးတက်**

နှစ်နိုင်ငံ ဆက်ဆံရေး၏ အလယ်ကာလ ၁၉၈၀–၁၉၉၀ ပတ်ဝန်းကျင်မှ ယနေ့အချိန်အထိ မြန်မာနိုင်ငံ၏ အနာဂတ်ကို ပိုင်စိုးကြမည့် မျိုးဆက်သစ် မြန်မာနိုင်ငံသား လူငယ်လူရွယ်များ၏ အသိပညာ၊ အတတ်ပညာများ ပိုမိုတိုးတက်ပြည့်စုံစေရေးအတွက်နှင့် နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကား မြင့်မားစေရေးတို့အတွက် ရုရှားနိုင်ငံတွင် ပညာတော်သင်များ စေလွှတ်သင်ယူခဲ့သကဲ့သို့ ၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို စတင်တာဝန်ယူချိန်တွင် မြန်မာ–ရုရှား ဆက်ဆံရေးသည် သိသာထင်ရှားစွာ တိုးတက်လာသည်ကိုလည်း မိမိအနေဖြင့် ဝမ်းမြောက်ဖွယ် တွေ့မြင်ရပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ အမြော်အမြင်ရှိမှုနှင့် နှစ်ဖက်ပူးတွဲ အားထုတ်မှုများကြောင့် မြန်မာ – ရုရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ယနေ့အချိန်တွင် အမြင့်ဆုံးသို့ ရောက်ရှိနေပြီဟု မိမိတို့အနေဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ပြောကြားနိုင်ပြီဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ကောင်းမွန်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိသည့် ပူးပေါင်းဆောင်ရွက်မှု ယန္တရားများစွာသည်လည်း ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးအပေါ်တွင် နားလည်မှုနှင့် ယုံကြည်မှုများ ပိုမိုဖြစ်ထွန်းစေခဲ့ပြီး နှစ်နိုင်ငံနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ချဲ့ထွင်နိုင်စေမည်ဟု ယုံကြည်ပါကြောင်း။

❖ မြန်မာ - ရုရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ယနေ့အချိန်တွင် အမြင့်ဆုံးသို့ ရောက်ရှိနေပြီဟု မိမိတို့အနေဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ပြောကြားနိုင်ပြီဖြစ်

❖ နှစ်နိုင်ငံအကြား ကောင်းမွန်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိသည့် ပူးပေါင်းဆောင်ရွက်မှု ယန္တရားများစွာသည်လည်း ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးအပေါ်တွင် နားလည်မှုနှင့် ယုံကြည်မှုများ ပိုမိုဖြစ်ထွန်းစေခဲ့ပြီး နှစ်နိုင်ငံနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ချဲ့ထွင်နိုင်စေမည်ဟု ယုံကြည်

**အနာဂတ်ပူးပေါင်းဆောင်ရွက်ရေး**

နှစ်နိုင်ငံအတွက် အကျိုးစီးပွားရလဒ်ကောင်းများကို ထပ်လောင်းဖော်ဆောင်ပေးမည့် အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ် အလားအလာသစ်များ ရှိဆဲဖြစ်သည်ဟုလည်း မိမိအနေဖြင့် ခိုင်မာစွာ ယုံကြည်ပါကြောင်း၊ ယင်းအလားအလာများကို အပြည့်အဝဖော်ထုတ် အကောင်အထည်ဖော်ရန် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့တို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများကို မကြာမီကာလတွင် ဖွင့်လှစ်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရုရှားနိုင်ငံတွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးသစ်များ ဖွင့်လှစ်နိုင်ခြင်းသည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြင့်မားသည့် အဆင့်တစ်ဆင့်သို့ ရောက်ရှိစေရေးအတွက် မိမိတို့၏ပူးတွဲကြိုးပမ်းမှုများကို သိသိသာသာ အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတောက်ပသည့် ကဏ္ဍသစ်တစ်ရပ်သို့ တက်လှမ်းနိုင်ရေး ကြိုးပမ်းလျက်ရှိသည့်ကာလတွင် ယခု (၇၅) နှစ်မြောက် စိန်ရတုအခါသမယသည် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား တည်ရှိသည့် အထူးကောင်းမွန်သော ချစ်ကြည်ရင်းနှီးမှုနှင့်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို ဂုဏ်ပြုဆင်နွှဲရန် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မင်္ဂလာရှိသည့် ညချမ်းအချိန်အခါတွင် မိမိတို့အနေဖြင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်ပြည့် အထိမ်းအမှတ်ကို အမှတ်ရရုံသာမက နှစ်နိုင်ငံ ပြည်သူများ၏ အပြန်အလှန် အကျိုးစီးပွားအတွက် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ချဲ့ထွင်ရေး ကတိကဝတ်ကို ထပ်လောင်းအတည်ပြုသည့် အခါသမယလည်းဖြစ်ပါကြောင်း၊ (၇၅)နှစ်တာခရီးကာလကို အောင်မြင်စွာ အတူတကွလျှောက်လှမ်းခဲ့ကြသည့် မြန်မာ – ရုရှားအစိုးရများနှင့် ပြည်သူများကို ချီးကျူးဂုဏ်ပြုပါကြောင်း။

**ထာဝရတည်တံ့ခိုင်မြဲစေရေး**

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှု ထာဝရတည်တံ့ခိုင်မြဲစေရေးအတွက်လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ရုရှားပြည်သူများ ဆက်လက်ဖွံ့ဖြိုးတိုးတက်သာယာဝပြောစေရေးအတွက် လည်းကောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များနှင့် မိတ်ဆွေများ ကျန်းမာချမ်းသာကြစေရေးအတွက်လည်းကောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းသံအမတ်ကြီးတို့သည် မြန်မာ–ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း သံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒေါ့ဗ်တို့ မြန်မာ–ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**အတူတကွသုံးဆောင်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း သံအမတ်ကြီးတို့သည် ရုရှားအကအဖွဲ့များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုပန်းစည်းများပေးအပ်ကာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ - ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာ–ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတု အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန–၁၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး၊ ရန်ကုန်မြို့ အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၊ သံတမန်များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



**သဝဏ်လွှာ ဖတ်ကြား**

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင် ထံသို့ မြန်မာ–ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတု အထိမ်းအမှတ် အခါသမယအတွက် ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ဖတ်ကြားပြီး မိန့်ခွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း သံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒေါ့ဗ် က ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင် ထံမှ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ မြန်မာ–ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခါသမယအတွက် ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ဖတ်ကြားပြီး မိန့်ခွန်းပြောကြားသည်။

**အောင်မြင်မှုများရရှိခဲ့**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် ပထဝီဝင်အနေအထား ကွာခြားချက်များ ရှိလင့်ကစား လွန်ခဲ့သည့် ဆယ်စုနှစ်ခုနစ်ခုကျော် ကာလအတွင်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် နားလည်မှု၊ ယုံကြည်မှု၊ လေးစားမှုတို့ကို အခြေခံကာ နှစ်နိုင်ငံဆက်ဆံရေးတွင် သိသာထင်ရှားသည့် အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူပြီးနောက်ပိုင်းတွင် ပိုမိုများပြားလာသည့် အပြန်အလှန်ခရီးစဉ်များနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများက နှစ်နိုင်ငံဆက်ဆံရေးကို အရှိန်အဟုန် မြှင့်တင်ပေးနိုင်ခဲ့သည်မှာ ကျေနပ်အားရဖွယ် ဖြစ်ကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်**

အခမ်းအနားတွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား လာမည့်နှစ်များအတွင်း ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားနိုင်ရေးအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် ခိုင်မာသည့် ကတိကဝတ်များကို ဖော်ပြခဲ့ကြသည်။

**အကအလှများဖြင့် ဖျော်ဖြေ**

ဆက်လက်၍ မြန်မာ – ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဗီဒီယိုမှတ်တမ်းကို ပြသခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရုရှားသံရုံးတို့မှ အနုပညာရှင်များက နှစ်နိုင်ငံ ရိုးရာတင်ဆက်မှုများနှင့် ယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေခဲ့ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရုရှားအနုပညာရှင်များကို လည်းကောင်း၊ ရုရှားသံအမတ်ကြီးက မြန်မာအနုပညာရှင်များကို လည်းကောင်း အမှတ်တရပန်းခြင်းများ လက်ဆောင်ပေးအပ်ပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များက ရုရှားသံအမတ်ကြီးနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများသည် ဝန်ကြီးဌာန ကိုးခုနှင့် ရုရှားသံရုံးတို့မှ ခင်းကျင်းပြသထားသည့် မြန်မာ–ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး **(အပေါ်ဝဲပုံ)** တက်ရောက်လာသူများကို အကျွေးအမွေးများဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချီးမြှင့်အပ်နှင်းထားသည့် သီရိပျံ့ချီဘွဲ့တံဆိပ်တော်များနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) မှ ဆက်ကပ်သည့် အဂ္ဂမဟာမင်္ဂလ ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော် အတွင်း၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ သီရိပျံ့ချီဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရသော ဖွဲ့ကပင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကဝိဓဇ နှင့် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မသဟာရကျောင်း နာယက ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ တို့အား သီရိပျံ့ချီဘွဲ့တံဆိပ်တော်များနှင့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)မှ ဆက်ကပ်သည့် အဂ္ဂမဟာမင်္ဂလ ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိ စာသင်တိုက်ကြီး၏ ဥက္ကဋ္ဌ နာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတိလောကာဘိဝံသ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ကာ နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိ စာသင်တိုက်ကြီး၏ ဥက္ကဋ္ဌ နာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချီးမြှင့်အပ်နှင်းထားသည့် သီရိပျံ့ချီဘွဲ့တံဆိပ်တော်များ၊ အဆောင်အယောင်ပစ္စည်းများနှင့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)မှ ဆက်ကပ်သည့် အဂ္ဂမဟာမင်္ဂလ ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များနှင့် လှူဖွယ်ပစ္စည်းများကို ဘွဲ့ခံဆရာတော်များ ဖြစ်တော်မူကြသော ဖွဲ့ကပင်ဆရာတော်ဘုရားကြီးနှင့် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မသဟာရကျောင်း နာယကဆရာတော်တို့ထံသို့ တိုင်းမှူးက ဆက်ကပ်လှူဒါန်းသည်။ **(ယာပုံ)**

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိ စာသင်တိုက်ကြီး၏ ဥက္ကဋ္ဌ နာယက ဆရာတော်နှင့် တိပိဋကဓရ တိပိဋက ကောဝိဒ ဓမ္မဘဏ္ဍာဂါရိက မော်ကျွန်းဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ တို့ထံမှ ဩဝါဒစကားများ နာယူကြသည်။

ထို့နောက် အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ မြစေတီဆရာတော် ဘုရားကြီး ဘဒ္ဒန္တဝိမလဗုဒ္ဓိ ထံမှ ရေစက်ချ အနုမောဒနာတရားများ နာယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံ စာရင်းကောင်စီအစည်းအဝေးကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

မြန်မာနိုင်ငံ စာရင်းကောင်စီအစည်းအဝေး (၁/၂၀၂၃) ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံစာရင်းကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စာရင်းနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီသည် နိုင်ငံ၏စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုသည့် Regulatory Body တစ်ရပ်အဖြစ် ရပ်တည်လျက် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ကဏ္ဍနှစ်ရပ်လုံး၏ စာရင်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများကို စဉ်ဆက်မပြတ် မွေးထုတ်ရေး၊ ပြည်ပစာရင်းပညာရှင်များနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေး၊ စာရင်းဆောင်ရွက်မှုနယ်ပယ်တွင် ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိမိတို့၏အခန်းကဏ္ဍမှ ပူးပေါင်းပါဝင်မှုဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ စာရင်းပညာရှင်များ အနေဖြင့်လည်း လုပ်ငန်းများဆောင်ရွက်ရာတွင် သတိသမ္ပဇဉ် ထားရှိဆောင်ရွက်ခြင်း၊ စောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို တိကျစွာလိုက်နာခြင်းတို့ဖြင့် အတတ်ပညာပိုင်းဆိုင်ရာ နယ်ပယ်တွင် ရေရှည်ရှင်သန်ရပ်တည်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။ **(အောက်ဝဲပုံ)**

ယင်းနောက် ကောင်စီအဖွဲ့ဝင်များက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းတို့နှင့်စပ်လျဉ်း၍ အစီအစဉ်အတိုင်း ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌများ၊ ကောင်စီအဖွဲ့ဝင် ၁၃ ဦးနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကောင်စီအဖွဲ့ဝင် ရှစ်ဦးက Virtual စနစ်ဖြင့် Online မှ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီခွဲ တွင် ပြည်ထောင်စု စာရင်းစစ်ချုပ်သည် မြန်မာနိုင်ငံ စာရင်းကောင်စီ အလုပ်အမှုဆောင် အစည်းအဝေး (၁/၂၀၂၃) သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး အတွင်း ရောက်ရှိနေသော တပ်မတော် နယ်လှည့် အထူးဆေးကုသရေး အဖွဲ့သည် ယနေ့တွင် တောင်တွင်းကြီးမြို့နယ် ဆတ်သွားကျေးရွာရှိ ပေါ်တော်မူဆုတောင်းပြည့်ဘုရားကြီးကျောင်းဓမ္မာရုံ၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၉၉၅ ဦးကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၄၅ ဦး၊ ခွဲစိတ်ရောဂါ ၇၆ ဦး၊ ကလေးရောဂါ ၃၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၉ ဦး၊ အရိုးရောဂါ ၂၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၈ ဦး၊ မျက်စိရောဂါ ၂၄ ဦး၊သွားရောဂါ၂၂ဦးနှင့်အထွေထွေရောဂါ ၆၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိကုသမှုလူနာ ၁၀ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၈၉ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၄ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို သွေးတိုးရောဂါနှင့် ဆီးချို၊ သွေးချိုရောဂါများအကြောင်း ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား စားရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများနှင့် အလှူရှင်များက နေ့လယ်စာဖြင့် ဧည့်ခံ ကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဖေဖော်ဝါရီ ၁၈ ရက်နေ့တွင် ကျရောက်သည့် (၇၅) နှစ်မြောက် မြန်မာ – ရုရှား သံတမန်ဆက်ဆံရေး ထူထောင်မှုအထိမ်းအမှတ်အဖြစ် ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး မြေစိုက်နံရံကပ်ပြဘုတ်၌ ပြသထားရာ ဖေဖော်ဝါရီ ၁၈ ရက်က ပြည်သူများ စိတ်ဝင်တစား ကြည့်ရှုလေ့လာစဉ်။

တင်ထွန်းဦး(ပြန်/ဆက်)

# စမ်းချောင်းမြို့နယ်၌ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး ကွင်းဆင်းစစ်ဆေး

**စမ်းချောင်း ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၌ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေးအတွက် ယနေ့နံနက်ပိုင်းက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဝန်ထမ်းများမှ လုပ်ငန်းသုံးမီတာများကို မြေပြင်ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ခရိုင်လျှပ်စစ်အင်ဂျင်နီယာနှင့် အဖွဲ့ဝင်များက စမ်းချောင်းမြို့နယ်အတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေးအတွက် လျှပ်စစ်သုံးစွဲခြင်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များကို ပြောကြားပြီး လုပ်ငန်းသုံးမီတာများနှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းထားရှိမှုများကို စစ်ဆေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ဆရာအတတ်ပညာဦးစီးဌာန ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများ၊ အားကစားသမားများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။(ယာပုံ)

**အားကစားပြိုင်ပွဲဖွင့်လှစ်ပေး**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယနေ့ကျင်းပသော အားကစားပြိုင်ပွဲများမှတစ်ဆင့် မိမိတို့၏ အရည်အချင်းများကို ဖော်ထုတ်ပြီး တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ဂုဏ်သိက္ခာနှင့်အညီ စည်းလုံးညီညွတ်စွာ စည်းကမ်းရှိရှိ၊ ပျော်ပျော်ရွှင်ရွှင် ချစ်ကြည်ရင်းနှီးစွာ ယှဉ်ပြိုင်ကစားရင်း အောင်မြင်မှုရရှိသူများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားကာ အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ အထိမ်းအမှတ်အလံကို လွှင့်တင်၍ ပြိုင်ပွဲဝင် အားကစားအဖွဲ့များက အားကစားသစ္စာ အဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးတို့က အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြသည်။

**တင်ဆက်ပြသ**

ဆက်လက်၍ မိတ္ထီလာပညာရေးဒီဂရီကောလိပ် ကျောင်းသား ကျောင်းသူလေးများက Fitness Dance၊ တောင်ငူပညာရေးဒီဂရီကောလိပ်က ကဗျာလွတ်အက၊ မုံရွာပညာရေးဒီဂရီကောလိပ်က မြန်မာ့သိုင်း၊ ရန်ကင်းနှင့် လှည်းကူးပညာရေးဒီဂရီကောလိပ်များက ဝူရှူးအားကစားနှင့် သဃ်န်းကျွန်းပညာရေး ဒီဂရီကောလိပ်က တိုက်ကွမ်ဒိုအားကစားတို့ဖြင့် တင်ဆက်ပြသကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသား ဘော်လီဘောပြိုင်ပွဲကို စတင်ကျင်းပရာ တောင်ကြီး ပညာရေးဒီဂရီကောလိပ်က ပြည်ပညာရေးဒီဂရီ ကောလိပ်ကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီ ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးတည်ချက် (၁၂)ရပ်အနက်မှ လူမှုရေး ဦးတည်ချက်ဖြစ်သော တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အပြည့်အဝ အထောက်အကူဖြစ်စေရန်၊ အားကစားပွဲတော်မှ ထွက်ပေါ်လာမည့် ထူးချွန်အားကစားသမားများမှ သည် နိုင်ငံတော်အတွက် အားထားရသော မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်နှင့် ကောလိပ်များကို အောက်မြန်မာပြည် ဇုန်လေးခုနှင့် အထက်မြန်မာပြည် ဇုန်လေးခု သတ်မှတ်၍ လူရွေးပွဲများကို သက်ဆိုင်ရာ ဇုန်အလိုက် မြို့များတွင်ကျင်းပခဲ့ပြီး ဗဟိုအဆင့်ဘောလုံး ပြိုင်ပွဲတွင် အားကစားသမား ကျောင်းသား၊ အုပ်ချုပ်နည်းပြ စုစုပေါင်း ၂၀၀ ပါဝင်ကြမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားကြမည်**

ပညာရေးဒီဂရီကောလိပ်များမှ အားကစားသမား ကျောင်းသား ကျောင်းသူများသည် ရန်ကုန်ဇုန် (အောက်မြန်မာပြည်ဇုန်)မှ ၄၇၁ ဦးနှင့် မန္တလေးဇုန် (အထက်မြန်မာပြည်ဇုန်)မှ ၄၁၃ ဦး စုစုပေါင်း ၈၈၄ ဦးတို့သည် အားကစားနည်း သုံးမျိုးဖြစ်သော ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ဗဟိုအဆင့်တွင် ဇုန်အဆင့်မှ အနိုင်ရရှိလာသော ဘောလုံး လေးသင်း၊ ဘော်လီဘော (အမျိုးသား) လေးသင်း၊ ဘော်လီဘော(အမျိုးသမီး) လေးသင်း၊ ပိုက်ကျော်ခြင်း လေးသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ပြေးခုန်ပစ်ကစားနည်းကို ပညာရေးဒီဂရီကောလိပ်ကျောင်းမှ ကျောင်းသား ကျောင်းသူများက ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူများ သွားလာရေးနှင့်နေထိုင်ရေး လွယ်ကူအဆင်ပြေစေရန် လမ်းပန်းဆက်သွယ်ရေးနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစွမ်းကုန်ကြိုးစားရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁)မှ တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြင့် ခုနစ်ထပ်ဆောင် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြင့် ခုနစ်ထပ်ဆောင်ကို မြို့ပြ၊ ရေသန့်၊ လျှပ်စစ် စသည်ဖြင့် အပိုင်းလိုက်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းလျာထားချက် လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စု ဝန်ကြီးက တင်ပြချက်များနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ အသုံးပြုလိုသော လိုအပ်ချက်များကို ဆေးရုံ အဆောက်အဦဆိုင်ရာ နိုင်ငံတကာစံသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် စိစစ်ဆောင်ရွက်ပေးသွားရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအလေးထားဆောင်ရွက်ရန်တို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှု စစ်ဆေးသည်။(ယာပုံ)

ရန်ကုန်ပြည်သူ့ ဆေးရုံကြီး အဆင့်မြင့် ခုနစ်ထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ် မေ ၂၇ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးလျက်ရှိပြီး သတ်မှတ်ချိန်အတွင်း ပြီးစီးရေး အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အထူးအဖွဲ့များ၊ သဃ်န်းကျွန်းခရိုင်၊ ကမာရွတ်ခရိုင်၊ သန်လျင်ခရိုင်၊ တွံတေးခရိုင်၊ တိုက်ကြီးခရိုင်၊ လှည်းကူးခရိုင်၊ မှော်ဘီခရိုင်နှင့် အင်းစိန်ခရိုင်တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးထင်ကျော်က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော အဆောက်အဦ၊ လမ်း၊ တံတား လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို အသေးစိတ်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။



**ကြိုးစားဆောင်ရွက်စေလို**

ယင်းသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တာဝန်ယူ ဆောင်ရွက်သော လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာန၏ အဓိကတာဝန်သည် ပြည်သူများ သွားလာရေးနှင့် နေထိုင်ရေး လွယ်ကူအဆင်ပြေစေရန် လမ်းပန်းဆက်သွယ်ရေးနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ကြိုးစားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်း စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ပြီး မိမိတိုင်းဒေသကြီး အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ လုပ်ငန်းအခက်အခဲ၊ ကိုယ်ရေးကိုယ်တာ အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းအချိန်မရွေးတင်ပြနိုင်ကြောင်းပြောကြားပြီးဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းအငယ် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးအောင်နိုင်ဦးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့ မန္တလေးရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များနှင့် တွေ့ဆုံဆွေးနွေး

**မန္တလေး ဖေဖော်ဝါရီ ၁၈**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌ မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေး ဝန်ကြီးဌာနနှင့် လုပ်ငန်း ဆက်စပ်နေသော မန္တလေးမြို့ရှိ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ အနုပညာရှင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် လုပ်ငန်းဆက်စပ်သော စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်း၍ တွေ့ဆုံဆွေးနွေးခြင်း ဖြစ်ပါကြောင်း၊ လက်ရှိနိုင်ငံရေးအခြေအနေနှင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ မန္တလေးမြို့ သန့်ရှင်းသာယာလှပမှု၊ စည်းကမ်းကျနမှုနှင့်အတူ တာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်း ဆောင်ရွက်နေမှု၊ ဆက်လက်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုပူးပေါင်း ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။(ယာပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နိုင်ငံတကာတွင် စီးပွားရေး အကျပ်အတည်းများ ရင်ဆိုင်ကြုံတွေ့နေရမှုနှင့် စီးပွားရေးမှ အစပြု၍ ပြိုလဲမသွားစေရန် ကျားကန် ရင်ဆိုင်နေရမှု၊ မြန်မာနိုင်ငံတွင်လည်း စီးပွားရေးအရ ပြိုလဲမှုမဖြစ်စေရန်အပြင် ဖွံ့ဖြိုးတိုးတက်စေရန် ရုန်းကန်ဆောင်ရွက်နေမှု၊ ကုန်သွယ်မှုလိုငွေ မဖြစ်စေရေး ကြိုတင်ကာကွယ် ဆောင်ရွက်နေမှု၊ သွင်းကုန်များ ချင့်ချိန်ဆောင်ရွက်နေမှုနှင့် ပို့ကုန်တိုးတက်စေရန် ဆောင်ရွက်နေမှု၊ ပြည်တွင်းအားကို အလေးထားပြီး စိုက်ပျိုးမွေးမြူရေးနှင့် အသေးစား၊ အလတ်စား၊ အငယ်စား စက်မှုလုပ်ငန်း(MSME)များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က နိုင်ငံတော် အစိုးရအနေဖြင့် “ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ ” ဆောင်ပုဒ်နှင့်အညီ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ ချမှတ်ပြီး လုပ်ငန်းများ အောင်မြင်စေရန် စနစ်တကျ စီမံဆောင်ရွက်လျက် ရှိပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး အနေဖြင့်လည်း တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များ အားလုံး ကိုယ်စား ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက်ဖြစ်ပေါ်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားမှုနှင့်အတူ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများသည် ရင်းရင်းနှီးနှီးဖြင့် အတူတကွ လက်ဖက်ရည် သုံးဆောင်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ပြင်ဦးလွင်မြို့ ထုံးဘိုကျေးရွာရှိ မြေဧရိယာ ၂ ဒသမ ၁၉ ဧကပေါ်တွင်၊ ဥဏ်တော်အမြင့် ၃၆ ပေဖြင့် တည်ဆောက်လျက်ရှိသော သီတဂူ ဆန်ချီစေတီတော်သို့ သွားရောက် ဖူးမြော်ကြည်ညိုပြီး သီတဂူဆရာတော်ဘဒ္ဒန္တဉာဏိဿရ အား ဖူးမြော်ကာ ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ထီးတော်တင်လှူပူဇော်မည့် အခြေအနေများနှင့် စပ်လျဉ်းပြီး လျှောက်ထား၍ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**






# မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဆတ်သွားကျေးရွာရှိ ဒေသခံပြည်သူများအား တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**မကွေး ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၇ ရက်က ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့မှ တောင်တွင်းကြီးမြို့နယ် ဆတ်သွားကျေးရွာရှိ ပေါ်တော်မူ ဆုတောင်းပြည့်ဘုရားကြီးကျောင်းဓမ္မာရုံ၌ ဒေသခံပြည်သူများ ဆေးဝါးကုသဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။(ယာပုံ)



ထို့အပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးကုသရန် လာရောက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍အားပေးစကားများ ပြောကြားကာ တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၃၅ သိန်း ပေးအပ်သည်။

အဆိုပါ ဆေးကုသရေးအဖွဲ့သည် ဆတ်သွားကျေးရွာရှိ ပေါ်တော်မူ ဆုတောင်းပြည့်ဘုရားကြီးကျောင်းဓမ္မာရုံ၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၄၂၇ ဦးအား ဆေးကုသမှု ပြုလုပ်ပေးရာတွင် ဆေးကုသမှု ဆိုင်ရာရောဂါ ၁၁၈ ဦး၊ ခွဲစိတ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ခုနစ်ဦး၊ သားဖွား/ မီးယပ်ရောဂါ ၁၂ ဦး၊ အရိုးရောဂါ ၁၁၀၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ ၁၆ဦး၊ မျက်စိရောဂါ ၈၂ ဦး၊ သွားရောဂါ ၁၃ဦးနှင့် အထွေထွေ ရောဂါ ၄၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက် လူနာ ၂၀၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၇ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် တပ်မတော် အထူးနယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား သွေးတိုးရောဂါနှင့် ဆီးချို သွေးချို ရောဂါများအကြောင်း ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါ ဆေးကုသရေးအဖွဲ့သည် ဆတ်သွားကျေးရွာရှိ ပေါ်တော်မူ ဆုတောင်းပြည့်ဘုရားကြီးကျောင်း ဓမ္မာရုံ၌ အခြေပြု၍ ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ရက်အထိ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မကွေးမြို့ သင်ကြားရေးဆေးရုံကြီးသို့ သွားရောက်ပြီး ဆေးရုံအုပ်ကြီး၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဆေးရုံကြီးအတွက် လိုအပ်ချက်၊ ဝန်ထမ်းများ၏ အခက်အခဲများနှင့် ပတ်သက်၍ မေးမြန်းကာ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများက ကုသရေးဆိုင်ရာ လိုအပ်ချက်များနှင့် ဝန်ထမ်းလိုအပ်ချက်များ စသည့် တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်သည်။ ထို့နောက် ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှု၍ ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှု ခံယူနေသူ လူနာများနှင့် တွေ့ဆုံကာ အားပေးစကားများ ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် လွိုင်လင်မြို့နှင့် မိုင်းယန်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရန်ကုန်(ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)တွင် ၆ ဒသမ ၈၉ လက်မ၊ သာပေါင်းမြို့တွင် ၃ ဒသမ ၂၈ လက်မ၊ ကျုံပျော်မြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ကြို့ပင်ကောက်မြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ရန်ကုန်(ဗိုလ်တထောင်မြို့နယ်)တွင် ၁ ဒသမ ၁၈ လက်မ၊တောင်ငူမြို့တွင် ၁ ဒသမ ၀၂ လက်မနှင့် ငပုတောမြို့နှင့် အင်္ဂပူမြို့တို့တွင် ၁ ဒသမ ၀၀ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# နယ်စပ်ကုန်သွယ်ရေးမှ ပို့ကုန်တင်ပို့မှုများ လွယ်ကူချောမွေ့စေရေး Vehicle Monitoring System အသုံးပြုစစ်ဆေး ကုန်ပစ္စည်းသယ်ဆောင်သည့် ယာဉ်များအတွက် QR Code ပါဝင်သည့် ပစ္စည်းသယ်ဆောင်ခွင့်လက်မှတ်ကို Online မှ လျှောက်ထားခွင့်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၁၈** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ တရားဝင်မှန်ကန်စွာ ဆောင်ရွက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပို့ကုန်တင်ပို့သည့်ယာဉ်များက ကုန်ပစ္စည်းများ သယ်ဆောင်တင်ပို့ရာတွင် စနစ်တကျရှိစေရေး အတွက်လည်းကောင်း၊ ကုန်ပစ္စည်းစစ်ဆေးခြင်းလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အတွက်လည်းကောင်း၊ ကုန်ပစ္စည်း သယ်ဆောင်ခွင့်လက်မှတ်များကို Vehicle Monitoring System ဖြင့် Online မှ စိစစ်ခွင့်ပြုပေးလျက်ရှိသည်။

အဆိုပါအစီအစဉ်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ပို့ကုန်ယာဉ်များက QR Code ကို အသုံးပြု၍ ကုန်ပစ္စည်း သယ်ဆောင်တင်ပို့နေခြင်းကို မန္တလေး ၁၆မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ သွားရောက်စစ်ဆေးသည်။

ထိုသို့ စစ်ဆေးကြည့်ရှုစဉ် ပို့ကုန်ပစ္စည်းများကို နယ်စပ်မှတင်ပို့ရာတွင် ကုန်ပစ္စည်းသယ်ဆောင်သည့် ယာဉ်များအတွက် QR Code ပါဝင်သည့် ပစ္စည်းသယ်ဆောင်ခွင့်လက်မှတ်ကို Online မှ လျှောက်ထားခွင့်ပြုနေသည့် အစီအစဉ်များ၊ စစ်ဆေးဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခြေအနေများကိုလည်းကောင်း၊ အဆိုပါအစီအစဉ်နှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ထုတ်ပြန်ချက်များကိုလည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပို့ကုန်လုပ်ငန်းရှင်များ၊ ယာဉ်မောင်းများနှင့်တွေ့ဆုံကာ အခက်အခဲများ မေးမြန်းညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။(ယာပုံ)

**သတင်းစဉ်**





# (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈** (၇၈)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ စတင်ကျင်းပရာ (၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် ထိန်လင်း၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ နံနက်ပိုင်းပွဲစဉ်များအဖြစ် (က)အဆင့် ပြိုင်ပွဲမှ စစ်တက္ကသိုလ် ကိုယ်စားပြုအသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြုအသင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြုအသင်းတို့က လည်းကောင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) တပ်ခွဲအသင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ် (၁) တပ်ခွဲအသင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) တပ်ခွဲအသင်းတို့ ယှဉ်ပြိုင်ကြသည်။

ညနေပိုင်း ပွဲစဉ်များအဖြစ် (ခ)အဆင့်ပြိုင်ပွဲမှ အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြုအသင်း၊ အမှတ် (၂၂) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုအသင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) တပ်ခွဲအသင်း၊ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သန့်ရှင်းသာယာသော မြို့/ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈** ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဒေသခံ ပြည်သူများအားလုံးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာ လှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့၌လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့၌လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့နှင့် သံတောင်ကြီးမြို့တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၄၅မြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈မြို့နယ်တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။



ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိ လူငယ်၊ လူရွယ်များ စုစည်း၍ "မြို့ရွာ သန့်ရှင်းရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး အမရပူရမြို့နယ် တောင်သမန်အင်းပတ်ဝန်းကျင်၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာကို ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူ၍ စနစ်တကျအမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ ဒုတိယတိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်အစိုးရ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများ ထုတ်ယူသုံးစွဲရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

စစ်တွေ ဖေဖော်ဝါရီ ၁၈

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများ ထုတ်ယူသုံးစွဲရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၃)ကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ရခိုင်ပြည်နယ်အတွက် ငွေကျပ် ၁၀ ဘီလီယံ ခွင့်ပြုချထားပေးသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ပြီး ယနေ့ အစည်းအဝေးကို ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်မှ ထောက်ပံ့ပေးသော ငွေကျပ် ၁၀ ဘီလီယံကို ပြည်နယ်အတွင်း စီးပွားရေးကဏ္ဍတွင် ထည့်သွင်းလည်ပတ်နိုင်မည်ဆိုလျှင် ပြည်နယ်၏ ငွေစီးဆင်းမှုပမာဏ ၁၀ ဘီလီယံ များပြားလာမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ပေးကြရန် မှာကြားလိုကြောင်း၊ မတည်ထောက်ပံ့ငွေများ ထုတ်ချေးရာတွင် နိုင်ငံတော်က ထုတ်ပြန်ထားသည့် မူဝါဒ၊ လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူများလက်ဝယ်အရောက် အမြန်ထုတ်ချေးပေးနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျရာကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများ ထုတ်ယူသုံးစွဲရေးဆိုင်ရာကိစ္စနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ရှင်းလင်းတင်ပြရာ ပြည်နယ် အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများ ထုတ်ယူသုံးစွဲရေး လုပ်ငန်းနှင့် ပတ်သက်၍ မြန်မြန်ဆန်ဆန် အကောင်အထည် ဖော်နိုင်ရေး ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **တင်ထွန်း(ပြန်/ဆက်)**

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

# ကချင်ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးမွေးမြူရေးနှင့် MSME ကုန်ထုတ်လုပ်မှုများ တိုးတက်မြင့်မားရေး ခရိုင်အလိုက် ကွင်းဆင်းဆောင်ရွက်



မိုးညှင်း ဖေဖော်ဝါရီ ၁၈

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် MSME ကုန်ထုတ်လုပ်မှုများ တိုးတက်မြင့်မားလာစေရေးအတွက် ခရိုင်အလိုက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၈ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် မိုးညှင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာအတွင်းရှိ ဘိုးဘွားရိပ်သာနှင့် ကျောက်ကပ်ဆေးရုံသို့သွားရောက်ပြီး ဆရာတော် ဦးစန္ဒော ဦးဆောင်၍ ကျောက်ကပ်ဆေးလူနာများအား ကျောက်ကပ်ဆေးစက်ဖြင့် ကုသပေးနေမှုအခြေအနေနှင့် လူနာလက်ခံကုသနိုင်မှုအခြေအနေများကို မေးမြန်းလျှောက်ထားတင်ပြပြီး ကျောက်ကပ်ဆေးလူနာအားရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် မိုးညှင်းမြို့ သိမ်အင်းရပ်ကွက်အတွင်းရှိ ဦးကျော်ဆီစက်သို့ သွားရောက်ပြီး ဆီစက်အတွင်း မြေပဲဆီလည်ပတ်ထုတ်လုပ်နေမှု အခြေအနေများနှင့် ဆန်စက်လည်ပတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး(အပေါ်ပုံ) MSME လုပ်ငန်းမှတ်ပုံတင်ရရှိရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရင်းနှီးမတည်ထောက်ပံ့ပေးနိုင်သည့် အခြေအနေများနှင့် ဈေးကွက်ရှာဖွေပေးနိုင်သည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၄၅ ဒသမ ၇၉၃ သန်းဖြင့် တည်ဆောက်လျက်ရှိသည့် စက်မှုလက်မှုနှင့် စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း ၉၆ ပေ၊ ၁၁၈ ပေရှိ စာသင်ဆောင်သစ် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာသင်ဆောင်မျက်နှာကြက်နှင့် အမိုးများ ပျက်စီးယိုယွင်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြင်ဆင်ဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဖြူစင်ရေသန့်စက်ရုံသို့ သွားရောက်ပြီး ရေသန့်စက်ရုံ လည်ပတ်နေမှုအခြေအနေ၊ ဈေးကွက်အခြေအနေတို့ကို မေးမြန်းဆွေးနွေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထိုမှတစ်ဆင့် အမှတ်(၁) အခြေခံပညာကျောင်းဝင်းအတွင်း ပြည်နယ်ဝန်ကြီးချုပ်၏ လှူဒါန်းမှုဖြင့် ဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ကြက်တောင်ကွင်းနှင့် ဘော်လီဘောကွင်းတို့တွင် ကွန်ကရစ်အခင်း ထပ်မံခင်းကျင်းပေးနိုင်ရေး ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

---



# အမ်းမြို့နယ်၌ ဆောင်းနေကြာ စံကွက်ရိတ်သိမ်းပွဲကျင်းပ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၂၅ တင်းကျော် ထွက်ရှိ

**အမ်း ဖေဖော်ဝါရီ ၁၈**

ရခိုင်ပြည်နယ် အမ်းမြို့နယ် တိုက်မော်ကျေးရွာအုပ်စုတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် အကျိုးဆောင်တောင်သူ ဒေါ်သိန်းကြွယ်တို့ ပူးပေါင်းဆောင်ရွက်ထားသော ဆောင်းနေကြာ စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

ဆောင်းနေကြာ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်ထက်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မောင်မောင်ခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်အဖွဲ့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းဇော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ ပူးပေါင်း၍ ဆောင်းနေကြာ စိုက်ခင်းကို ရိတ်သိမ်းခဲ့ရာ စံကွက် တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၂၅ ဒသမ ၃၈ တင်း ထွက်ရှိကြောင်း သိရသည်။ **စိုးမင်းထွန်း(ပြန်/ဆက်)**

---

# လူမှုရေးပင်စင်ထောက်ပံ့

**ဆွမ်ပရာဘွမ် ဖေဖော်ဝါရီ ၁၈**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့တွင် အသက် ၈၅ နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ခြင်းကို ယမန်နေ့က အိမ်တိုင်ရာရောက်ထောက်ပံ့သည်။

ဆွမ်ပရာဘွမ်မြို့၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ(တတိယ) သုံးလပတ်အတွက် မြို့ပေါ်သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စုကိုးအုပ်စုရှိ ကျေးရွာများမှ အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွား ၁၇ ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ထောက်ပံ့ပေးအပ်ရာ စုစုပေါင်း ငွေကျပ် ၅၁၀၀၀၀ ကိုထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**ပေရယ်မိုး(ဆွမ်ပရာဘွမ်)**

---

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# တောင်ကိုရီးယားနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဆောင်ရွက်ချက်များကို လေ့လာခြင်း

ခန့်ဇော်(ကျေးလက်)

တောင်ကိုရီးယားနိုင်ငံသည် တည်နေရာအနေအထားအရ အရှေ့အာရှဒေသ ကိုရီးယားကျွန်းဆွယ်တွင် တည်ရှိပြီး ဧရိယာစတုရန်းကီလိုမီတာ ၁၀၀၂၁၀ ကျယ်ဝန်းသည်။ လက်ရှိ ၂၀၂၃ ခုနှစ်တွင် လူဦးရေ ၅၁ ဒသမ ၃ သန်းရှိပြီး ကျေးလက်ဒေသတွင် လူဦးရေ ၉ ဒသမ ၆ သန်းရှိသည်။ ၁၉၄၅ ခုနှစ်တွင် ဂျပန်လက်အောက်မှ လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၅၀-၁၉၅၃ ခုနှစ်တွင် ပြည်တွင်းစစ်ဖြစ်ပွားပြီးနောက် တောင်ကိုရီးယားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံဟူ၍ နှစ်နိုင်ငံ ကွဲသွားခဲ့သည်။ ၁၉၆၁ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ပတ်ချုံဟီး အုပ်ချုပ်ခဲ့သည့်ကာလအတွင်း တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးမှာ စတင်တိုးတက်လာခဲ့သည်။ သဘာဝသယံဇာတရှားပါးသောနိုင်ငံဖြစ်ပြီး ကျောက်မီးသွေး၊ တန်စတင်၊ ခဲနှင့် ထုံးကျောက်တို့သာ အဓိကထွက်ရှိသည်။ ၁၉၆၀ ပြည့်နှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ တစ်ဦးကျ ဝင်ငွေသည် ၇၉ ဒေါ်လာမျှသာရှိသည့်အတွက် ထိုစဉ်က အာဖရိကရှိ ဆာဟာရဒေသနှင့် လက်တင်အမေရိကရှိ ဖွံ့ဖြိုးဆဲနိုင်ငံများထက်ပင် လျော့နည်းခဲ့ကြောင်း တွေ့ရသည်။

၁၉၅၃ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလများတွင် နိုင်ငံတကာထောက်ပံ့မှုများအပေါ်၌သာ အဓိက မှီခိုခဲ့ရပြီး ထိုနှစ်များတွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ထောက်ပံ့မှုသည် နိုင်ငံသွင်းကုန်၏ ၇၀ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ ထိရောက်သော စီးပွားရေးမူဝါဒများ ချမှတ်ဆောင်ရွက်နိုင်ခြင်း မရှိသေးသည့်ကာလဟု ဆိုရပါမည်။

၁၉၆၀ ပြည့်နှစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအနက် မြေယာပြုပြင်ပြောင်းလဲမှုကတော့ ထင်ရှားခဲ့သည်။ လယ်လုပ်သူ လယ်ပိုင်ဆိုင်ခွင့်ပေးခြင်းဖြင့် ၎င်းတို့၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရာရောက်ခဲ့သည့်အပြင် စီးပွားရေးဖွံ့ဖြိုးမှုအတွက်လည်း များစွာအထောက်အကူ ဖြစ်စေခဲ့သည်။ ဆင်းရဲမှုလျှော့ချရေးအတွက် လူမှုဖူလုံရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သလို အခွန်များလျှော့ချခြင်း၊ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များကို ထောက်ပံ့ပေးသည့် အစီအစဉ်များကိုပါ ဆောင်ရွက်ခဲ့သည်။ စီးပွားရေး စီမံကိန်းများနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လယ်သမားများ၏ ဝင်ငွေတိုးတက်ရရှိရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ပို့ကုန်မြှင့်တင်ရေး၊ နည်းပညာတိုးတက်ရေးနှင့် စွမ်းအင်ဖြည့်ဆည်းရေးတို့ကို အထူးဦးစားပေး ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

၁၉၆၁ ခုနှစ်တွင် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် တပ်မတော်က အာဏာသိမ်းယူကာ ဘဏ္ဍာရေးမူဝါဒ (Fiscal Policy)နှင့် ငွေကြေးမူဝါဒ (Monetary Policy)များ ချမှတ်ကျင့်သုံး၍ စီးပွားရေးပြန်လည်ကောင်းမွန်စေရန် ကြိုးပမ်းခဲ့သည်။ ပထမငါးနှစ်စီမံကိန်းအနေဖြင့် အထည်အလိပ်လုပ်ငန်းကို ဦးစွာမြှင့်တင်ခဲ့ပြီး ၁၉၆၇ ခုနှစ်မှ ၁၉၇၁ ခုနှစ်များတွင်မူ ဒုတိယငါးနှစ်စီမံကိန်းကို ချမှတ်ခဲ့၍ အကြီးစားစက်မှုလုပ်ငန်းများကို မြှင့်တင်ခဲ့သည်။ ထို့ပြင် ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်၍ ကုန်သွယ်ရေးကဏ္ဍကို ဖွင့်လှစ်အားပေးခဲ့သည်။

**"ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု အတွေ့အကြုံကောင်းများ"**အဖြစ် ကျေးလက်ဘက်စုံဖွံ့ဖြိုးမှု (Integrated Rural Development-IRD) ဆိုင်ရာမူဝါဒများကို စတင်မိတ်ဆက်လာခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် IRD သည် ကျေးလက်ရပ်ရွာအဆင့်တွင် ပြည့်စုံသော ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့်




၂၀၁၈ ခုနှစ်အတွင်းက သန်လျင် သမဝါယမတက္ကသိုလ်၌ ကျင်းပသည့် မြန်မာနိုင်ငံ ကျေးရွာသစ်စီမံကိန်း (ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း) ခေါင်းဆောင်များ အလုပ်ရုံဆွေးနွေးပွဲတစ်ခု။

ကျေးလက်ဒေသ လူနေမှုပတ်ဝန်းကျင်ကို ပိုမိုတိုးတက်ကောင်းမွန်စေခြင်း၊ ကျေးလက်ဒေသစက်မှု ဖွံ့ဖြိုးစေခြင်းနှင့် လယ်ယာလုပ်ငန်းမဟုတ်သည့်ဝင်ငွေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် ကျေးလက်ဘက်စုံဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် စက်မှုဖွံ့ဖြိုးရေးကို မြှင့်တင်ခြင်းနှင့် လူနေမှုပတ်ဝန်းကျင်နှင့် လူ့ဘဝအရည်အသွေးကို တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

### ကျေးရွာဖွံ့ဖြိုးမှုပုံစံ-၁၊ လူ့အဖွဲ့အစည်းဖွံ့ဖြိုးရေး အစီအစဉ်

ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစီမံခန့်ခွဲရေးအဖွဲ့ (International Cooperation Administration-ICA) တို့မှ **"ကျေးရွာဖွံ့ဖြိုးမှုပုံစံ-၁၊ လူ့အဖွဲ့အစည်းဖွံ့ဖြိုးရေး အစီအစဉ်"** ကို ၁၉၅၈ ခုနှစ်တွင် စတင်ခဲ့ပြီး လယ်သမား အများဆုံးနေထိုင်သော ရွာများကို ရွေးပြေးအဖြစ် ရွေးချယ်ခဲ့သည်။ ဖွံ့ဖြိုးမှုအစီအစဉ်ပြင်ဆင်ရန်နှင့် ရွာသားများကိုယ်တိုင် အကောင်အထည်ဖော်နိုင်ရန် ရွာအသီးသီးတွင် ဖွံ့ဖြိုးရေးအဖွဲ့များ ဖွဲ့စည်းခဲ့ကြပြီး အစိုးရကနည်းပညာနှင့်ငွေကြေးအကူအညီများ ပေးခဲ့သည်။ လူထုဖွံ့ဖြိုးမှုစီမံကိန်းများတွင် မိမိကိုယ်ကို ကူညီခြင်းနှင့် အထောက်အပံ့ရယူခြင်းဟူ၍ နှစ်မျိုးရှိပြီး ပထမတစ်မျိုးမှာ ရပ်ရွာလူထု၏အားထုတ်မှု၊ အရင်းအမြစ်များနှင့် နည်းပညာများဖြင့် ပြင်ပအကူအညီမပါဘဲ ကိုယ့်အားကိုယ်ကိုး ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်းဖြစ်ပြီး အထောက်အပံ့ရယူခြင်းဆိုသည်မှာ အစိုးရနှင့် အခြားအဖွဲ့အစည်းများမှ ရပ်ရွာလူထုသို့ထောက်ပံ့သည့် ငွေကြေးနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများ ရယူဆောင်ရွက်ခြင်းဖြစ်သည်။ ရပ်ရွာလူထုအနေဖြင့် ကိုယ်တိုင်ဖွဲ့စည်းနိုင်မှုနှင့် ဒီမိုကရေစီလုပ်ထုံးလုပ်နည်းများကို ကျေးလက်ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များမှတစ်ဆင့် လေ့လာနိုင်စေပြီး ယင်းလုပ်ငန်းစဉ်များနှင့် ဆက်စပ်စီမံကိန်းများမှ တစ်ဆင့် ရပ်ရွာလူထု၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းဖြစ်သည်။

### ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးရွာသစ်ဖြစ်တည်ရေး လှုပ်ရှားမှု

၁၉၆၂ ခုနှစ်မှစ၍ အလျင်အမြန် စီးပွားရေးတိုးတက်လာခဲ့ပြီး ရလဒ်အဖြစ် ကျေးလက်နှင့် မြို့ပြ ဝင်ငွေကွာဟချက် ကြီးမားခဲ့သည်။ ၁၉၆၇ ခုနှစ်မှစ၍ လယ်ယာလုပ်ကိုင်သူအများအပြား မြို့ပြသို့ ပြောင်းရွှေ့လာခဲ့ခြင်းကြောင့် မြို့ပြနှင့် ကျေးလက်ကဏ္ဍနှစ်ခုလုံးအတွက် အလွန်ကြီးမားသော ဖိအားကို ဖြစ်စေခဲ့သည်။ ထို့ကြောင့် ကျေးလက်နေလူထုအား စိုက်ပျိုးရေးဖြင့် အသက်မွေးနိုင်ရေးအတွက် အခြေခံအုတ်မြစ်ချပေးရန်နှင့် လယ်ယာကဏ္ဍဝင်ငွေကို မြှင့်တင်ရန် ဗျူဟာတစ်ရပ် လိုအပ်လာခဲ့သည်။

### "ဆယ်မာအူးလ်အွန်ဒုံ" (Saemaul Undong- SMU)

ကိုရီးယားဘာသာစကားတွင် "ဆယ်" သည် ယခင်အတွေ့အကြုံများအပေါ် အခြေခံ၍ အရှိန်အဟုန်ဖြင့် အသစ်ဖန်တီးခြင်းဖြစ်ပြီး "မာ" မှာမူ ဒေသနှင့် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်သည်။ ထို့ကြောင့် ဆယ်မာအူးလ်အွန်ဒုံသည် ခေတ်မီဖွံ့ဖြိုးသည့် ကျေးရွာသစ် သို့မဟုတ် လူ့အဖွဲ့အစည်းအသစ်ဖြစ်တည်ရေး လှုပ်ရှားမှုပင်ဖြစ်သည်။ ကျေးရွာသစ် ဖြစ်တည်ရေးလှုပ်ရှားမှုသည် လူ့အဖွဲ့အစည်း ခေတ်မီဖွံ့ဖြိုးလာစေရေး အဓိကပံ့ပိုးရန်ဖြစ်ပြီး တစ်ဦးချင်း၏ လူမှုဘဝအတွက်သာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံးပါဝင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ကျေးရွာသစ်ဖွံ့ဖြိုးရေးလှုပ်ရှားမှုကို သမ္မတပတ်ချုံဟီးလက်ထက် ၁၉၇၀ ပြည့်နှစ် ဧပြီ ၂၂ ရက်တွင် စတင်ခဲ့ပြီး အခြေခံအဆင့်၊ မြှင့်တင်ခြင်းအဆင့်၊ တက်ကြွစွာအကောင်အထည်ဖော်မှုအဆင့်၊ ခိုင်မာမှုအဆင့်နှင့် အလိုအလျောက် တိုးတက်မှုအဆင့်ဟူ၍ အဆင့်ငါးဆင့် ခွဲထားသည်။

အစိုးရက ရှေ့ပြေးစီမံကိန်းနှင့် အခြေခံအဆင့်ကို ဆောင်ရွက်ပြီး ဒေသအစိုးရနှင့် ဒေသခံပြည်သူများက မြှင့်တင်ခြင်းအဆင့်ကို ဆက်လက်ဆောင်ရွက်သည်။ အခြေခံအဆောက်အအုံဖွံ့ဖြိုးမှု၊ သဘောထားပြုပြင်ပြောင်းလဲမှု၊ ဝင်ငွေရစီမံကိန်းအစပျိုးခြင်း၊ ချေးငွေစီမံကိန်းစတင်ခြင်း၊ စီမံကိန်းတိုးချဲ့ခြင်း၊ မြို့ပြအထိ ဈေးကွက်ချဲ့ထွင်ခြင်း၊ လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးခြင်း၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးမြှင့်တင်ခြင်း၊ ကောင်းမွန်သော ပတ်ဝန်းကျင်နှင့် စီးပွားရေးတည်ငြိမ်မှုအတွက် ဆောင်ရွက်ခြင်းနှင့် ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းဝန်းကျင်ကို ထူထောင်ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး အဆင့် (၁)မှာ လေးနှစ်ခန့်ကြာမြင့်၍ အဆင့် (၂)နှင့် (၃)တို့မှာမူ သုံးနှစ်ကြာမြင့်ပြီး အဆင့်(၄)မှာ ၁၀ နှစ်ခန့် ကြာမြင့်သည်။ အဆင့်(၅)မှာ ကိုးနှစ်ခန့် ကြာမြင့်ခဲ့သည်။ အဆင့်တစ်ခုစီတွင် လက္ခဏာရပ်၊ စံနှုန်း၊ ရည်မှန်းချက်၊ စီမံကိန်း၊ ဖွဲ့စည်းပုံနှင့် လုပ်ဆောင်ချက်တို့ အမျိုးမျိုးရှိပြီး စနစ်ကျနသည့် စီမံကိန်းတစ်ခုဖြစ်သည်။

ကျေးရွာသစ်ဖြစ်တည်ရေးလှုပ်ရှားမှု၏ အဓိကအင်အားစုတစ်ခုမှာ အစိုးရ၏ ပါဝင်မှုနှင့် ပံ့ပိုးမှုဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍ ဝင်ငွေမြှင့်တင်နိုင်ရန် ဂျင်ဆင်း၊ ဆေးရွက်ကြီးကဲ့သို့သော ငွေရလွယ်သည့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ ဖန်လုံအိမ်စိုက်ပျိုးနည်း ဆောင်ရွက်ပေးခြင်းအပြင် လယ်ယာလုပ်ငန်းပြင်ပ၌ လယ်သမားများ ဝင်ငွေတိုးတက်စေရန် စက်မှုလုပ်ငန်းများကို ကျေးလက်ဒေသများ၌ ဆောင်ရွက်စေခဲ့သည်။ စိုက်ပျိုးချိန်ပြီးဆုံးပါက စက်ရုံများ၌ လုပ်ကိုင်ခြင်းဖြင့် အလုပ်အကိုင်များရရှိ၍ ဝင်ငွေတိုးစေခဲ့သည်။ ဤသို့ဖြင့် ကျေးလက်နေပြည်သူများအား "လုပ်နိုင်ရမည်" ဟူသည့် **"Can Do Spirit"** စိတ်ကို မွေးမြူပေးနိုင်ခဲ့သည်။

စိုက်ပျိုးထွက်ကုန်ထုတ်လုပ်ရေး၊ အခြေခံအဆောက်အအုံကို မြှင့်တင်ရေးနှင့် သက်သာချောင်ချိရေးတို့ကို စီမံကိန်းများအဖြစ် ခွဲထုတ်ခဲ့သည်။ ရလဒ်အဖြစ် လယ်သမားမိသားစု၏ ဝင်ငွေသည် ၁၉၇၁ ခုနှစ်တွင် မြို့ပြအလုပ်သမားဝင်ငွေ၏ ၇၈ ဒသမ ၈ ရာခိုင်နှုန်းနှင့်ညီမျှနေရာမှ ၁၉၈၂ ခုနှစ်တွင် ၁၀၃ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး ၁၀ နှစ်အတွင်း မြို့ပြနေအလုပ်သမားများ၏ ဝင်ငွေထက် မြင့်တက်လာခဲ့သည်။ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုမှာ ၁၉၆၇ ခုနှစ်တွင် ၃၄ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၁၉၈၉ ခုနှစ်တွင် ခုနစ်ရာခိုင်နှုန်းသာ ကျန်ရှိပါတော့သည်။

ရရှိထားသော ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အထောက်အပံ့များကို ထိန်းသိမ်းရေး၊ တိုးတက်စေရန် ဆောင်ရွက်ရေးတို့ကို ကိုယ်ထူကိုယ်ထစိတ်ဓာတ်ဖြင့် ဦးစားပေးဆောင်ရွက်ခဲ့ကြပြီး ခေါင်းဆောင်မှုအတွက် သင်တန်းများပေးခြင်း၊ လေ့ကျင့်ရင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ အချင်းချင်း အပြန်အလှန်သင်ယူခြင်း၊ ဆွေးနွေးပွဲများ ကျင်းပပေးခြင်း၊ အစုအဖွဲ့များအလိုက် ပြဿနာဖြေရှင်းမှု ပြုစေခြင်းတို့ဖြင့် အခက်အခဲများကိုလည်း ဖြေရှင်းစေခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ စပါးစိုက်ပျိုးမှုသည် တစ်ဟက်တာလျှင် မက်ထရစ် တန် ၅ ဒသမ ၁၈ ထွက်၍ ကမ္ဘာ့စံချိန်ကို ချိုးနိုင်ခဲ့သည်။

*စာမျက်နှာ ၁၁ သို့*

**❑ စိုက်ပျိုးရေးကဏ္ဍ ဝင်ငွေမြှင့်တင်နိုင်ရန် ဂျင်ဆင်း၊ ဆေးရွက်ကြီးကဲ့သို့သော ငွေရလွယ်သည့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ ဖန်လုံအိမ်စိုက်ပျိုးနည်း ဆောင်ရွက်ပေးခြင်းအပြင် လယ်ယာလုပ်ငန်းပြင်ပ၌ လယ်သမားများ ဝင်ငွေတိုးတက်စေရန် စက်မှုလုပ်ငန်းများကို ကျေးလက်ဒေသများ၌ ဆောင်ရွက်စေခဲ့သည်။ စိုက်ပျိုးချိန်ပြီးဆုံးပါက စက်ရုံများ၌ လုပ်ကိုင်ခြင်းဖြင့် အလုပ်အကိုင်များရရှိ၍ ဝင်ငွေတိုးစေခဲ့သည်။ ဤသို့ဖြင့် ကျေးလက်နေပြည်သူများအား "လုပ်နိုင်ရမည်" ဟူသည့် "Can Do Spirit" စိတ်ကို မွေးမြူပေးနိုင်ခဲ့သည်**

*စာမျက်နှာ ၁၀ မှ*

ကျေးရွာသစ်ဖြစ်တည်ရေးလှုပ်ရှားမှု အောင်မြင်ရသည့် အကြောင်းအရင်းများမှာ ကျေးရွာခေါင်းဆောင်များအနေဖြင့် ကြိုးပမ်းအားထုတ်မှုရှိခြင်းနှင့် အမြဲမပြတ် ခေါင်းဆောင်မှုပေးနိုင်ခြင်း၊ ခေါင်းဆောင်မှုနှင့် ဆက်စပ်သည့် ပညာအရည်အချင်းရှိခြင်း၊ ကျေးလက်နေ ပြည်သူလူထုအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် အသိတရားရှိခြင်း၊ အစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယှဉ်ပြိုင်မှုကို လှုံ့ဆော်ပေးခြင်း၊ ခိုင်မာသော အထောက်အပံ့များပေးခြင်းနှင့် အဆင့်ဆင့် ခေါင်းဆောင်မှု အားကောင်းခြင်း၊ မဟာဗျူဟာများကို ထိရောက်စွာ အသုံးချနိုင်ခြင်း၊ လူမှုပညာရေးစနစ်သစ်ကို ချမှတ်နိုင်ခြင်း၊ ဒေသခံနှင့် ပြည်သူလူထု၏ ဘုံအကျိုးစီးပွားအတွက် ထုတ်ကုန်နှင့် ဝင်ငွေမြင့်မားရန် ဆောင်ရွက်ခြင်းတို့ကြောင့် ဖြစ်သည်။

**စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း**

အစောပိုင်း စီးပွားရေးစီမံကိန်းများသည် စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံတို့အပေါ် အသားပေးခဲ့ပြီး နောက်ပိုင်းတွင် အသေးစားစက်မှုလုပ်ငန်း၊ အီလက်ထရွန်နစ်၊ အကြီးစားနှင့် ဓာတုစက်မှုလုပ်ငန်းများစသည်ဖြင့် အစဉ်လိုက်အတိုင်း အသားပေးမှု ပြောင်းလဲလာခဲ့သည်။ အဆိုပါ မဟာဗျူဟာများ အသုံးပြုခြင်းအားဖြင့် ပို့ကုန်အလေးပေးစီးပွားရေးမှာ တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ၁၉၇၀ ပြည့်နှစ် နှောင်းပိုင်းကာလများမှစ၍ နိုင်ငံ့စီးပွားရေး၏ ထုတ်လုပ်မှုကဏ္ဍတွင် လုပ်ငန်းကြီးများ၏ လွှမ်းမိုးမှု တဖြည်းဖြည်း လျော့ကျလာခဲ့ပြီး အသေးစားစက်မှုလက်မှု(SMEs) ကဏ္ဍမှာ တဖြည်းဖြည်း ကျယ်ပြန့်လာခဲ့သည်။

သမ္မတကင်ဒေးဂျုံ လက်ထက်တွင် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအား ဆက်လက်တွန်းအားပေးဆောင်ရွက်ခဲ့ပြီး နိုင်ငံ၏ဖွံ့ဖြိုးမှုနှုန်းကို ၁၉၉၀ ပြည့်နှစ်တွင် ၉ ဒသမ ၈၁ ရာခိုင်နှုန်း၊ ၂၀၀၀ ပြည့်နှစ်တွင် ၈ ဒသမ ၉၂ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၁၇ ခုနှစ်တွင် ၃ ဒသမ ၁ ရာခိုင်နှုန်းသို့ တိုးမြှင့်နိုင်ခဲ့၍ အာရှဒေသအတွင်း စီးပွားရေးဖြန့်ကြက်မှု အားကောင်းသော နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ လုပ်သားဈေးကွက်ပြုပြင်ပြောင်းလဲမှု (Labour Market Reform)၊ ချေဘိုးပြုပြင်ပြောင်းလဲမှု (Chaebol Reform)၊ ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှု (Financial Reform)၊ ပြည်သူ့ဝန်ဆောင်မှုကဏ္ဍ ပြုပြင်ပြောင်းလဲရေး (Public Sector Reform) တို့ကို ဆောင်ရွက်ခဲ့သည်။ ထိုပြုပြင်ပြောင်းလဲရေးများကို ခေတ်ရေစီးကြောင်းနှင့် ကိုက်ညီစွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယနေ့ခေတ်တွင် ကမ္ဘာပေါ်မှာ ထင်ရှားပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခုအဖြစ် ရပ်တည်နေနိုင်ပြီဖြစ်သည်။

ထို့အပြင် ခေတ်မီနည်းပညာများ ဖွံ့ဖြိုးစေရေးအတွက်လည်း အစိုးရတာဝန်ရှိသူများ၊ ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်း၍ စက်ရုပ်ကဲ့သို့သော စက်မှုအီလက်ထရွန်နစ်ဆိုင်ရာ လုပ်ငန်းများ၊ ဇီဝနည်းပညာရပ်များ၊ မိုက်ခရိုအီလက်ထရွန်နစ်များ၊ အဏုဓာတုဗေဒများနှင့် အာကာသဆိုင်ရာ အင်ဂျင်နီယာစသော ခေတ်မီနည်းပညာထုတ်ကုန်များ တိုးမြှင့်ရန် ဆောင်ရွက်ခဲ့ကြသည်။ အီလက်ထရွန်နစ်၊ ချည်မျှင်နှင့် အထည်၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းနှင့် စတီးလုပ်ငန်းများသည် အရေးကြီးထုတ်ကုန်အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ နိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပုံမှန်စီးဝင်နိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်ခဲ့သဖြင့် ပြည်ပပို့ကုန်တိုးမြှင့်မှု မြင့်မားလာခဲ့ပြီး နိုင်ငံ့ဝင်ငွေလည်း သိသာစွာ တိုးတက်လာခဲ့သည်။ ထို့ပြင် ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်းများတွင်လည်း အောင်မြင်မှုများ ရရှိခဲ့သည်။ ထိုသို့ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့မှုများကြောင့် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် အာရှတိုက်၏ စတုတ္ထအင်အားအကြီးဆုံးဖြစ်လာခဲ့ပြီး နိုင်ငံတကာ၌ အဆင့်(၁၁) နေရာသို့ ရောက်ရှိလာခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ၏ ၂၀၁၇ ခုနှစ် GDP မှာ အမေရိကန် ဒေါ်လာ ၁၅၃၁ ဘီလီယံ ဖြစ်သည်။

**❝ မြန်မာနိုင်ငံမှာ SMU ကျေးရွာသစ်စီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် Korea International Agency - KOICA ပူးပေါင်းပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ပြည်နယ်/တိုင်းဒေသကြီး ၁၀ ခုမှာ ကျေးရွာပေါင်း ၁၀ ရွာကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ စီမံကိန်းမှ ကျေးရွာနေပြည်သူများ ပူးပေါင်းပါဝင်ပြီး အခြေခံအဆောက်အအုံအပါအဝင် လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ စီမံချက်ရေးဆွဲ၍ ပြည်သူများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြစ်သည် ❞**

တောင်ကိုရီးယားနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အောင်မြင်ရသည့်အကြောင်းအရင်းများကိုလေ့လာသုံးသပ်ခဲ့ရာ အောက်ပါအချက်များကို သတိပြုမိခဲ့သည်-

(က) ဆယ်မာအူးလ်အွန်ဒုံ (SMU) ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း Design ကောင်းမွန်ခြင်း၊ နိုင်ငံ့ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံ့အဆင့်လုပ်ငန်းစဉ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံတကာသို့ မျှဝေပေးနိုင်သည်အထိ အောင်မြင်ခဲ့ခြင်း၊

(ခ) သယံဇာတ အရင်းအမြစ် ရှားပါးမှုကြောင့် “လုပ်မှရမယ်၊ လုပ်ရင်ရတယ်၊ လုပ်ရင်ဖြစ်တယ်၊ လုပ်နိုင်တယ်”ဆိုသည့် အသိစိတ်ဓာတ် နိုင်ငံသားအားလုံးတွင် ရှိခြင်း၊

(ဂ) ကျေးရွာအားလုံးတွင်ရှိသည့် ခေါင်းဆောင်များ၏ ခေါင်းဆောင်မှုကောင်းမွန်ခြင်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို အစိုးရမှ လှုံ့ဆော်မြှင့်တင်ပေးနိုင်မှုရှိခြင်း၊

(ဃ) လယ်ယာပြင်ပ အလုပ်အကိုင်ဖန်တီးပေးနိုင်ခြင်းဖြစ်သည့်စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်း။

**မြန်မာနိုင်ငံနှင့် ဆယ်မာအူးလ်အွန်ဒုံ (SMU Model)**

မြန်မာနိုင်ငံတွင် SMU ကျေးရွာသစ်စီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် Korea International Agency – KOICA ပူးပေါင်းပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ပြည်နယ်/ တိုင်းဒေသကြီး ၁၀ ခု၌ ကျေးရွာပေါင်း ၁၀ ရွာကိုအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ စီမံကိန်းမှ ကျေးရွာနေပြည်သူများ ပူးပေါင်းပါဝင်ပြီး အခြေခံအဆောက်အအုံ အပါအဝင် လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ စီမံချက်ရေးဆွဲ၍ ပြည်သူများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ကျေးရွာသူကျေးရွာသားများ ပိုင်ရှင်စိတ်ဓာတ်ရှိခြင်းနှင့် ဆန္ဒအလျောက် ပူးပေါင်းပါဝင်လာခြင်း၊ SMU စိတ်ဓာတ်၊ ခေါင်းဆောင်မှု၊ ယှဉ်ပြိုင်ခြင်းနှင့် နိုင်ငံတော်အထောက်အပံ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းတို့သည် SMU ၏ အဓိက အနှစ်သာရဖြစ်သည်။

ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ၂၀၁၆ ခုနှစ်ကစပြီး ဆောင်ရွက်ခဲ့ရာ ပထမဆုံးအနေဖြင့် ကျေးရွာပေါင်း ၁၀၀ ကို အမေရိကန်ဒေါ်လာ ၂၀၀၀၀ နှင့် ညီမျှသော မြန်မာငွေကို ထောက်ပံ့ပေးခဲ့သည်။ ရန်ပုံငွေနှင့် ပြည်သူများ၏ ထည့်ဝင်ငွေပေါင်းပြီး ရွာ၏ဖွံ့ဖြိုးရေး ၆၅ ရာခိုင်နှုန်း၊ ဝင်ငွေတိုးပွားရေး ၃၅ ရာခိုင်နှုန်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေး ၅ရာခိုင်နှုန်း ခွဲဝေပြီး လုပ်ငန်းယှဉ်ပြိုင်စနစ်ဖြင့် ဆောင်ရွက်စေသည်။ ထိုဆောင်ရွက်ချက်များကို အပြန်အလှန်အကဲဖြတ်၊ အမှတ်ပေးစည်းမျဉ်းနှင့်အညီ စနစ်တကျ ဆောင်ရွက်ခဲ့ပြီး စီမံကိန်းထပ်မံ ထောက်ပံ့မှုအဖြစ် အဆင့် A ရှိသည့်ရွာကို အမေရိကန်ဒေါ်လာ ၂၀၀၀၀၊ အဆင့် B ရှိသည့် ရွာကို အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် အဆင့် C ချီးမြှင့်ငွေ ထပ်မံမရရှိပေ။ **ကောင်းစွာကြိုးပမ်းဆောင်ရွက်နိုင်သော ကျေးရွာအား ထပ်တိုးဆုချီးမြှင့်ခြင်းစနစ်**ဖြင့် ဆောင်ရွက်ခြင်း ဖြစ်သည်။ မြင်သာသည့် အကျိုးရလဒ်များအနေဖြင့် လူမှုရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာခြင်း၊ ဝင်ငွေတိုးပွားလာခြင်းများဖြစ်ပြီး မမြင်သာသော ရလဒ်များအနေဖြင့် တန်ဖိုးမဖြတ်နိုင်သည့် အချက်များကတော့ စိတ်ဓာတ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်လာခြင်း၊ အတွေးသစ် အမြင်သစ်ရှိလာခြင်း၊ အသင်းအဖွဲ့စိတ်ဓာတ် ရှိလာခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်လာခြင်း၊ ကိုယ့်အားကိုယ်ကိုးစိတ်ရှိခြင်း၊ ပိုင်ရှင်စိတ်ဓာတ်ရှိလာခြင်းတို့ ဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်နေသည့် ခေတ်မီစံပြကျေးရွာထူထောင်ရေး(Smart Village)စီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)၊ လူထုဗဟိုပြုစီမံကိန်း (Community Driven Development–CDD)၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(Village Develop–ment Plan–VDP) များမှာလည်း SMU Model ပုံစံအတိုင်း ဖြစ်သည်။ လူထုပူးပေါင်းပါဝင်မှုကို အခြေခံထားသည်။ ကိုယ်တိုင် စီမံခန့်ခွဲ အကောင်အထည်ဖော်ပြီး ကိုယ်တိုင် တာဝန်ယူတတ်အောင် သင်ကြားပေးသည်။ တာဝန်ယူ၊ တာဝန်ခံရသည်။ ပွင့်လင်းမြင်သာ ဆောင်ရွက်ရသည်။ ကျေးရွာစိတ်ဓာတ်၊ ပိုင်ရှင်စိတ်ဓာတ်ဖြင့် စီမံကိန်းများကို တန်ဖိုးထားရသည်။ လူထုပါဝင်လာအောင် စည်းရုံးဆောင်ရွက်သည့် Model များပဲ ဖြစ်ပါသည်။

SMU စီမံကိန်းမှ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းရွာတွင် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းတစ်ခုကို ထောက်ပံ့ပေးခဲ့သည်။ ယင်းသင်တန်းကျောင်းတွင် **“အောင်မြင်သော ကျေးရွာတိုင်းတွင် ထူးချွန်ထက်မြက်သော ခေါင်းဆောင်ကောင်းများရှိကြသည်”** ဆိုသည့်အတိုင်း မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနစ်နာခံ အပင်ပန်းခံပြီး ရှေ့ဆောင်လမ်းပြဆောင်ရွက်ပေးရမည့် ကျေးရွာခေါင်းဆောင်ကောင်းများ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။ သင်တန်းကျောင်းတွင် SMU ကျေးရွာ ခေါင်းဆောင်များကို သင်တန်းပေးသလို မြစိမ်းရောင်ကျေးရွာများ၏ ကျေးရွာခေါင်းဆောင်များ၊ ကော်မတီဝင်များကိုလည်း သင်တန်းပေးခဲ့သည်။ သင်တန်းဖွင့်ပွဲများသို့ တက်ရောက်ခဲ့သလို ကိုယ်တိုင်လည်း သင်တန်းဖွင့်ပွဲ၊ ဆင်းပွဲများတွင် ကျေးရွာခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးခဲ့ရသည်များ ရှိခဲ့သည်။ သင်တန်းတွင် စီမံကိန်းဆိုင်ရာ၊ စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ၊ ကျေးရွာခေါင်းဆောင်မှုဆိုင်ရာများကို သင်ကြားပေးခြင်းဖြစ်သည်။ သင်တန်း၏ အဓိကထူးခြားချက်ကတော့ နေ့စဉ် သင်တန်းစချိန်တွင် နိုင်ငံတော်သီချင်း သီဆိုရသည်။ ကျွန်တော်လည်း သင်တန်းဖွင့်ပွဲတက်ရင်း လိုက်ဆိုရသည်။ ဒါက အရေးကြီးသည်။ နိုင်ငံတော်သီချင်းသည် ကျွန်တော်တို့ မြန်မာနိုင်ငံသားများအတွက် အရေးကြီးသည်။ အခြေခံမှုများ ပါသည်။ နိုင်ငံသား တာဝန်များ ပါသည်။ ဆိုရင်း ကျွန်တော် ကြက်သီးတွေ ထမိသည်။

သင်တန်းကျောင်းနှင့် စီမံကိန်းရွာများတွင် တွေ့ရသည့်ဆောင်ပုဒ်များကလည်း မှတ်သားစရာဖြစ်သည်-

**၁။ ကျေးရွာသစ်လှုပ်ရှားမှုစိတ်ဓာတ်များ**

(က) လုံ့လဝီရိယရှိခြင်း၊ (ခ) မိမိကိုယ်ကို အားကိုးခြင်း၊ (ဂ) ပူးပေါင်းဆောင်ရွက်ခြင်း၊

**၂။ “လုပ်ရင်ဖြစ်တယ်၊ လုပ်နိုင်တယ်၊ လုပ်ရမယ်”**

**၃။ ကျေးရွာသစ်လှုပ်ရှားမှုဆိုသည်မှာ**

(က) ဆင်းရဲခြင်းမှလွတ်မြောက်ပြီး ကောင်းမွန်စွာ နေထိုင်နိုင်ရန် ဆောင်ရွက်သော လှုပ်ရှားမှုဖြစ်၏။

(ခ) ပြည်သူလူထု၏ အသိဉာဏ်ဖွံ့ဖြိုးမှုအား အခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် လုပ်ဆောင်သောလှုပ်ရှားမှုဖြစ်သည်။

(ဂ) ကျေးလက်နေပြည်သူများမှ ဒီမိုကရေစီကို လက်တွေ့ဖော်ဆောင်သော လှုပ်ရှားမှုဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကဖြစ်သည့် ကျေးလက်ဒေသနေပြည်သူများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲနိုင်ရန်၊ **“လုပ်ရမယ်၊ လုပ်နိုင်တယ်၊ ငါတို့ကိုယ်တိုင်လုပ်မှရမယ်”** ဆိုသည့် အတွေးအမြင်၊ အယူအဆကို ခံယူသိမြင်တတ်လာရန်ကလည်း ပညာရေးကို ပြုပြင်ပြောင်းလဲသလိုပဲ အလွန်အရေးကြီးလှသည်။ ဖွံ့ဖြိုးရေးစီမံချက်များမှ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဆိုရာတွင် လုပ်တတ်၊ ကိုင်တတ်ဖြစ်အောင်သာမက စိတ်ဓာတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်အောင်၊ မိမိတို့ကျေးရွာ ဖွံ့ဖြိုးလာအောင် မိမိတို့ဘာသာလုပ်မှ ရမှာပါလားဆိုသည့် စိတ်ဓာတ်များ ဖြစ်ထွန်းခိုင်မာအောင် တွန်းအားပေးဆောင်ရွက်ပေးနိုင်ရန် အလွန့်အလွန်မှ အရေးကြီးပါကြောင်း လေ့လာသုံးသပ် တင်ပြလိုက်ရသည်။ ။

ရည်ညွှန်းကိုးကားချက် –


(၁) တောင်ကိုရီးယား ပြည်သူ့သမ္မတနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ။

(၂) အေးကိုကို၊ စိုက်ပျိုးရေး၏ “ကိုရီးယား–မြန်မာချစ်ကြည်ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်နေသော မြန်မာဆေးမားအူးလ်အွန်ဒုန်းစီမံကိန်း”ဆောင်းပါး

(၃) မှူးဇော်၏ “တောင်ကိုရီးယားနိုင်ငံ ဘာကြောင့် တိုးတက်အောင်မြင်ခဲ့သလဲ” ဆောင်းပါး

(၄) Million Markers Website ရှိ တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေး အကြောင်းအရာ

(၅) The Saemaul Undong Movement in the Republic of Korea (ADB)

(၆) Korea Development Institute မှ ထုတ်ဝေသော “ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးတော်လှန်ရေးနှင့် “ဆဲမာအူးလ်အွန်ဒုန်” ၏ အခန်းကဏ္ဍ

(၇) ပါမောက္ခ ဒေါက်တာသောင်းဌေး (စာရင်းအင်းပညာ)၏ “ဆင်းရဲသည့်နိုင်ငံအဆင့်မှ ချမ်းသာဖွံ့ဖြိုးပြီး နိုင်ငံအဆင့်သို့ အတိုဆုံးအချိန်ကာလအတွင်း ရောက်ရှိစေခဲ့သည့် စီးပွားရေးဒီဇိုင်းမိုဒယ်ပုံစံ”

# ဒုတိယဝန်ကြီး ဦးအေးထွန်း နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ

**မန္တလေး ဖေဖော်ဝါရီ ၁၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)သို့ ရောက်ရှိပြီး ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရ အား ဖူးမြော်ကြည်ညို၍ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ (ယာပုံ)



ယင်းနောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြုပြင်ထိန်းသိမ်းမည့် စာသင်သား၊ သီတင်းသုံးအဆောင်များ၊ ဝန်ထမ်းအိမ်ရာ လိုင်းခန်းများ၊ တက္ကသိုလ်ပိုင် သာသနာ့မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး သာသနာ့မြေများ ဆုံးရှုံးလျော့နည်းမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ရေး အလေးထား လိုက်နာဆောင်ရွက်သွားရန် မှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး၌ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် သာသနာရေးမှူးရုံးတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအား ပါတီနိုင်ငံရေး ကင်းရှင်းရန်၊ သာသနာရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ မန္တလေးတိုင်းဒေသကြီး/ခရိုင် သာသနာရေးမှူးရုံးများကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရ အမှူးပြုသော သင်ကြားစီမံဆရာတော်များ၊ စာသင်သား သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းမှုတို့ကို ကြည်ညိုပြီး ဆွမ်းပဒေသာပင်ဝတ္ထုငွေများ စိုက်ထူလှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့ သာသနာ့ဝေပုလ္လ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တကောဝိဒနှင့် မိတ္ထီလာမြို့ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တဇဝန၊ မိတ္ထီလာမြို့နယ်၊ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရတို့ထံ သွားရောက်၍လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စများကို လျှောက်ထားပြီး မိတ္ထီလာခရိုင်သာသနာရေးမှူးရုံးသို့ သွားရောက်ကာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ နန္ဒပညာဘုရား၌ သန့်ရှင်းရေးပြုလုပ်

**ညောင်ဦး ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ နန္ဒပညာဘုရား ပရဝုဏ်အတွင်းနှင့် ပတ်ဝန်းကျင်ရှိ ပေါင်းမြက်များ၊ ကန္တာရပင်များနှင့် သစ်ပင်ချုံနွယ်အမှိုက်များ ရှင်းလင်းခြင်းကို ယနေ့



နံနက် ၇ နာရီမှစတင်ကာ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်ထံမှ သိရသည်။

ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း မင်းနန်သူကျေးရွာအနီးရှိ နန္ဒပညာဘုရား ပရိဝုဏ်အတွင်းနှင့်ဘေးပတ်လည်ရှိ ဘုရားသုံးဆူ ပတ်ဝန်းကျင်ရှိ သစ်ပင်ချုံနွယ်များ၊ သစ်ရွက်မှိုက်များ၊ ဖော့ဘူးများအား စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကာ ညောင်ဦးမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင်ကားဖြင့်အမှိုက်ကျင်းသို့ ပို့ဆောင်ခဲ့သည်။

အဆိုပါ ပုဂံ - ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း သန့်ရှင်းရေးပြုလုပ်ရာ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးလွင်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး စုပေါင်းသန့်ရှင်းရေး ပြုလုပ်သူ ၃၅၀ ဖြင့် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြကာ အပတ်စဉ်စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **ဒီပါလင်း**

## ဘားအံတက္ကသိုလ်၌ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**ဘားအံ ဖေဖော်ဝါရီ ၁၈**

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ကရင်ပြည်နယ်တွင် အရည်အသွေးပြည့်မီသော ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး၊ လူသားအရင်းမြစ်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပညာရေးကို အားပေးရန်ရည်ရွယ်၍ အသေးစား၊ အငယ်စား၊ အလတ်စား(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ဘားအံတက္ကသိုလ် ငုရွှေဝါနယ်မြေအစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်းအစည်းအဝေးပွဲကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဘာသာရပ်အသီးသီးမှ ဆရာ ဆရာမများ တက်ရောက်သည်။(ယာပုံ)



ရှေးဦးစွာ ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက အမှာစကားပြောကြားပြီး အသေးစား၊ အငယ်စား၊ အလတ်စား(MSME) လုပ်ငန်းများနှင့် သက်ဆိုင်သည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များက ကရင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စား၊ အလတ်စား(MSME)လုပ်ငန်းများကို အထောက်အကူပြုမည့် အသုံးချဘာသာရပ်များကို တက္ကသိုလ်တွင် သင်ကြားပေးနိုင်ရေး အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇော်ဘီ**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင် ဝန်ထမ်းအရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ပရဟိတမင်းကျောင်းတိုက်နှင့် ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မြို့တော်ဦးကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ မြို့မပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အရိယာမဂ္ဂင်ကျောင်းတိုက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ ကံသာကျောင်းတိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ပရိယတ္တိစာသင်တိုက်၊ သာကေတမြို့နယ်ရှိ သုစိတ္တာလင်္ကာရ ပရိယတ္တိစာသင်တိုက်နှင့် အင်းစိန်မြို့နယ်ရှိ မင်္ဂလာသီရိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ခေါင်းရင်းတော်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာဝိဇိတာရာမကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ လေသာပရိယတ္တိစာသင်တိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ နေထွက်ဂူကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်များသို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော် ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## Rules of Golf - 2023 ဂေါက်သီးစည်းမျဉ်း မြန်မာဘာသာပြန်စာအုပ် မိတ်ဆက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

Rules of Golf – 2023 ကို မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ဘာသာပြန်ဆိုခဲ့သည့် စာအုပ်မိတ်ဆက်ပွဲ၊ World Handicap System နှင့် ၂၀၂၃ ခုနှစ်တွင် ပြောင်းလဲသွားသော ဂေါက်သီး စည်းမျဉ်းအသစ်များ အကြောင်း ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း) ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး World Handicap ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဇာနည်ဝင်းက World Handicap System အကြောင်း ရှင်းလင်းမိတ်ဆက်သည်။ ယင်းနောက် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် Rules of Golf – 2023 မြန်မာဘာသာပြန် အဖွဲ့ဝင် ဒေါက်တာဇော်မြင့်နိုင်က ပြောင်းလဲသွားသော စည်းမျဉ်းအသစ်များ အကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဂေါက်ကလပ်များမှ တာဝန်ရှိသူများအား မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်မှ Rules of Golf – 2023 မြန်မာဘာသာပြန် စာအုပ်များအား ဖြန့်ဝေခဲ့သည်။

အဆိုပါ Rules of Golf–2023 စာအုပ်အား စိန့်အင်ဒရူး(R&A)နှင့် USGA တို့၏ မူရင်းစာအုပ်အတိုင်း စာမျက်နှာအတိအကျဖြင့် ရရှိအောင် ပြုလုပ်ထားပြီး တစ်နိုင်ငံလုံးမှ ဂေါက်သီးအားကစားသမားများ Rules of Golf – 2023 စာအုပ်ကို အခကြေးငွေပေးရန်မလိုဘဲ




လုံလုံလောက်လောက် ရရှိနိုင်စေရန်အတွက် ဥက္ကဋ္ဌ ဦးကိုကိုအေးက စာအုပ်ရေ တစ်သောင်းကို စိုက်ထုတ်ကျခံ လှူဒါန်းပေးကာ တစ်နိုင်ငံလုံးအား ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုညီလေး**
**ဓာတ်ပုံ-MGF**

## ကာလဝမ်းရောဂါတိုက်ဖျက်ရန်အတွက် ကုလသမဂ္ဂနှင့် မာလာဝီ အာဏာပိုင်တို့ ပူးပေါင်းလုပ်ဆောင်

**ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၈**

ကုလသမဂ္ဂသည် မာလာဝီနိုင်ငံအတွင်း အဆိုးရွားဆုံး ကာလဝမ်းရောဂါဖြစ်ပွားမှုကို တိုက်ဖျက်ရန်အတွက် မာလာဝီအာဏာပိုင်များနှင့်အတူ ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောသည်။



လီလွန်ဝေွးလ်မြို့ရှိ ဆေးရုံတစ်ရုံ၌ ကာလဝမ်းရောဂါဖြစ်ပွားနေသူတစ်ဦးအား ဆေးကုသမှုပေးနေစဉ်။

မာလာဝီနိုင်ငံသည် ၂၀၂၂ ခုနှစ် မတ် ၃ ရက် နောက်ပိုင်း ကာလဝမ်းရောဂါကူးစက်ဖြစ်ပွားသူ ၃၆၉၄၃ ဦး ရှိပြီး အဆိုပါရောဂါနှင့် ဆက်စပ်သေဆုံးသူ ၁၂၁၀ ရှိကြောင်း ပြီးခဲ့သည့် သီတင်းပတ်အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)၏ အစီရင်ခံဖော်ပြချက်အရ သိရသည်။ ကာလဝမ်းရောဂါဖြစ်ပွားမှုသည် မာလာဝီနိုင်ငံရှိ ခရိုင် ၂၉ ခုလုံး၌ ကူးစက်ဖြစ်ပွားလျက်ရှိပြီး ဇန်နဝါရီတစ်လတည်းတွင် ကာလဝမ်းရောဂါကူးစက်ဖြစ်ပွားသူ ၁၄၃ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။

မာလာဝီနိုင်ငံရှိ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး ရေဘက္ကာ အက်ဒူဒွန်တာသည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့၏ ထောက်ပံ့ကူညီမှုနှင့်အတူ ယခုသီတင်းပတ် အစောပိုင်းတွင် ကာလဝမ်းရောဂါတိုက်ဖျက်ရေး လှုပ်ရှားမှုကို စတင်ခဲ့ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်၏ လက်ထောက် ပြောခွင့်ရသူ ဖာဟန် ဟတ်က ပြောသည်။ **ဆင်ဟွာ**

## တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**ဟန္နိုင်း ဖေဖော်ဝါရီ ၁၈**

တရုတ်နိုင်ငံ ယူနန်ပြည်နယ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနနှင့် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဗီယက်နမ်ကုန်သွယ်ရေးမြှင့်တင်မှုအေဂျင်စီတို့အကြား စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးနယ်ပယ်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ဖက်ဖြစ်သောကြောင့် တရုတ်နိုင်ငံ၌ အခွင့်အလမ်းရှာဖွေနေသည့် ပြည်တွင်းပို့ကုန်လုပ်ငန်းရှင်များနှင့် သွင်းကုန်လုပ်ငန်းရှင်များအတွက် အလားအလာ များစွာရှိကြောင်း ကုန်သွယ်ရေးတာဝန်ရှိသူက ပြောသည်။ ထို့ပြင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်း၊ ရင်းနှီးမြှုပ်နှံမှုတွင် အရှိန်မြှင့်ခြင်းနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်းအားဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိသောဆက်ဆံရေးကို ဖန်တီးနိုင်ကြောင်း တရုတ်နိုင်ငံ ယူနန်ပြည်နယ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ လီချန်ယန်းက ပြောသည်။

ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့ကြား နှစ်နိုင်ငံကုန်သွယ်မှုသည် ယမန်နှစ်က အမေရိကန်ဒေါ်လာ ၂၃၄ ဒသမ ၉ ဘီလီယံအထိ မြင့်တက်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် အာဆီယံ ၁၀ နိုင်ငံ၌ တရုတ်နိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သလို ကမ္ဘာပေါ်တွင် ဆဋ္ဌမမြောက် အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## လေထုညစ်ညမ်းမှုကို ထိန်းချုပ်နိုင်ရန်အတွက် ထိုင်းနိုင်ငံ၌ မီးမရှို့ရ စည်းကမ်းချက်ထုတ်ပြန်

**ဘန်ကောက် ဖေဖော်ဝါရီ ၁၈**

ထိုင်းနိုင်ငံ၌ တောမီးလောင်မှုနှင့် ယာမြေများမီးလောင်မှုကြောင့် ပြင်းထန်သည့် လေထုညစ်ညမ်းမှုကို ခံစားရသည်။ ယခုအခါ အဆိုပါပြဿနာကိုဖြေရှင်းရန်အတွက် အစိုးရက မီးမရှို့ရ စည်းကမ်းချက်ကို ကြေညာခဲ့သည်။

ထိုင်းနိုင်ငံသည် ယခုအခါ ခြောက်သွေ့ရာသီသို့ ရောက်ရှိနေပြီဖြစ်သည်။ ဘန်ကောက်မြို့၌ ဖေဖော်ဝါရီ ၁၇ ရက်က မြူခိုးမြူငွေ့ အဆင့်သတ်မှတ်ချက်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံနှုန်းထက် ခြောက်ဆပို၍ များပြားနေသည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်လာနိုင်သည့်အတွက် အပြင်ထွက်လှုပ်ရှားမှုများ ခေတ္တရပ်ဆိုင်းထားရန် ပြည်သူများကို အာဏာပိုင်များက တိုက်တွန်းထားသည်။ လေထုညစ်ညမ်းမှု အဓိကဖြစ်စေသည့်ပြဿနာမှာ တောမီးလောင်မှုနှင့် နိုင်ငံမြောက်ပိုင်းတွင် ယာမြေများမီးရှို့ခြင်းတို့ကြောင့်ဖြစ်သည်။

ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ဧပြီလကုန်ပိုင်းအထိ ယာမြေများ မီးရှို့ခြင်းကို တားမြစ်မိန့်ထုတ်ပြန်ခဲ့သည်။ အဆိုပါ စည်းကမ်းကို ဖောက်ဖျက်သူများ ဒဏ်ရိုက်ခံရမည်ဟုလည်း ၎င်းကပြောသည်။ တောမီးလောင်မှုမှ လျှော့ချရန်အတွက် အမျိုးသားဥယျာဉ်နှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရှစ်ခုကို ပိတ်ထားရန် အစိုးရက အမိန့်ပေးခဲ့သည်။ လယ်သမားများသည် ကြံကဲ့သို့သောသီးနှံများ စိုက်ပျိုးပြီးသည့်နောက် ၎င်းတို့၏ လယ်ကွင်းများကို မီးရှို့လေ့ရှိသည်။ ယင်းအလေ့အထကို စွန့်လွှတ်ရန် အစိုးရက လုပ်ဆောင်ပေးနေသော်လည်း အများစုမှာ ဆက်လက်ကျင့်သုံးနေကြဆဲဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## အာဖရိကတောင်ပိုင်း၌ ပိုလီယို အရိုင်းပိုး ကာကွယ်ဆေးထိုးပြီးသူ ကလေးပေါင်း ၃၃ သန်းကျော်ရှိ

**ဂျီနီဗာ ဖေဖော်ဝါရီ ၁၈**

မာလာဝီ၌ နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ပိုလီယိုဗိုင်းရပ်စ်အမျိုးအစား ၁ ကို တွေ့ရှိပြီး တစ်နှစ်အတွင်း အာဖရိကတောင်ပိုင်းရှိ ကလေးငယ်ပေါင်း ၃၃ သန်းကျော်ကို ကာကွယ်ဆေးထိုးပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ပြီးခဲ့သည့်နှစ်အတွင်း ကာကွယ်ဆေးအလုံးရေ သန်း ၈၀ ကျော်ကို ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဖေဖော်ဝါရီ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက် မှ ယခုအချိန်အထိ ပိုလီယိုအရိုင်းပိုး ကူးစက်ခံရသူ ကိုးဦး တွေ့ရှိခဲ့ပြီးဖြစ်သည်။ တစ်ဦးမှာ မာလာဝီမှဖြစ်ပြီး ကျန်ရှစ်ဦးမှာမူ အိမ်နီးချင်း မိုဇမ်ဘစ်နိုင်ငံမှဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင်ပိုလီယိုဖြစ်ပွားမှုတွေ့ရှိပြီးနောက် ချက်ချင်း အရေးပေါ်တုံ့ပြန်မှုများ ပြုလုပ်ခဲ့ပြီး မာလာဝီ၊ မိုဇမ်ဘစ်၊ ဇမ်ဘီယာ၊ တန်ဇန်းနီးယားနှင့် ဇင်ဘာဘွေနိုင်ငံတို့ရှိ ကလေးငယ်များကို ကာကွယ်နိုင်ရေးအကူအညီများ တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ ရောဂါဖြစ်ပွားမှုများသည့် နေရာတွင် ယနေ့အချိန်အထိ ကာကွယ်ဆေးထိုးပေးမှုများ ၁၉ ကြိမ်လုပ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။ **ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံ၌ ခြောက်ယောက်စီး ဆက်စ်နာ လေယာဉ်တစ်စင်း ပျောက်ဆုံးနေ

**မနီလာ ဖေဖော်ဝါရီ ၁၈**

ခြောက်ယောက်စီး ဆက်စ်နာ ၃၄၀ လေယာဉ်တစ်စင်းမှာ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၏ အရှေ့တောင်ဘက် အယ်လ်ဘေးပြည်နယ်၌ ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက မြေပြင်မှ ပျံတက်ပြီးနောက် မကြာမီပျောက်ဆုံးသွားသည်ဟု သတင်းရရှိကြောင်း ဖိလစ်ပိုင်အရပ်ဘက် လေကြောင်းအာဏာပိုင်(စီအေအေပီ)က ပြောကြားသည်။




ပျောက်ဆုံးနေသည့် RP C2080 အမျိုးအစားလေယာဉ်တစ်စင်းကို တွေ့ရစဉ်။

လေယာဉ်မှူး၊ အမှုထမ်းတစ်ဦးနှင့် ခရီးသည်နှစ်ဦးအပါအဝင် လူလေးဦးလိုက်ပါလာသည့် အဆိုပါ လေယာဉ်သည် ဘိုင်ကိုးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဒေသစံတော်ချိန် နံနက် ၆ နာရီ ၄၃ မိနစ်တွင် ထွက်ခွာခဲ့ကြောင်း စီအေအေပီက ပြောကြားသည်။

အဆိုပါ RP C2080 အမျိုးအစား လေယာဉ်သည် မနီလာမြို့သို့ ဦးတည်ခဲ့ပြီး ၎င်းသွားမည့်နေရာကို မရောက်ခဲ့ကြောင်း သိရသည်။ အဆိုပါ လေယာဉ်မှာ ဒေသစံတော်ချိန် နံနက် ၆ နာရီ ၄၆ မိနစ်တွင် အဆက်အသွယ်ပြတ်တောက်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဘူလ်ဂေးရီးယားနိုင်ငံ မြို့တော်အနီး ထရပ်ကားတစ်စီးအတွင်း ရွှေ့ပြောင်းလုပ်သား ၁၈ ဦး သေဆုံးလျက်တွေ့

**ဆိုဖီယာ ဖေဖော်ဝါရီ ၁၈**

ဘူလ်ဂေးရီးယားနိုင်ငံ မြို့တော်ဆိုဖီယာအနီး၌ စွန့်ပစ်ထားသော ထရပ်ကားတစ်စီးအတွင်း ရွှေ့ပြောင်းလုပ်သား ၁၈ ဦးထက်မနည်း သေဆုံးနေသည်ကို တွေ့ရှိကြောင်း ဖေဖော်ဝါရီ ၁၇ ရက်က ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထရပ်ကားမှာ တရားမဝင်ရွှေ့ပြောင်းလုပ်သား ၄၀ ခန့် တင်ဆောင်လာသော ထရပ်ကားဖြစ်ကြောင်း ကနဦးစုံစမ်းစစ်ဆေးချက်အရ သိရသည်။ လက်ရှိတွင် အဆိုပါ ရွှေ့ပြောင်းလုပ်သားများထဲမှ ၁၈ ဦးမှာ သေဆုံးနေပြီဖြစ်ကြောင်းနှင့် အသက်ရှင်သူအချို့ကို ဆေးရုံတစ်ရုံသို့ ပို့ဆောင်ထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။ ထရပ်ကား မတော်တဆမှုဖြစ်ပွားရခြင်းနှင့် ပတ်သက်ပြီး သတင်းအချက်အလက် တစ်စုံတစ်ရာ ရရှိခြင်းမရှိကြောင်း သိရသည်။

ရွှေ့ပြောင်းလုပ်သားအချို့က ယာဉ်မောင်းသူ ထွက်ပြေးလွတ်မြောက်သွားကြောင်း ပြောသည်။ အဆိုပါဖြစ်ရပ်နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း အာဏာပိုင်များ၏ အဆိုအရ သိရသည်။ **ဆင်ဟွာ**




ရွှေ့ပြောင်းလုပ်သားများ တင်ဆောင်လာသော ထရပ်ကားကို မြို့တော်ဆိုဖီယာအနီး စွန့်ပစ်ထားစဉ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

❐ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တရားမဝင်ကုန်သွယ်မှု တားဆီး/ဖမ်းဆီးနိုင်ရေးအတွက် တားဆီး/ဖမ်းဆီးဆုငွေနှင့် သတင်းပေးဆုငွေ ချီးမြှင့်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

**တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာထိခိုက်ခြင်း၊ တရားမဝင်ကုန်သွယ်မှုကြောင့် တရားဝင်လုပ်ကိုင်နေသော လုပ်ငန်းများကို အဟန့်အတားဖြစ်စေခြင်း၊ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်နေသည့်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် တရားမဝင် ကုန်စည်များနှင့် ပြိုင်ဆိုင်ရောင်းချနိုင်စွမ်းနည်းပြီး ရေရှည်ရပ်တည်ရန် ခက်ခဲလာခြင်းတို့ကြောင့် တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများ တားဆီးထိန်းချုပ်နိုင်ရေးလုပ်ငန်းစဉ်များ၌ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုသာ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။**

တရားမဝင်တင်သွင်း/တင်ပို့မှုများနှင့်ပတ်သက်၍ တားဆီး/ဖမ်းဆီး ပစ္စည်းများအပေါ် ရွေးယူဒဏ်ငွေတပ်ရိုက်ခြင်း သို့မဟုတ် လေလံတင်ရောင်းချခြင်းမှ ရရှိငွေ၏ ၃၀ ရာခိုင်နှုန်းအား ဖမ်းဆီးသူများကို လည်းကောင်း၊ ၂၀ ရာခိုင်နှုန်းအား သတင်းပေးသူများကိုလည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ် ၇၀/၂၀၂၀ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆုငွေချီးမြှင့်လျက်ရှိသည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ တရားမဝင်ကုန်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှုများအနက် ဆုငွေချီးမြှင့်ရန် အတည်ပြုပြီးသည့်အမှုတွဲ (၇၉၂)မှုမှ အမှုတွဲ (၆၄၆) မှုအတွက် ဖမ်းဆီးသူနှင့် စုံစမ်းထောက်လှမ်းသည့်အဖွဲ့အစည်းများအား ဆုငွေကျပ် (၁၂၀၀ ဒသမ ၈၇၃)သန်း၊ တရားမဝင်ကုန်သွယ်မှုများနှင့် ပတ်သက်၍ သတင်းပေးတိုင်ကြားခဲ့သည့် အမှုများအတွက် သတင်းပေးဆုငွေကျပ် (၆၆ ဒသမ ၀၂၇) သန်းတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် သတင်းပေးသူများကို ဆုငွေထုတ်ပေးချီးမြှင့်ပြီးဖြစ်သည်။ ကျန်ရှိသည့် ဆုငွေအတည်ပြု အမှုတွဲ (၁၄၆)မှုအတွက် ဖမ်းဆီးဆုငွေနှင့် သတင်းပေးဆုငွေ အမြန်ဆုံးထုတ်ပေး ချီးမြှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ကျန်တားဆီး/ ဖမ်းဆီးအမှုတွဲများကိုလည်း ဆုငွေ အတည်ပြုချီးမြှင့်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိသည်။

တရားမဝင် တင်သွင်း/တင်ပို့မှုများနှင့်ပတ်သက်၍ တားဆီး/ဖမ်းဆီးနိုင်သည့် သတင်းအချက်အလက် တိတိကျကျဖော်ပြ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များထံသို့ တရားမဝင် တင်သွင်း/တင်ပို့ခြင်းအား ဖမ်းဆီးနိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် သတင်းပေးဆက်သွယ်တိုင်ကြားနိုင်ရေးအတွက် လျှို့ဝှက်လုံခြုံစွာ သတင်းပေးနိုင်သည့် ဖုန်းနံပါတ်များကို ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

သတင်းပေးပို့သူနှင့် ပတ်သက်သည့် အချက်အလက်များကို လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိမည်ဖြစ်သည်။ သတင်းပေးပို့ခြင်းအတွက် ရရှိမည့် ဆုငွေများအား လျှို့ဝှက်စွာ ဆက်သွယ်အကြောင်းကြား၍ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆက်သွယ်ထုတ်ပေးသွားမည့်အပြင် သတင်းပေးသူကို လျှို့ဝှက်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈** တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် ဖေဖော်ဝါရီ ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ် (သွင်းကုန်) ၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က Valid for Prior Arrival(VPA) ရက်ပေါင်း ၆၀ ထက် ကျော်လွန်သည့် 1 Loop Addressable Fire Alarm Panel တစ်စုံ၊ RAW FOR SANITARY NAPKIN ၂၂၅၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၁၀၀၃၄၃၅) ကို လည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ အကောက်ခွန် လှုပ်ရှားစစ်ဆေးရေးအဖွဲ့က ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID) တွင်ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် GAULLAC တံဆိပ်ပါ နို့မှုန့် ၂၇၆၄ ဒသမ ၈ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၄၀၁၁၀၉၆)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၀၀၄၅၃၁) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။






ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ပူးပေါင်းအဖွဲ့က မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော Moly-land Grease ၄၃၅ ဒသမ ၈၄ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၉၇၂၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော ISUZU-GIGA အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ ရှမ်းပြည်နယ် ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်းမှ ပူးပေါင်းအဖွဲ့က စံလောင်း ကျေးရွာအနီး ရှောင်ကွင်းလမ်း တစ်နေရာတွင် ပိုင်ရှင်မဲ့စုပုံထားသော အကောက်ခွန်မဲ့ Two-Elephant တံဆိပ်ပါ တရုတ်နိုင်ငံထုတ်(ဘီယာ) ဖာ ၃၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၆၀၉၇၂၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁၆ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ငါးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၅၆၁၄၂၅၁) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၁၈ ရာခိုင်နှုန်းရှိ

**(၁၈-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၈၂၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၁၃,၀၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၈၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၅၈)ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၀ | ၂၁၅၀ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၅ | ၂၂၃၀ | ၂၂၅၀ | ၂၁၄၀ | ၂၁၅၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၉၀ | ၂၄၂၀ | ၂၈၁၀ |
| 95 Ron | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၀၅ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၃၀ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၀၅ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၀၀ | ၂၂၁၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၄၈၀ | ၃၃၅၀ |
| HSD (50 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၆၀ | ၃၃၇၅ |
| HSD (10 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၆၀ | ၃၃၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၃ | ၂၀၆၆ |
| 95 Ron | ၂၀၆၃ | ၂၁၃၈ |
| HSD (500 ppm) | ၂၀၅၄ | ၂၁၂၅ |
| HSD (50 ppm) | ၂၁၂၈ | ၂၂၀၀ |
| HSD (10 ppm) | ၂၁၂၈ | ၂၂၀၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ဘီလီဇီနိုင်ငံ)

သောင်ရင်းအားမာန်

**နိဒါန်း**

ဘီလီဇီနိုင်ငံ (Belize) သည် ဗြိတိသျှ ဟွန်ဒူးရပ်စ်( British Honduras) ဖြစ်ခဲ့ပြီး ယခုအခါ စည်းမျဉ်းခံဘုရင်စနစ်ဖြင့် အုပ်ချုပ်သော လွတ်လပ်သည့် ဒီမိုကရေစီနိုင်ငံဖြစ်ပါသည်။ ဗဟိုအမေရိက၏ မြောက်ဘက်အစွန်ဆုံးတွင်တည်ရှိပြီး လူမျိုးစုံ၊ ယဉ်ကျေးမှုပေါင်းစုံနှင့် ဘာသာစကားပေါင်းစုံရှိပါသည်။ တရားဝင် ရုံးသုံးဘာသာစကားမှာ အင်္ဂလိပ်ဘာသာစကားဖြစ်ပြီး စပိန်ဘာသာစကားနှင့် ဘလိဇ်ဘာသာစကားတို့ကိုလည်း ပြောဆိုကြသည်။ ဘယ်လ်မိုပန် (Belmopan city) မြို့မှာ ဘီလီဇီနိုင်ငံ၏မြို့တော်ဖြစ်ပြီး ဘလိဇ် (Belize city) မြို့မှာ အကြီးဆုံးမြို့ဖြစ်ပါသည်။

ဘီလီဇီနိုင်ငံသည် အင်္ဂလိပ်လက်အောက်ခံနိုင်ငံအဖြစ်မှ ၁၉၆၄ ခုနှစ် ဇန်နဝါရီလတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခွင့်ရသည့်နိုင်ငံဖြစ်ပြီး ၁၉၈၁ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် လွတ်လပ်ရေးရရှိခဲ့သည်။

ဘီလီဇီနိုင်ငံသည် ဗဟိုအမေရိကအတွင်းရှိ အရှေ့ဘက်ကျသော ကမ်းရိုးတန်းပေါ်တွင်တည်ရှိပြီး နိုင်ငံ၏မြောက်ဘက်၌ မက္ကဆီကိုနိုင်ငံ၊ တောင်ဘက်နှင့် အနောက်ဘက်တွင် ဂွာတီမာလာနိုင်ငံ၊ အရှေ့ဘက်တွင် ကာရစ်ဘီယံပင်လယ်ပြင်နှင့် ထိစပ်လျက်ရှိပါသည်။ ဧရိယာအားဖြင့် ၈၈၆၇ စတုရန်းမိုင် (၂၂၉၆၆ စတုရန်းကီလိုမီတာ) ကျယ်ဝန်းပြီး နိုင်ငံပိုင်မြေဧရိယာအများဆုံး ကမ္ဘာ့နိုင်ငံများစာရင်းတွင် အဆင့် ၁၄၇ အဖြစ်ရပ်တည်လျက်ရှိပါသည်။

၂၀၂၀ ပြည့်နှစ်က ဒေသတွင်းကောက်ယူခဲ့သည့် စစ်တမ်းများအရ ခန့်မှန်းလူဦးရေ ၄၁၉၁၉၉ ဦးရှိပြီး နိုင်ငံလူဦးရေ၏ ၅၂ ဒသမ ၉ ရာခိုင်နှုန်းမှာ မက်စတီဇို၊ ၂၅ ဒသမ ၉ ရာခိုင်နှုန်းမှာ ခရီအို၊ ၁၁ ဒသမ ၃ ရာခိုင်နှုန်းမှာ မာယာ၊ ၆ ဒသမ ၁ ရာခိုင်နှုန်းမှာ ဂါရီဖူနာ၊ ၄ ဒသမ ၈ ရာခိုင်နှုန်းမှာ ဥရောပတိုက်သားများ၊ ၃ ဒသမ ၉ ရာခိုင်နှုန်းမှာ အင်ဒီးယန်း၊ ၁ ဒသမ ၀ ရာခိုင်နှုန်းမှာ တရုတ်စသည့် လူမျိုးစုများ နေထိုင်လျက်ရှိပြီး ကျန် ၁ ဒသမ ၅ ရာခိုင်နှုန်းမှာ အခြား (မသိရှိ) လူမျိုးစုများဖြစ်ပါသည်။ ဘီလီဇီနိုင်ငံ၏ ယုံကြည်ကိုးကွယ်မှုအနေဖြင့် နိုင်ငံ့လူဦးရေ၏ ၆၃ ဒသမ ၈ ရာခိုင်နှုန်းမှာ ခရစ်ယာန်ဘာသာ၊ ၂၅ ဒသမ ၅ ရာခိုင်နှုန်းမှာ ဘာသာမဲ့များဖြစ်ပြီး ကျန် ၁၀ ရာခိုင်နှုန်းကျော်မှာ အခြားသောဘာသာဝင်များဖြစ်သည်။

**အစိုးရဖွဲ့စည်းမှု**

ဘီလီဇီနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သက်ဦးဆံပိုင်ဘုရင်စနစ်နှင့် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် နိုင်ငံတစ်ခုဖြစ်ပါသည်။ ဥရောပတိုက်ရှိနိုင်ငံများ (အထူးသဖြင့် အင်္ဂလန်နိုင်ငံ) ၏ Westminster ပါလီမန်စနစ်များအပေါ် အခြေခံထားသည့် ဒီမိုကရေစီပုံစံမျိုးဖြစ်သည်။ တတိယမြောက် ချားလ် (King Charles III) သည် နိုင်ငံ၏အကြီးအကဲဖြစ်ပြီး ဘုရင်ခံဖြစ်သူ Froyla Tzalam က ကိုယ်စားပြုအုပ်ချုပ်သည်။ ဝန်ကြီးချုပ်ဦးဆောင်သော အစိုးရအဖွဲ့သည် နိုင်ငံ၏အုပ်ချုပ်ရေးတာဝန်များကို အဓိကဆောင်ရွက်ပြီး ပါလီမန်အတွင်းရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားပြုခေါင်းဆောင်များသည် အစိုးရအဖွဲ့ဝန်ကြီးများဖြစ်ကြပါသည်။ အစိုးရအဖွဲ့ဝင်ပုဂ္ဂိုလ်များမှာ လွှတ်တော် (ဆီးနိတ်) မှ ရွေးချယ်တင်မြှောက်ထားခြင်း ဖြစ်ပါသည်။ ဘီလီဇီနိုင်ငံအစိုးရအဖွဲ့ ဖွဲ့စည်းမှုတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် ဒေသဆိုင်ရာအခွင့်အာဏာရ စီမံခန့်ခွဲမှုဟူ၍ ကဏ္ဍကြီးလေးခု ပါဝင်လျက်ရှိပါသည်။

**လွှတ်တော်ဖွဲ့စည်းမှု**

ဘီလီဇီနိုင်ငံ၏ လွှတ်တော်ကို အထက်လွှတ်တော် (Upper House) နှင့် အောက်လွှတ်တော် (Lower House) ဟူ၍ လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားသည်။ လွှတ်တော်နှစ်ရပ်လုံး၏ သက်တမ်းမှာ ငါးနှစ်ဖြစ်ပါသည်။

**(က) အထက်လွှတ်တော် (Upper House)**

အထက်လွှတ်တော်ကို ဘုရင်ခံချုပ်၏အမိန့်အရ ခန့်အပ်ဖွဲ့စည်းထားပြီး အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းထားပါသည်။ လွှတ်တော်၏ ဥက္ကဋ္ဌအဖြစ် အဖွဲ့ဝင်များထဲမှ သင့်လျော်သူကို ရွေးကောက်တင်မြှောက်၍သော်လည်းကောင်း၊ လွှတ်တော်၏ပြင်ပမှ ပုဂ္ဂိုလ်တစ်ဦးဦးကိုလည်းကောင်း ခန့်အပ်သည်။

**(ခ) အောက်လွှတ်တော် (Lower House)**

အောက်လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ် ၃၁ နေရာဖြင့် ဖွဲ့စည်းထားသည်။ လွှတ်တော်ကိုယ်စားလှယ်ကို ဘီလီဇီနိုင်ငံ၏ ခရိုင်ခြောက်ခုအတွင်းမှ နိုင်သူအကုန်ယူစနစ် (First Past The Post – FPTP System) ဖြင့် ပြည်သူများက မဲပေးရွေးကောက်တင်မြှောက်သည်။

**ကျင်းပသည့်ရွေးကောက်ပွဲများ**

ဘီလီဇီနိုင်ငံ၌ ကျင်းပလေ့ရှိသည့် ရွေးကောက်ပွဲများမှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ စည်ပင်ရွေးကောက်ပွဲ၊ ကြားဖြတ်ရွေးကောက်ပွဲနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတို့ဖြစ်ကြသည်။

**ရွေးကောက်ပွဲစနစ်**

အောက်လွှတ်တော် (Lower House) အတွက်သာ အထွေထွေရွေးကောက်ပွဲကို ကျင်းပသည်။ မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP – First Past The Post System) ကို ရွေးကောက်ပွဲများ စတင်ကျင်းပခဲ့စဉ်ကပင် ယနေ့အထိကျင့်သုံးခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသည်။ ၁၉၅၄ ခုနှစ်က ဗြိတိသျှဟွန်ဒူးရပ်စ်တို့၏ ဥပဒေပြုရေးလွှတ်တော်မှ ဖွဲ့စည်းပုံအတိုင်း ရွေးကောက်ခံကိုယ်စားလှယ်ကိုးဦးဖြင့် ဖန်တီးပုံဖော်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ကိုယ်စားလှယ် ၁၈ ဦး၊ ၁၉၈၄ ခုနှစ်တွင် ကိုယ်စားလှယ် ၂၈ ဦး၊ ၁၉၉၃ ခုနှစ်တွင် ကိုယ်စားလှယ် ၂၉ ဦးမှသည် ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲအရောက်တွင် ကိုယ်စားလှယ်အရေအတွက်ပေါင်း ၃၁ ဦးအဖြစ် ကိုယ်စားလှယ်ဦးရေကို တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ ကျယ်ပြန့်စွာ ကျင်းပခဲ့ခြင်းလည်းဖြစ်သည်။ အမျိုးသားညီလာခံအတွင်းရှိ အဓိကကျသောပါတီကြီး၏ ခေါင်းဆောင်ဖြစ်သူမှာ ဘီလီဇီနိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးတာဝန်ကို ဆက်ခံသူဖြစ်လာသည်။




ဘီလီဇီနိုင်ငံ၏ တည်နေရာပြမြေပုံ။

**ရွေးကောက်ပွဲများတွင် ဖြစ်ပွားခဲ့သည့်ထူးခြားဖြစ်စဉ်များ**

**ရွေးကောက်ပွဲများတွင် ဖြစ်ပွားခဲ့သည့်ထူးခြားဖြစ်စဉ်များအနေဖြင့် ပြည်သူ့ညီညွတ်ရေးပါတီ (PUP) သည် ၂၀၀၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် နိုင်ငံလုံးဆိုင်ရာရွေးကောက်ပွဲတွင် အောက်လွှတ်တော်အမတ် ၂၆ နေရာအထိ အပြတ်အသတ်စံချိန်တင် အနိုင်ရခဲ့ပြီး ပြိုင်ဘက်ဖြစ်သူ ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP)သည် ၁၉၉၈ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးရလဒ်အနေဖြင့် ငါးနေရာသာ အနိုင်ရခဲ့သည်။ ပြီးခဲ့သောနှစ်များအတွင်း ဖြစ်ပွားခဲ့သော ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားသည့် ကပ်ရောဂါ (ကိုဗစ်–၁၉) နှင့် အပူပိုင်းမုန်တိုင်း (Eta) ၏ သက်ရောက်မှုများကြောင့် အခက်အခဲများ ဖြစ်ပေါ်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲ၌ နိုင်ငံတစ်ဝန်း ဆန္ဒမဲလာရောက်ပေးသူ ၈၁ ရာခိုင်နှုန်းကျော်ရှိခဲ့ပြီး ၁၉၉၈ ခုနှစ်နောက်ပိုင်း ဆန္ဒမဲပေးသူရာခိုင်နှုန်း အမြင့်ဆုံးအထိဖြစ်ခဲ့သည်။**

**ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းမှု**

ဘီလီဇီနိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင်ကို ၁၉၇၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ချမှတ်ခဲ့သော ဘီလီဇီဖွဲ့စည်းပုံအခြေခံဥပဒေ၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်ပြီး ပုဒ်မ ၈၈ တွင် တရားဝင်ထည့်သွင်းဖော်ပြထားပါသည်။ ဘီလီဇီရွေးကောက်ပွဲနှင့် နယ်နိမိတ်သတ်မှတ်ရေးကော်မရှင် (Belize Elections and Boundaries Commission – EBC) ဟု ခေါ်ဆိုကြပြီး ဒေသဆိုင်ရာနှင့် နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲများအားလုံးကို ကြီးကြပ်ဆောင်ရွက်သည်။ ဘီလီဇီနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ နယ်နိမိတ်ကွဲပြားမှုများကိုလည်း ချမှတ်ပေးသည့်အဖွဲ့ဖြစ်ပါသည်။ ကော်မရှင်သည် မဲဆန္ဒရှင်များ၏ အချက်အလက်များကို ထိန်းသိမ်းထားပြီး မဲဆန္ဒရှင်များ၏ အခြေအနေအား အချိန်အခါအလိုက် အသိပေးသည်။ တန်းတူညီမျှစွာ မဲခွဲဝေမှုစနစ်အား ထိန်းသိမ်းထားနိုင်ရန် မဲဆန္ဒနယ်ဆိုင်ရာ နယ်နိမိတ်များကို ပြန်လည်ပြင်ဆင်သည့် အဆိုပြုသတ်မှတ်ချက်များကိုလည်း အခါအားလျော်စွာပြုလုပ်သည်။

**ဗဟိုနှင့် အဖွဲ့ခွဲများဖွဲ့စည်းပုံ**

ဘီလီဇီနိုင်ငံ၏ ရွေးကောက်ပွဲနှင့် နယ်နိမိတ်သတ်မှတ်ရေးကော်မရှင်ကို ဥက္ကဋ္ဌတစ်ဦးနှင့် အဖွဲ့ဝင်လေးဦးတို့ဖြင့် ဖွဲ့စည်းထားသည်။ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နှစ်ဦးကို အတိုက်အခံခေါင်းဆောင်နှင့် ဆွေးနွေးပြီး ဘုရင်ခံချုပ်က ခန့်အပ်တာဝန်ပေးသည်။ အခြားအဖွဲ့ဝင်များကို အတိုက်အခံခေါင်းဆောင်၏ သဘောတူညီချက်ဖြင့် အလားတူခန့်အပ်သည်။ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်လေးဦးတို့၏ ရာထူးသက်တမ်းမှာ ငါးနှစ်ဖြစ်ပါသည်။

> ✻ **ဝန်ကြီးချုပ်ဦးဆောင်သော အစိုးရအဖွဲ့သည် နိုင်ငံ၏အုပ်ချုပ်ရေးတာဝန်များကို အဓိကဆောင်ရွက်ပြီး ပါလီမန်အတွင်းရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားပြုခေါင်းဆောင်များသည် အစိုးရအဖွဲ့ဝန်ကြီးများ ဖြစ်ကြပါသည်။ အစိုးရအဖွဲ့ဝင်ပုဂ္ဂိုလ်များမှာ လွှတ်တော် (ဆီးနိတ်) မှ ရွေးချယ်တင်မြှောက်ထားခြင်း ဖြစ်ပါသည်။ ဘီလီဇီနိုင်ငံအစိုးရအဖွဲ့ ဖွဲ့စည်းမှုတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် ဒေသဆိုင်ရာ အခွင့်အာဏာရ စီမံခန့်ခွဲမှုဟူ၍ ကဏ္ဍကြီးလေးခု ပါဝင်လျက်ရှိပါသည်**

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဗဟိုရုံးနှင့် ခရိုင်ရုံး၊ မြို့နယ်ရုံးများ ဖွဲ့စည်းဆောင်ရွက်သည်။ ခရိုင်အဆင့်ရုံးခွဲ ခြောက်ရုံးရှိပြီး မြို့နယ်အဆင့်ရုံးခွဲများအနေဖြင့် ၁၁ ရုံး ဖွင့်လှစ်ထားရှိသည်။ အထက်ပါရုံးများတွင် ရွေးကောက်ပွဲအရာရှိများ၊ လက်ထောက်ရွေးကောက်ပွဲအရာရှိများနှင့် စာရေးဝန်ထမ်းများ ခန့်အပ်ထားရှိသည်။

**ရွေးကောက်ပွဲစီမံခန့်ခွဲမှု**

ဘီလီဇီနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ (Electoral Management Bodies – EMB) တွင် ရွေးကောက်ပွဲနှင့် နယ်နိမိတ်သတ်မှတ်ရေးကော်မရှင် (Election and Boundaries Commission– EBC) နှင့် ရွေးကောက်ပွဲနှင့် နယ်နိမိတ်သတ်မှတ်ရေးဌာန (Election and Boundaries Department – EBD) ဟူ၍ နှစ်ခုရှိပါသည်။ ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ တစ်ခုစီသည် သီးခြားတရားဝင်အဖွဲ့အစည်းများ ဖြစ်သည်။

ရွေးကောက်ပွဲနှင့် နယ်နိမိတ်သတ်မှတ်ရေးဌာနကို ၁၉၈၉ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၈ ၏ ဖွဲ့စည်းပုံဥပဒေကို ပြင်ဆင်မှုအပြီးတွင် ပြည်သူ့ကိုယ်စားပြုမှုအက်ဥပဒေ (၁၉၈၈ ခုနှစ်၏ ပြဋ္ဌာန်းချက်အပိုဒ် ၂၆) ကို ပြင်ဆင်ချက်ပြုလုပ်ကာ တည်ထောင်ခဲ့သည်။ ထို့နောက် ဝန်ထမ်းရေးရာကိစ္စရပ်များအားလုံးကို ရွေးကောက်ပွဲနှင့် နယ်နိမိတ်ကော်မရှင်မှ ပြည်သူ့ဝန်ဆောင်မှု ကော်မရှင်သို့ လွှဲပြောင်းပေးခဲ့သည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

၂၀၀၁ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက် ရက်စွဲပါ အက်ဥပဒေအမှတ် (၂) အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ချက်ဖြင့် ရွေးကောက်ပွဲအရာရှိချုပ်အား ပြည်သူ့ဝန်ဆောင်မှုကော်မရှင်ထံသို့ လွှဲပြောင်းပေးခဲ့သည်။ ရွေးကောက်ပွဲအရာရှိချုပ်နှင့် ဝန်ထမ်းများသည် နေ့စဉ်စီမံခန့်ခွဲရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်အားလုံးအတွက် တာဝန်ယူကြရသည်။ ရွေးကောက်ပွဲအရာရှိချုပ်သည် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာဌာန၊ ရွေးကောက်ပွဲနှင့် နယ်နိမိတ်ကော်မရှင်သို့ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြရသည်။

ရွေးကောက်ပွဲနှင့် နယ်နိမိတ်သတ်မှတ်ရေးဌာနသည် ဗဟိုရုံး တစ်ရုံး၊ ရုံးခွဲပေါင်း ၁၅ ခု ဖွင့်လှစ်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ဗဟိုရုံးသည် အုပ်ချုပ်မှုစင်တာအဖြစ်လည်းကောင်း၊ မှတ်တမ်းနှင့်အချက်အလက်အားလုံးကို ထိန်းသိမ်းရာနေရာအဖြစ်လည်းကောင်း ဆောင်ရွက်ပါသည်။ ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲမှုများအနေဖြင့် မဲဆန္ဒရှင်စာရင်းများ ပြုစုရန်ညွှန်ကြားခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စာရင်းများပြုစုခြင်း၊ ရွေးကောက်ပွဲမှတ်တမ်းများကို အဆင့်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ ရွေးကောက်ပွဲများကျင်းပခြင်း၊ ရွေးကောက်ပွဲဆိုင်ရာများ လွှဲပြောင်းပေးအပ်ခြင်းနှင့် မဲဆန္ဒရှင်အသိပညာပေးမှုများကိုလည်း ဆောင်ရွက်ကြသည်။

## နိုင်ငံရေးပါတီများဆိုင်ရာ

ဘီလီဇီနိုင်ငံ၌ အဓိကအားဖြင့် ပါတီကြီးနှစ်ခုနှင့် ပါတီငယ်သုံးခု စုစုပေါင်း နိုင်ငံရေးပါတီ ငါးခုရှိပါသည်။ ပြည်သူ့ညီညွတ်ရေးပါတီ (People United Party – PUP ) နှင့် ညီညွတ်သော ဒီမိုကရက်တစ်ပါတီ ( United Democratic Party – UDP ) တို့မှာ ပါတီကြီးများဖြစ်ကြပြီး ဘီလီဇီပြည်သူ့ရှေ့ဆောင်ပါတီ (Belize People Front – BPF)၊ ဘီလီဇီကြီးပွားရေးပါတီ (Belize Progressive Party – BPP) နှင့် ပြည်သူ့အမြင်ပါတီ ( Vision Inspired by the People – VIP) တို့မှာ ပါတီငယ်များဖြစ်ကြပါသည်။ အခြားကွယ်ပျောက်သွားသည့် ပါတီငယ် ၁၁ ခုလည်းရှိပြီး နေရာအချို့မှလွဲ၍ တက်ကြွလှုပ်ရှားမှုနှင့် ဆောင်ရွက်မှုနည်းပါးသော လက်ရှိပါတီငယ်နှစ်ခုလည်းရှိပါသည်။ ၎င်းတို့မှာ ကိုရိုဇယ်ရှေ့ဆောင်အင်အားစုပါတီ (Corozal United Front – CUF )၊ ဆန်ပက်ဒရို တိုးတက်မှုအင်အားစုပါတီ ( San Pedro United Movement – SPUM ) တို့ဖြစ်ကြသည်။

ပါတီစနစ်အား ဗဟိုလက်ဝဲ ပြည်သူ့ညီညွတ်ရေးပါတီနှင့် ဗဟိုလက်ယာ ညီညွတ်သော ဒီမိုကရက်တစ်ပါတီတို့ကသာ အဓိကလွှမ်းမိုးထားသည်။ ပါတီငယ်များမှာ ယခင်ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးပြီး သိသာထင်ရှားသော ကိုယ်စားလှယ်အရေအတွက်နေရာများကို မည်သည့်အခါကမျှ မရရှိခဲ့သော်လည်း ပါတီငယ်များ၏ စိန်ခေါ်ယှဉ်ပြိုင်မှုများသည်လည်း နှစ်အလျောက် ကြီးထွားမှုရှိခဲ့သည်။

## လွှတ်တော်ကိုယ်စားလှယ်လောင်းများဆိုင်ရာ

ဘီလီဇီနိုင်ငံသားဖြစ်သူ မည်သူမဆို အသက် ၂၁ နှစ်နှင့်အထက်ဖြစ်ပါက ပါလီမန်ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းအဖြစ် ရပ်တည်နိုင်သည်။ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသူ မည်သူမဆို အမည်စာရင်းတင်သွင်းသည့်နေ့ သို့မဟုတ် မဲဆန္ဒရှင်အမည်စာရင်းလျှောက်ထားသည့်နေ့တွင် တရားဝင်အမည် စာရင်းတင်သွင်းလျှောက်ထားရန် လိုအပ်ပါသည်။ နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် တစ်သီးပုဂ္ဂလအဖြစ် ရပ်တည်နိုင်ရမည်။ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ရန်လိုအပ်သည့် အထွေထွေစာရင်းအတွက် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်သည့် ပုဂ္ဂိုလ် ခြောက်ဦးသည် ကိုယ်စားလှယ်လောင်းအတွက် သက်သေအဖြစ် အမည်စာရင်းတင်သွင်းလွှာကို လက်မှတ်ရေးထိုးပေးရသည်။ ကိုယ်စားလှယ်လောင်း၏ အမည်စာရင်းတင်သွင်းလွှာတွင် လက်မှတ်ရေးထိုးပြီးပါက ရွေးကောက်ပွဲဝင်ရန် အဆိုတင်သွင်းခြင်းအား အတည်ပြုသည်။ အမည်စာရင်းတင်သွင်းသည့်နေ့ ညနေ ၄ နာရီအချိန်ထိ ကိုယ်စားလှယ်လောင်းတစ်ဦးတည်းသာ အမည်စာရင်းတင်သွင်းပါက ရွေးချယ်ခံရသူ ပုံစံ ၂၀ တွင် ထောက်ခံအတည်ပြုပြီး ရွေးချယ်ခံရကြောင်း ပြန်လည်အပ်နှံရေးအရာရှိက ကြေညာပြီး လျှောက်ထားသူအား ပုံစံ ၂၀ ထောက်ခံစာကို ပြန်လည်ပေးပို့ပါသည်။ ဘုရင်ခံချုပ်ထံပေးပို့ရန် ရွေးကောက်ပွဲအရာရှိချုပ်က ဆောင်ရွက်သည်။ ကိုယ်စားလှယ်လောင်းများအားလုံးသည် အစိုးရဘဏ္ဍာတိုက်သို့ သတ်မှတ်ထားသော သက်ဆိုင်ရာစပေါ်ငွေများ ပေးဆောင်ကြရသည်။ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း တစ်ဦးစီ၏ မဲဆွယ်စည်းရုံးမည့် အသုံးစရိတ်အား မဲဆန္ဒနယ်တွင် စာရင်းသွင်းထားသည့် မဲဆန္ဒရှင် အရေအတွက်ပေါ်မူတည်၍ ကျယ်ပြန့်စွာ ကန့်သတ်ထားရှိသည်။ ကန့်သတ်ချက်များကို ရွေးကောက်ပွဲနှင့် နယ်နိမိတ်ကော်မရှင်က ဥပဒေအရ အဓိကကြီးကြပ်ဆောင်ရွက်သည်။

## မဲဆန္ဒရှင်များဆိုင်ရာ

အသက် ၁၈ နှစ်ပြည့်ပြီး ဘီလီဇီနိုင်ငံသားဖြစ်သူ၊ ဘီလီဇီနိုင်ငံ၌ ပုံမှန် ၁၂ လထက်မနည်း နေထိုင်ခဲ့ပြီး မည်သည့်ဓနသဟာယနိုင်ငံများတွင်မဆို နေထိုင်သူ၊ ရွေးကောက်ပွဲကျင်းပရာနယ်မြေတွင် နှစ်လထက်မနည်း အမှန်တကယ်အခြေချနေထိုင်သည့် မည်သည့်ဓနသဟာယနိုင်ငံမှ ပုဂ္ဂိုလ်မဆို မဲဆန္ဒရှင်အဖြစ် မှတ်ပုံတင်စာရင်းသွင်းနိုင်ပြီး ဆန္ဒမဲပေးခွင့်ရှိသည်။ မဲဆန္ဒရှင်အမည်စာရင်းသွင်းရန် သက်ဆိုင်ရာဒေသရှိ ရွေးကောက်ပွဲနှင့် နယ်နိမိတ်သတ်မှတ်ရေးဦးစီးဌာန၏ မှတ်ပုံတင်ရုံးသို့ သွားရောက်ပြီး မှတ်ပုံတင်ခြင်း (လျှောက်ထားခြင်း) ကို ပုံမှန်ရုံးချိန်အတွင်းတွင် လျှောက်ထားနိုင်သည်။ အဆိုပါ မဲဆန္ဒရှင် အမည်စာရင်းသွင်းခြင်းလုပ်ငန်းများကို ဘီလီဇီနိုင်ငံတစ်ဝန်းရှိ ရုံးခွဲ ၁၄ ခုတွင် ဆောင်ရွက်ပေးပြီး မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ တာဝန်ကျအရာရှိများက ကြီးကြပ်ကွပ်ကဲပါသည်။ မဲဆန္ဒရှင်များသည် မဲဆန္ဒရှင်အမည်စာရင်းသွင်းရန် နိုင်ငံသားဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ် အထောက်အထားများအတွက် မွေးစာရင်းလက်မှတ်၊ နိုင်ငံကူးလက်မှတ်၊ မွေးစားခြင်းဆိုင်ရာလက်မှတ်၊ အခြားလိုအပ်မည့် စာရွက်စာတမ်းအထောက်အထားများနှင့်တကွ နိုင်ငံသားစိစစ်ရေးကတ်များကို တင်ပြရသည်။ ဆန္ဒမဲအမှန်တကယ်ပေးလိုပြီး ရွေးကောက်တင်မြောက်ခြင်းဆိုင်ရာ အရည်အချင်းပြည့်မီသူ မဲဆန္ဒရှင်များအနေဖြင့် သက်ဆိုင်ရာဒေသရှိ ရုံးခွဲများသို့ ကိုယ်တိုင်သွားရောက်ပြီး လျှောက်ထားမှုသာ မဲဆန္ဒရှင်စာရင်းတွင်ပါဝင်ပြီး ဆန္ဒမဲပေးခွင့်ရမည့် နည်းစနစ်မျိုး ကျင့်သုံးခြင်းဖြစ်သည်။

## ဆန္ဒမဲပေးခြင်း

ဆန္ဒမဲပေးရမည့်နေရာများအဖြစ် မဲဆန္ဒနယ်တစ်ခုစီကို မဲရုံတစ်ရုံအဖြစ်သတ်မှတ်ပြီး မဲရုံတစ်ရုံအတွင်းတွင် မဲရုံငယ်များဖြင့် ခွဲခြားသတ်မှတ်ထားသည်။ ဆန္ဒမဲပေးသည့်အခါ မဲဆန္ဒရှင်အမည်စာရင်းတွင်ပါဝင်ပြီးသူဖြစ်ပါက အမည်၊ မဲရုံအမှတ်နှင့် မဲပေးရမည့် မဲရုံလိပ်စာတို့ကို ရိုက်နှိပ်ထားသည့် မဲဆန္ဒရှင်ကတ်ပြားကို စာတိုက်မှတစ်ဆင့် လက်ခံရရှိမည်ဖြစ်သည်။ မဲဆန္ဒရှင်ကတ်ပြားများသည် သက်ဆိုင်ရာမဲဆန္ဒရှင်များ၏ အချက်အလက်များ ရေးသွင်းထားခြင်းဖြစ်ပြီး ဆန္ဒမဲပေးသည့်အခါ မဲဆန္ဒရှင်ကတ်ပြားကို ယူဆောင်လာရသည်။ မဲရုံအများစုကို ကျောင်းများ၊ ရပ်ရွာစင်တာများနှင့် ဘုရားကျောင်းများကဲ့သို့ အများနှင့်သက်ဆိုင်သော အဆောက်အအုံများတွင် အသုံးပြုရန် သတ်မှတ်ထားသော်လည်း လိုအပ်ချက်ရှိပါက အခြားသော အဆောက်အအုံများကိုလည်း အသုံးပြုနိုင်သည်။ ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်ကို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ဆောင်ရွက်နိုင်သည်။ ဆန္ဒမဲပေးရာတွင် လျှို့ဝှက်ဆန္ဒမဲပေးသည့်စနစ်ကျင့်သုံးပြီး မဲရုံအတွင်းရှိ ဆန္ဒပြုရန် သတ်မှတ်ထားသောနေရာ၌သာ ဆန္ဒမဲပေးရသည်။ မဲရုံအတွင်း၌ မဲရုံတာဝန်ခံ သို့မဟုတ် ဥက္ကဋ္ဌ၊ မဲရုံအရာရှိနှင့် တာဝန်ရှိသူများ၊ တာဝန်ကျရဲအရာရှိများ၊ ကိုယ်စားလှယ်လောင်းများ၊ ၎င်းတို့၏ ရွေးကောက်ခံကိုယ်စားလှယ်များသည်လည်း ရွေးကောက်ပွဲအား တရားမျှတစွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်အသီးသီးကို ထမ်းဆောင်ကြသည်။ မဲရုံမဖွင့်မီအချိန်ကပင် ဥပဒေအရ ဆန္ဒမဲပေးနိုင်သည့် အချိန်အတွင်း မဲရုံတာဝန်ခံဥက္ကဋ္ဌနှင့် မဲစာရင်းရေးသွင်းသူ ဝန်ထမ်းနှစ်ဦးတို့သည် မဲရုံသို့ နံနက် ၆ နာရီ မတိုင်မီ လာရောက်ပြီး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ကြရသည်။ ရွေးကောက်ပွဲဆိုင်ရာ သတိပေးချက်များ၊ ကြေညာချက်များနှင့် ဆန္ဒမဲပေးနိုင်မည့် အစီအစဉ်များကို စနစ်တကျဆောင်ရွက်ကြသည်။ နံနက် ၆ နာရီ ၄၅ မိနစ်တွင် မဲရုံတာဝန်ခံဥက္ကဋ္ဌသည် မဲပုံးများကို စစ်ဆေးရပြီး ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများနှင့် အခြားတာဝန်ရှိသူများကို ပြသ၍ မည်သည့်မဲလက်မှတ်မှ မဲပုံးထဲတွင်မရှိကြောင်း သက်သေပြရသည်။ ထို့နောက် မဲပုံးများအား လုံခြုံရေးကြိုးများ သို့မဟုတ် သော့များဖြင့် လုံခြုံစွာပိတ်ကာ ဆန္ဒမဲပေးခြင်းကို ခွင့်ပြုသည်။ မဲလက်မှတ်များပေါ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများ၏ အမည်များကို အက္ခရာအစဉ်လိုက် ဖော်ပြထားသည်။

## ရွေးကောက်ပွဲရလဒ်များ ရေတွက်ခြင်း၊ ကြေညာခြင်း

မဲပုံးအားလုံးကို မဲရေတွက်သည့် မဲဆန္ဒနယ်တစ်ခုစီ၏ အလယ်ဗဟိုနေရာတွင်ရှိသော မဲရေတွက်ရန် သတ်မှတ်ထားရာစင်တာသို့ လုံခြုံစွာသယ်ဆောင်သွားပြီးနောက် မဲပုံးတစ်ခုချင်းစီကို ရှင်းလင်းစွာ နေရာချထားပေးရသည်။ မဲလက်မှတ်များကိုရောနှောကာ ကူညီဆောင်ရွက်ပေးသူများက မဲများကိုရေတွက်ကြသည်။ ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများ၏ရှေ့တွင် ဆောင်ရွက်ပေးရသည်။ မဲပုံးနှစ်ပုံးအား တစ်ပြိုင်တည်းရေတွက်နိုင်သည်။ မဲရေတွက်သည့်အဖွဲ့တွင် မဲရေတွက်သည့် အရာရှိလေးဦး ပါဝင်သည်။ တစ်ဦးသည် မဲလက်မှတ်များကို ရေတွက်ပြီးကြောင်း စာရင်းသွင်း မှတ်တမ်းတင်ရန်၊ တစ်ဦးသည် မဲဆန္ဒနယ်အလိုက် မဲများကို အစုအဝေး ၂၅ ခုဖြင့် စုစည်းပြုစုရန်၊ အခြားအရာရှိနှစ်ဦးမှာ မဲစာရင်းစာရွက်ပေါ်တွင် မှတ်တမ်းတင်ရန် ရေတွက်ပေးရခြင်းဖြစ်သည်။ မဲအားလုံးကို ရေတွက်ပြီးသောအခါ ရလဒ်များကို သက်ဆိုင်ရာအရာရှိက တရားဝင်ကြေညာပေးသည်။ မဲပုံးများအားလုံးကို တစ်ခုမကျန် ရေတွက်ပေးရမည့်အချိန်နှင့် ရေတွက်မှုရလဒ်အပေါ် မူတည်၍ နောက်ဆုံးရလဒ်ကို ညသန်းခေါင်ယံမတိုင်မီ ထုတ်ပြန်ကြေညာနိုင်သည်။ ကိုယ်စားလှယ်လောင်းတစ်ဦးဦးက လိုအပ်ချက်အရ မဲရလဒ်များကို ပြန်လည်ရေတွက်ပေးရန်

*စာမျက်နှာ ၁၈ သို့*







မဲရုံဖွင့်ချိန်မှ မဲရုံပိတ်ချိန်အထိ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့် (အပေါ်ပုံ)နှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီအသီးသီးအနိုင်ရရှိမှု (ဝဲပုံ)။

# မင်းဘူးခရိုင်၌ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများစိုက်ထူထားရှိမှု တစ်ပြေးညီဖြစ်စေရန်ဆောင်ရွက်

မင်းဘူး ဖေဖော်ဝါရီ ၁၈
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များ၌ ပြည်သူများအသုံးပြုသွားလာရာ လမ်းမများ၌ ယာဉ်လမ်းအန္တရာယ် ကင်းဝေးစေရေးနှင့် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ စိုက်ထူထားရှိမှု တစ်ပြေးညီဖြစ်စေရေးအတွက် မင်းဘူးခရိုင်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၅ ရက်တွင် မင်းဘူး၊ ပွင့်ဖြူနှင့် စလင်းမြို့နယ်များသို့ သွားရောက်ကွင်းဆင်းပြီး စစ်ဆေးဆောင်ရွက်သည်။

မင်းဘူး-စကု-ပွင့်ဖြူ-စလင်း ကားလမ်းမတစ်လျှောက် ပြည်သူများအသုံးပြုသွားလာရာတွင် ယာဉ်လမ်းအန္တရာယ် ကင်းဝေးစေရေးအတွက် ထုတ်ပြန်ထားသော နည်းဥပဒေညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများကို မြို့နယ်အလိုက် တစ်ပြေးညီဖြစ်စေရေး မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ ညွှန်ကြားချက်များနှင့်အညီ ပြည့်စုံမှန်ကန်မှုရှိ/မရှိ အခြေအနေများကို ခရိုင်အုပ်ချုပ်ရေးမှူးက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သောနေရာများတွင် ထပ်မံဖြည့်တင်းလုပ်ဆောင်သွားရန် မှာကြားသည်။

လမ်းညွှန်းအမှတ်အသားများဆောင်ရွက်ရာတွင် နယ်မြေဒေသအတွင်းရှိ အဝေးပြေးလမ်းများ၊ ပြည်ထောင်စုလမ်းမကြီးများ၊ မြို့တွင်း/မြို့ပြင်လမ်းများ၊ မြို့နယ်/ခရိုင်ချင်းဆက်လမ်းများတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ပြဋ္ဌာန်းထားသည့် မော်တော်ယာဉ်စီမံခန့်ခွဲမှု နည်းဥပဒေများ ၂၀၂၂ ခုနှစ်၊ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြညွှန်ကြားချက်များ (၂၀၂၂ ခုနှစ်) ထုတ်ပြန်ချက်များနှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းရှိ မြို့နယ်များအားလုံးတွင် သတ်မှတ်စံနှုန်းအတိုင်း တစ်ပြေးညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မင်းဘူးခရိုင်လမ်းဦးစီးဌာနမှ သိရသည်။

**မောင်မောင်(မင်းဘူး)**



## တာချီလိတ်မြို့၌ နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်မည်

**တာချီလိတ် ဖေဖော်ဝါရီ ၁၈**
ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ နွေရာသီအခြေခံအားကစားသင်တန်းများကို မတ် ၃ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်ပြီး အားကစားနည်း ခုနစ်မျိုး သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နွေရာသီ အခြေခံအားကစားသင်တန်းတွင် ဘောလုံး၊




ပိုက်ကျော်ခြင်း၊ စားပွဲတင် တင်းနစ်၊ ကြက်တောင်၊ ကရာတေးဒို၊ စနူကာ၊ မြန်မာ့သိုင်း အားကစားနည်းများကို သင်ကြားပေးသွားမည်ဖြစ်ပြီး အားကစားဝါသနာပါသည့် ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် လာရောက်သင်ကြားစေနိုင်ရန်နှင့် အားကစားဝါသနာရှင် ပြည်သူများအနေဖြင့်လည်း အသက်အရွယ် အပိုင်းအခြားမရွေး၊ အမျိုးသား အမျိုးသမီးမရွေး လာရောက် စာရင်းသွင်းသင်ကြားနိုင်ကြောင်း မြို့နယ်အားကစားမှူး ဦးသန်းလှိုင်ထံမှ သိရသည်။

စာရင်းပေးသွင်းရာတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့တက်ရောက်နေသော အခြေခံပညာရေးကျောင်းများတွင် စာရင်းပေးသွင်းနိုင်ပြီး အားကစားဝါသနာရှင် ပြည်သူများအနေဖြင့် မြို့နယ်အား/ကာရုံးသို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဘောလုံး၊ ကရာတေးဒို၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း သင်တန်းကို မြို့မအားစားကွင်းတွင်လည်းကောင်း၊ စနူကာသင်တန်းကို စနူကာအားကစားခန်းမတွင်လည်းကောင်း၊ ကြက်တောင်အားကစားရုံ၌ ကြက်တောင်ရိုက်နည်းသင်တန်းနှင့် ခရိုင်အားကစားရုံ၌ မြန်မာ့သိုင်းကစားနည်းသင်တန်းများကိုလည်းကောင်း ဖွင့်လှစ်ပို့ချသင်ကြားပေးသွားမည်ဖြစ်သည်။

**ကျော်ဇေယျာလင်း (ပြန်/ဆက်)**

## YRTC စီမံမှုအောက်ရှိ YBS ယာဉ်များအားလုံး အများပိုင်ဖြစ်အောင် ဆောင်ရွက်သွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**
ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)၏ စီမံမှုအောက်ရှိ YBS ယာဉ်များအားလုံး မေလကုန်တွင် အများပိုင်ဖြစ်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

YRTC တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က "တစ်ဦးချင်းပိုင်ယာဉ်တွေက စည်းကမ်းမဲ့တဲ့နေရာမှာ အများဆုံးဖြစ်တာ တွေ့ရှိရပါတယ်။ ယာဉ်စီးခတွေကအစ၊ ကျော်တက်တဲ့ကိစ္စတွေ၊ ပြိုင်မောင်း၊ လုမောင်းတွေ ဒီဟာတွေက အဓိကစည်းကမ်းမဲ့တာဖြစ်တဲ့အတွက်ကြောင့် တစ်ဦးချင်းပိုင်ယာဉ်တွေအားလုံး မေ ၃၁ ရက်မှာ အများကုမ္ပဏီပိုင်ယာဉ်တွေဖြစ်ဖို့ ဆောင်ရွက်တာဖြစ်ပါတယ်"ဟု ပြောသည်။

ယခင်က ကျော်တက်သည့်YBSမော်တော်ယာဉ်များစွာရှိသော်လည်း ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ ကျော်တက်သည့် YBS ယာဉ်များကို အရေးယူမည်ဟု ကြေညာထားရာ သိသာစွာ လျော့နည်းသွားခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၁ ရက်မှ ၁၃ ရက်အထိ စည်းကမ်း မလိုက်နာသည့် YBS ယာဉ် ၃၁ စီး ရှိကြောင်းနှင့် အဆိုပါယာဉ်များကို ခေါ်ယူဒဏ်ရိုက်မည်ဖြစ်ကြောင်း သိရသည်။

**လင်းလင်း**

## မြန်မာ - ရုရှား သံတမန် ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများ ပြသ

**ဇမ္ဗူသီရိ ဖေဖော်ဝါရီ ၁၈**
ဖေဖော်ဝါရီ ၁၈ ရက်တွင် ကျရောက်သည့် (၇၅) နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေးထူထောင်မှုအထိမ်းအမှတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် နှစ်နိုင်ငံအကြီးအကဲများ တွေ့ဆုံမှုမှတ်တမ်းဓာတ်ပုံများကို ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမြေစိုက်နံရံကပ်ပြဘုတ်၌ ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ ပြသလျက်ရှိသည်။

အဆိုပါ နံရံကပ်ပြဘုတ်၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ နှစ်နိုင်ငံအကြီးအကဲများ တွေ့ဆုံမှုမှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတော်အစိုးရ၏မူဝါဒများ၊ နိုင်ငံတော်အကြီးအကဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ထူးခြားဖြစ်စဉ်သတင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် အသိပညာပေးအကြောင်းအရာများကို ပြည်သူများသိရှိစေရေး ပြသဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ လာရောက်လေ့လာလျက်ရှိသည်။

**နီလာ**
**(ပြန်/ဆက်)**

*စာမျက်နှာ ၁၇ မှ*
တောင်းဆိုနိုင်ပါသည်။ ပြန်လည်ရေတွက်ပေးရသည့်အရာရှိသည် ကိုယ်စားလှယ်လောင်းများထံ လိုအပ်မည့်အကြံများကို ပေးမည်ဖြစ်ပြီး ရေတွက်သည့်ရလဒ်ကိန်းဂဏန်းများအပေါ် သက်ရောက်စေသည့် ဆောင်ရွက်မှုများကိုပြုလုပ်ပေးရသည်။ ကိုယ်စားလှယ်လောင်းများနှင့် မဲရေတွက်သည့် တာဝန်ရှိသူများ နှစ်ဖက်စလုံးက ရလဒ်အား ကျေနပ်အားရသည်အထိ ပြန်လည်ရေတွက်ခြင်းကို ဆက်လက်လုပ်ဆောင်နိုင်သည်။

### ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများ

ဘီလီဇီနိုင်ငံ၏ ပထမဦးဆုံးပါတီစုံရွေးကောက်ပွဲမှာ ၁၉၅၄ ခုနှစ်တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ၁၉၅၇၊ ၁၉၆၁၊ ၁၉၆၅၊ ၁၉၆၉၊ ၁၉၇၄၊ ၁၉၇၉ ခုနှစ်များတွင်လည်း ဒီမိုကရေစီရွေးကောက်ပွဲများအား ထူးခြားချက်အနေဖြင့် သုံးနှစ်လျှင် တစ်ကြိမ်စီ ကျင်းပခဲ့သည်။ ၁၉၇၉ ခုနှစ် ရွေးကောက်ပွဲနောက်ပိုင်းမှစ၍ ငါးနှစ်လျှင် တစ်ကြိမ်စီ ကျင်းပသည့်စနစ်အဖြစ် ပြောင်းလဲကျင့်သုံးခဲ့ကြကာ ၁၉၈၄၊ ၁၉၈၉၊ ၁၉၉၃၊ ၁၉၉၈၊ ၂၀၀၃၊ ၂၀၀၈၊ ၂၀၁၂ နှင့် ၂၀၁၅ ခုနှစ်များတွင်လည်း ပါတီစုံရွေးကောက်ပွဲများကို ထပ်မံကျင်းပခဲ့သဖြင့် ဘီလီဇီနိုင်ငံ၏သမိုင်းတွင် ၁၉၅၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ရွေးကောက်ပွဲ ၁၆ ကြိမ် ကျင်းပခဲ့သည်။ လာမည့်ပါတီစုံအထွေထွေရွေးကောက်ပွဲကိုလည်း ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်ထက်နောက်မကျဘဲ ကျင်းပသွားမည်ဖြစ်သည်။

### နောက်ဆုံးကျင်းပခဲ့သည့် ရွေးကောက်ပွဲ

ဘီလီဇီနိုင်ငံ၏ အနီးစပ်ဆုံးကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၁ ရက်က ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါရွေးကောက်ပွဲသည် ၁၉၅၄ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာအရွယ်ရောက်ပြီးသူများ လွတ်လပ်စွာဆန္ဒမဲပေးနိုင်ခွင့် မူဝါဒကို ကျင့်သုံးခဲ့သည့် ၁၆ ကြိမ်မြောက် ရွေးကောက်ပွဲကြီးဖြစ်ခဲ့ကာ ၁၉၈၁ ခုနှစ်နောက်ပိုင်း အင်္ဂလိပ်တို့ လက်အောက်မှ လွတ်လပ်ရေးရခဲ့ပြီးနောက် ကျင်းပခဲ့သည့် ရှစ်ကြိမ်မြောက် ရွေးကောက်ပွဲလည်းဖြစ်ပါသည်။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၁ ရက်ကတည်းက ကြေညာကာ ကြိုတင်ပြင်ဆင်ခဲ့ကြခြင်းလည်းဖြစ်ပါသည်။ အဆိုပါရွေးကောက်ပွဲကြီးတွင် အောက်လွှတ်တော်ရှိ ကိုယ်စားလှယ်နေရာပေါင်း ၃၁ နေရာအနက် ပြည်သူ့ညီညွတ်ရေးပါတီ (People United Party – PUP) က ၂၆ နေရာအထိ စံချိန်တင်အနိုင်ရခဲ့ကာ နိုင်ငံတစ်ဝန်းလုံးမှ ဆန္ဒမဲပေးသူ ၅၉ ဒသမ ၆ ရာခိုင်နှုန်းအထိ ထောက်ခံအားပေးမှုရရှိခဲ့ခြင်းဖြစ်သည်။ အတိုက်အခံလည်းဖြစ်ပြီး ပြိုင်ဘက်လည်းဖြစ်သူ ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (United Democrative Party – UDP) မှာ နိုင်ငံတစ်ဝန်းလုံးမှ ဆန္ဒမဲပေးသူ ၃၈ ဒသမ ၈၄ ရာခိုင်နှုန်း၏ ထောက်ခံမှုဖြင့် အောက်လွှတ်တော်အမတ်နေရာ ငါးနေရာရရှိခဲ့သည်။

### နိဂုံး

ဘီလီဇီနိုင်ငံ၏ ရွေးကောက်ပွဲနှင့် နယ်နိမိတ်သတ်မှတ်ရေးကော်မရှင် (Election and Boundries Commission – EBC) သည် မဲဆန္ဒရှင်စာရင်းများပြုစုခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များပြုစုခြင်း၊ ရွေးကောက်ပွဲမှတ်တမ်းများကို အဆင့်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပခြင်းတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ရွေးကောက်ပွဲနှင့်နယ်နိမိတ် (မဲဆန္ဒနယ်များ) သတ်မှတ်ရေးဌာန (Election and Boundaries Department – EBD) အား ၁၉၈၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး မဲဆန္ဒရှင်များဆိုင်ရာ အချက်အလက်များ စနစ်တကျလွှဲပြောင်းနိုင်ရေး၊ ကျွမ်းကျင်သောရွေးကောက်ပွဲဆိုင်ရာ ဝန်ဆောင်မှုများကို လုပ်ကိုင်နိုင်ရေး၊ ရွေးကောက်ပွဲစနစ်အပေါ် ပြည်သူလူထုမှ ယုံကြည်မှုခိုင်မာစေရေးနှင့် မဲဆန္ဒရှင်များအား အသိပညာပေးကာ ရွေးကောက်ပွဲတွင် ပါဝင်လာမှုအဆင့်များကို မြှင့်တင်ရေးတို့အတွက် ဦးစီးဌာန၏ လုပ်ငန်းဆောင်တာများကို အနီးကပ်ကြီးကြပ်စီမံကွပ်ကဲကာ ဘီလီဇီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပွင့်လင်းပြီးတရားမျှတ၍ လွတ်လပ်သောရွေးကောက်ပွဲများ ကျင်းပပေးနိုင်ရန် အဓိကထားဆောင်ရွက်လျက်ရှိပါသည်။ ပွင့်လင်းမြင်သာမှု၊ တရားမျှတမှုနှင့် ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ထိန်းသိမ်းမြှင့်တင်ပေးခြင်းနှင့် တိကျမှန်ကန်ပြီး စနစ်တကျဖြစ်စေရန်အတွက် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ကြီးကြပ်ခြင်းအားဖြင့် နိုင်ငံ၏ဒီမိုကရေစီစနစ်အား တိုးတက်မြင့်မားစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ထင်ရှားသောအဖွဲ့အစည်းတစ်ခုဖြစ်သည့်အပြင် ကျင့်သုံးလျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် နည်းစနစ်များမှာ လေ့လာမှတ်သားဖွယ်ရာများစွာရှိနေပါကြောင်း မှတ်တမ်းတစ်ခုအဖြစ် ရေးသားတင်ပြအပ်ပါသည်။ ။

# သဘာဝမြေဩဇာအသုံးပြုခြင်းမှသည် အော်ဂဲနစ်စိုက်ပျိုးရေးဆီသို့

*ကိုကျော်စွာ(ကျိုက်ပိ)*

စာရေးသူတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုးလေ့ရှိကြသည်။ တောင်ပေါ်မြေပြန့်မကျန် မိမိဒေသနှင့်ကိုက်ညီသည့် သီးပင်စားပင်၊ ဆန်စပါးနှင့် ဟင်းသီးဟင်းရွက်အပါအဝင် သစ်ပင်ပန်းမန်တို့ကို စိုက်ပျိုးလျက်ရှိသည်။ နိုင်ငံ၏ အဓိကစိုက်ပျိုးရေးမှာ ဆန်စပါးဖြစ်သည်။ မည်သည့်အပင်မဆို စိုက်ပျိုးပြီဆိုပါက မြေဩဇာကျွေးရပါသည်။ တစ်ပိုင်တစ်နိုင်စိုက်ပျိုးသူများအနေဖြင့် သဘာဝမြေဩဇာကို ကျွေးလေ့ရှိကြသော်လည်း စီးပွားဖြစ် စိုက်ပျိုးသူအများစုမှာ ဓာတ်မြေဩဇာကိုသာ ကျွေးလေ့ရှိကြပါသည်။



**မြေဩဇာအမျိုးအစားများ**

မြေဩဇာသည် သဘာဝမြေဩဇာခေါ် အော်ဂဲနစ်မြေဩဇာနှင့် ဓာတ်မြေဩဇာဟူ၍ နှစ်မျိုးရှိပါသည်။ ဓာတ်မြေဩဇာဆိုသည်မှာ ဓာတုနည်းဖြင့် ပြုလုပ်ထားသော အသီးကြီးထွားဆေး၊ အပင်သန်ဆေး၊ ပေါင်းသတ်ဆေး၊ အထွက်တိုးဆေး၊ ပိုးသတ်ဆေး၊ အရွက်ဖျန်းဆေးစသည်တို့ ဖြစ်ပါသည်။

သဘာဝမြေဩဇာတွင် အပင်ဆွေးမြေဩဇာ (Compost–ကွန်ပို့စ်ထ်) ဆိုသည်မှာ အပင်နှင့်အပင်ထွက်ပစ္စည်းများဖြစ်ကြသော သစ်ကိုင်း၊ သစ်ရွက်များ၊ သစ်ဆွေးများနှင့် သစ်သီးနှင့် ကောက်ရိုးဆွေးများ၊ နွားချေးအဆွေးများအပြင် အလွယ်တကူ ဆွေးမြည့်စေနိုင်သော အိမ်သုံးပစ္စည်း စသည်တို့ဖြစ်သည်။ ထို့ပြင် ကျေးငှက်တိရစ္ဆာန်တို့ စွန့်ပစ်လိုက်သော အညစ်အကြေးများကိုလည်း မြေဩဇာအဖြစ် အသုံးပြုနိုင်ပါသည်။ ဥပမာ–ကြက်ချေး၊ ဘဲချေးနှင့် လင်းနို့ချေးတို့ဖြစ်သည်။

သဘာဝမြေဩဇာ နောက်တစ်မျိုးမှာ တီကောင်စွန့်ပစ်မြေဩဇာ (Vermicom–post– ဗာမီကွန်ပို့စ်ထ်) ဖြစ်သည်။ တီကောင်သည် မြေဆီမြေနှစ်များ၊ အပင်၏ အစိတ်အပိုင်းများနှင့် လူသားတို့ စားပြီးသော စားကြွင်းစားကျန်များကို စားသုံးကာ ထိုသို့စားသုံးပြီးပါက တီကျစ်စာများကို ပြန်လည်စွန့်ထုတ်လေ့ရှိသည်။ ထိုတီကျစ်စာခဲများတွင် သဘာဝအားဖြင့် အပင်အတွက်လိုအပ်သော ပိုတက်ဆီယမ်နှင့် ကယ်လ်ဆီယမ်ဓာတ်တို့အပြင် နိုက်ထရိုဂျင်နှင့် ဖော့စဖရပ်တို့လည်း ပါဝင်ကြောင်း၊ အစိုဓာတ်ကိုလည်း ထိန်းပေးနိုင်ကြောင်း သိရသည်။

**အော်ဂဲနစ်စိုက်ပျိုးခြင်း**

ဓာတုဆေးမသုံးဘဲ သဘာဝမြေဩဇာကို အသုံးပြု၍ စိုက်ပျိုးခြင်းကို အော်ဂဲနစ်စိုက်ပျိုးခြင်းဟု ခေါ်ကြပါသည်။ စာရေးသူတို့နိုင်ငံသည် စိုက်ပျိုးရေးကို စီးပွားရေးတစ်ခုသဖွယ် ပြုလုပ်နေကြသဖြင့် ဓာတ်မြေဩဇာကို အသုံးပြုလျက်ရှိပါသည်။ စပါးစိုက်ပျိုးရာတွင်လည်း ဓာတ်မြေဩဇာကို လူတိုင်းလိုလို အသုံးပြုနေကြသည်မှာ တစ်နိုင်ငံလုံး အတိုင်းအတာပင်ဖြစ်သည်။ စပါးအထွက်နှုန်းကောင်းမွန်စေရန် ဓာတ်မြေဩဇာနှင့် အခြားသော အထွက်တိုးမြေဩဇာများ၊ ဓာတုပိုးသတ်ဆေးများကို အသုံးပြုလေ့ရှိကြသည်။ မြန်မာနိုင်ငံတွင် ဓာတုပိုးသတ်ဆေးများကို တွင်ကျယ်စွာ အသုံးပြုလျက်ရှိပြီး ဓာတုပိုးသတ်ဆေးအစား အော်ဂဲနစ်ပိုးသတ်ဆေးများကို အသုံးပြုသင့်ပါသည်။

**အော်ဂဲနစ်ပိုးသတ်ဆေးများ**

အော်ဂဲနစ်ပိုးသတ်ဆေး အမျိုးမျိုးကို ဒေါက်တာခင်မောင်လွင်၏ စာအုပ်မှ အနည်းငယ် ထုတ်နုတ်ဖော်ပြချင်ပါသည်။ အော်ဂဲနစ်ပိုးသတ်ဆေးများမှာ အပင်မှရသောပိုးသတ်ဆေး (Phyto–insecticide)၊ ကြက်သွန်ဖြူ ပိုးသတ်ဆေးရည် (Garlic insecticide)၊ ငရုတ်ပိုးသတ်ဆေးရည် (Chilli insecticide)၊ တမာပိုးသတ်ဆေးရည် (Neem insecticide) စသည်တို့ ဖြစ်ပါသည်။

ကြက်သွန်ဖြူ ပိုးသတ်ဆေးသည် ပုရွက်ဆိတ်၊ ပိုးတုံးလုံး၊ ပက်ကျိနှင့် အခြားသော သီးနှံဖျက်ပိုးများကို သေစေနိုင်ပါသည်။ ငရုတ်ပိုးသတ်ဆေးသည်လည်း ကြက်သွန်ဖြူ ပိုးသတ်ဆေးရည်နည်းတူ သီးနှံဖျက်ပိုးများကို သေစေနိုင်ကြောင်း သိရသည်။ အပြည့်အစုံကို သိလိုပါက ဒေါက်တာခင်မောင်လွင်၏ အော်ဂဲနစ်စိုက်ပျိုးရေးစာအုပ်တွင် လေ့လာနိုင်ပါသည်။

ဓာတုမြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများသည် အပင်အသီးနှင့် အထွက်နှုန်းကို ကောင်းစေသော်လည်း ရေရှည်စားသုံးပါက ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် ယနေ့ကမ္ဘာနိုင်ငံများသည် သဘာဝမြေဩဇာကို အသုံးပြုလျက် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်ကို ကျင့်သုံးလာခဲ့ကြပါသည်။ ဒေသအလိုက် အော်ဂဲနစ်စိုက်ပျိုးမှုမှာ ဩစတြေးလျနိုင်ငံတွင် ၃၈ ရာခိုင်နှုန်း၊ အာရှနိုင်ငံများတွင် ၉ ရာခိုင်နှုန်း၊ ဥရောပနိုင်ငံများတွင် ၂၃ ရာခိုင်နှုန်း၊ မြောက်အမေရိကနိုင်ငံများတွင် ၇ ရာခိုင်နှုန်း၊ အာဖရိကနိုင်ငံများတွင် ၃ ရာခိုင်နှုန်း၊ လက်တင်အမေရိကနိုင်ငံများတွင် ၂၀ ရာခိုင်နှုန်း ရှိပါသည်။ ၁၉၉၀ ပြည့်နှစ်မှစ၍ ၂၀၁၄ ခုနှစ်အထိ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အော်ဂဲနစ်ဖြင့်စိုက်ပျိုးခဲ့ရာ အော်ဂဲနစ်စိုက်ပျိုးမြေဧက ၄၃ ဒသမ ၇ သန်းရှိကြောင်းလည်း သိရသည်။

သဘာဝမြေဩဇာကိုသုံးစွဲ၍ အော်ဂဲနစ်နည်းဖြင့်စိုက်ပျိုးခြင်းသည် လူသားနှင့် သက်ရှိတို့အတွက် လွန်စွာအကျိုးများပါသည်။ ထို့ပြင် စိုက်ပျိုးမြေကိုလည်း မြေဆီဩဇာကြွယ်ဝစေ၍ မြေဆီလွှာပျက်စီးခြင်း မရှိတော့ပေ။

**ဓာတုပိုးသတ်ဆေးများ၏ ဆိုးကျိုး**

ယနေ့ခေတ် လယ်ယာမြေများသည် ယခင်ကထက် မြေဆီဩဇာကြွယ်ဝမှု နည်းပါးလာပါသည်။ ထိုအခါ အပင်ကြီးထွားနှုန်းနှင့် အသီးအနှံအထွက်နှုန်းလည်း လျော့ကျလာပါသည်။ ထို့ကြောင့် အထွက်နှုန်းကောင်းစေရန် ဓာတုဓာတ်မြေဩဇာများကို အသုံးပြု၍ Chemical နည်းဖြင့် စိုက်ပျိုးကြလေသည်။ ဓာတုပိုးသတ်ဆေးရည်များကို အသုံးပြုလာခြင်း၊ ပေါင်းသတ်ဆေးနှင့် မြက်သတ်ဆေးများကို သုံးစွဲလာခြင်းကြောင့် မြေဆီလွှာပျက်စီးရုံသာမက ထိုဆေးရည်များသည် မြေကြီးအတွင်း စိမ့်ဝင်နေကာ မိုးရွာသွန်းပါက မိုးရေနှင့်အတူ မြစ်ချောင်းအတွင်း ရောက်ရှိသွားပြီး ထိုရေကို သောက်သုံးပါကလည်း ကျန်းမာရေးကိုထိခိုက်စေသလို ရေနေသတ္တဝါလေးများကိုလည်း သေကျေပျက်စီးစေနိုင်ပါသည်။ ဓာတုဆေးရည်များသည်မြေထုကိုညစ်ညမ်းစေရုံသာမက လေထုနှင့် ရေထုကိုပါ ညစ်ညမ်းစေပါသည်။

အပင်များသည် မြေဆီလွှာပေါ်မှာကြီးထွားကြခြင်းသာဖြစ်ရာ မြေဆီလွှာကောင်းပါက မည်သည့်ဓာတုဓာတ်မြေဩဇာမှ သုံးစရာမလိုပေ။ ဓာတုမြေဩဇာသုံးလေ မြေဆီပျက်လေလေ၊ မြေဆီလွှာပျက်လေလေ၊ ဓာတုဓာတ်မြေဩဇာသုံးရလေလေ သံသရာလည်နေပေလိမ့်မည်။ နောက်ဆုံးတွင် မြေဆီလွှာပျက်စီးပြီး မည်သည့်အပင်မှ စိုက်ရမည်မဟုတ်တော့ပေ။

**မြေဆီလွှာထိန်းသိမ်းရေးကို ရှေးရှု၍**

သဘာဝမြေဩဇာနှင့် အော်ဂဲနစ်ပိုးသတ်ဆေးကို အသုံးပြုစိုက်ပျိုးပါက မိမိစားသုံးသော အစားအစာများတွင် ဓာတုပိုးသတ်ဆေး ကင်းသည့်အတွက် ရောဂါဖြစ်ပွားမှုကို လျှော့ချပေးနိုင်ပါသည်။ သဘာဝမြေဩဇာကိုအသုံးပြု၍ အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးသော အသီးအနှံများသည် အာဟာရဓာတ် ပိုမိုကြွယ်ဝစွာ ပါဝင်သည်။ ထို့ပြင် မြေဆီလွှာကိုလည်း ကာကွယ်ပေးပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် မြေဆီလွှာထိန်းသိမ်းရေးကို ရှေးရှု၍ ဓာတုဓာတ်မြေဩဇာ အသုံးပြုသော Chemical စိုက်ပျိုးနည်းမှ သဘာဝမြေဩဇာကိုအသုံးပြုသည့် အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးရေးကို ကူးပြောင်းသင့်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

**ဓာတုဆေးမသုံးဘဲ သဘာဝမြေဩဇာကို အသုံးပြု၍ စိုက်ပျိုးခြင်းကို အော်ဂဲနစ် စိုက်ပျိုးခြင်းဟု ခေါ်ကြပါသည်။ စာရေးသူတို့နိုင်ငံသည် စိုက်ပျိုးရေးကို စီးပွားရေးတစ်ခုသဖွယ် ပြုလုပ်နေကြသဖြင့် ဓာတ်မြေဩဇာကို အသုံးပြုလျက်ရှိပါသည်။ စပါးစိုက်ပျိုးရာတွင်လည်း ဓာတ်မြေဩဇာကို လူတိုင်းလိုလို အသုံးပြုနေကြသည်မှာ တစ်နိုင်ငံလုံး အတိုင်းအတာပင်ဖြစ်သည်။ စပါးအထွက်နှုန်းကောင်းမွန်စေရန် ဓာတ်မြေဩဇာနှင့် အခြားသော အထွက်တိုးမြေဩဇာများ၊ ဓာတုပိုးသတ်ဆေးများကို အသုံးပြုလေ့ရှိကြသည်**

## မင်းဘူး(စကု)မြို့နယ်၌ ဆောင်းကုလားပဲ ဈေးကောင်းရရန် တောင်သူများမျှော်လင့်

**မင်းဘူး ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ တောင်သူများ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားသော ကုလားပဲသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံများရိတ်သိမ်းချိန်တွင် ဈေးကောင်းရရှိရန် မျှော်လင့်နေကြကြောင်း သိရသည်။

"ကျွန်တော်က ကုလားပဲသီးနှံကို နှစ်စဉ်စိုက်ပျိုးပြီး ဈေးကောင်းလည်း ရရှိကြပါတယ်။ လက်ရှိကုလားပဲဈေးက ကျပ် ၆၃၀၀၀ ဖြစ်ပြီး စိုက်ခင်းတွေလည်း ကောင်းပါတယ်။ သီးနှံတွေရိတ်သိမ်းချိန်မှာ ဈေးကောင်းရရှိကြဖို့ပဲ တောင်သူတွေ မျှော်လင့်နေကြပါတယ်" ဟု ကန်ရေကျေးရွာမှ ကုလားပဲစိုက်တောင်သူ ဦးစိုးနိုင်က ပြောသည်။

မင်းဘူး (စကု) မြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၆၈ အုပ်စု၊ ကျေးရွာပေါင်း ၁၅၀ ရှိကာ ကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး အချို့ကျေးရွာများတွင် မြေအောက်ရေ ဖူလုံစွာရရှိသဖြင့် ဥယျာဉ်ခြံမြေများ ပြုစုပျိုးထောင်ကာ စားပင်သီးနှံမျိုးစုံနှင့် နှစ်ရှည်သီးနှံပင်များဖြစ်သော သရက်၊ လျှော်ဖြူ၊ သနပ်ခါး၊ မန်ကျည်းရှားနှင့် ဆီးပင်များကိုရောသွင်း၍ စိုက်ပျိုးလျက်ရှိသည်။ ယခုနှစ် ဆောင်းရာသီတွင် စိုက်ပျိုးထားသည့် ကုလားပဲသီးနှံစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံများအထွက်နှုန်းကောင်းမွန်ရေးအတွက် ဂရုတစိုက်လုပ်ကိုင်လျက်ရှိကြကြောင်း သိရသည်။ **ဇေယျာထက်(မင်းဘူး)**

# တရုတ်ဘက်သို့ တင်ပို့နေသော မြန်မာ့ဖရဲသီး အရောင်းအဝယ်ကောင်းလာပြီး ဈေးနှုန်းပြန်တက်လာ

**မူဆယ် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ကျင်စန်းကျော့- ဝမ်တိန် ကုန်သွယ်ရေးဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ တင်ပို့ရောင်းချနေသော မြန်မာ့ဖရဲသီးနှင့် အစေ့မဲ့အသီးများ အရောင်းအဝယ်ကောင်းလာပြီး သစ်သီးဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း နယ်စပ်သစ်သီးလုပ်ငန်းရှင်များထံမှ သိရသည်။



သစ်သီးလုပ်ငန်းရှင်များ၏ ပြောကြားချက်အရ ယခုရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံဘက်သို့ တစ်ရက်လျှင် ဖရဲသီးကားအစီးရေ ၁၅၀ နှင့် ၁၇၀ ကြား ဝင်ရောက်နေသော်လည်း ဖရဲသီးနှင့် အစေ့မဲ့အသီးများဈေးနှုန်း ပြန်လည်မြင့်တက်လာပြီး အရောင်းအဝယ်ကောင်းလာကြောင်း သိရသည်။ ဖေဖော်ဝါရီ ၉ ရက်က ဖရဲသီး(855) တစ်ကီလိုဂရမ်လျှင် အမြင့်ဆုံးဈေး ၃ ဒသမ ၂ ယွမ်၊ အရည်အသွေးအကောင်းဆုံး သခွားမွှေး တစ်ကီလိုဂရမ်လျှင် ၅ ဒသမ ၈ ယွမ်မှ ၆ ယွမ်ကြားနှင့် အစေ့မဲ့အသီး တစ်ကီလိုဂရမ်လျှင် ၅ ဒသမ ၄ ယွမ် ဈေးရခဲ့ပြီး ဖေဖော်ဝါရီ ၁၁ ရက်နောက်ပိုင်းမှစ၍ လက်ရှိအချိန်အထိ ဖရဲသီး(855) တစ်ကီလိုဂရမ်လျှင် အမြင့်ဆုံးဈေး ၄ ဒသမ ၂ ယွမ်အထိ မြင့်တက်လာကြောင်း၊ အစေ့မဲ့အသီးမှာ တစ်ကီလိုဂရမ်လျှင် ၅ ဒသမ ၇ ယွမ်အထိ မြင့်တက်လာကြောင်း၊ သခွားမွှေးမှာမူ တစ်ကီလိုဂရမ်လျှင် ၅ ဒသမ ၈ ယွမ်မှ ၆ ယွမ်ကြား ယခင်ဈေးအတိုင်းရှိကြောင်း နယ်စပ်သစ်သီးကုန်သည်တစ်ဦးထံမှ သိရသည်။

ထို့ပြင် Border Trade 2.0 Systemကို ထပ်မံအဆင့်မြှင့်တင်ပေးထားပြီး မြှင့်တင်သည့် အဓိကအချက် လေးချက်ဖြစ်သော ခါလီတန်ချိန်၊ ကုန်ချရမည့်ဆိပ်ကမ်း၊ သစ်သီးတင်ဆောင်လာသော ယာဉ်ပုံများနှင့် ရောဂါပိုးမွှားဆေးစစ်ချက် မှတ်တမ်းများကိုလည်း အချက်အလက် မှတ်တမ်းတင်ပြီးပါက နောက်တစ်ကြိမ် တရုတ်နိုင်ငံဘက်သို့ ပြန်လည်ဝင်ရောက်သည့်အခါ အလွယ်တကူ ဖြတ်သန်းသွားလာနိုင်တော့မည် ဖြစ်ကြောင်းလည်း နယ်စပ်ကုန်သည်လုပ်ငန်းရှင်များထံမှ သိရသည်။ ထိုသို့ ဒေသထွက်ဖရဲသီးနှင့် အစေ့မဲ့အသီးများ အရောင်းအဝယ်ကောင်းလာပြီး ဈေးနှုန်းမြင့်တက်လာသောကြောင့် ဒေသခံ သစ်သီးစိုက်တောင်သူများ စီးပွားရေး အဆင်ပြေ ချောမွေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပေါက်ခေါင်းမြို့နယ်၌ ဆောင်းရာသီ ဆီထွက်သီးနှံများ လျာထားကေထက် ကျော်လွန်စိုက်ပျိုးထား

**ပေါက်ခေါင်း ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ပြည်တွင်းစားသုံးဆီ ဖူလုံပိုလျှံရေးအတွက် ယခုနှစ်ဆောင်းရာသီအတွင်း တောင်သူများ၏ လယ်ယာစိုက်ပျိုးမြေများတွင် စိုက်ပျိုးသည့် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊နှမ်းနှင့်နေကြာသီးနှံ စုစုပေါင်း ၇၈၄၆ ကေကို စိုက်ပျိုးခဲ့ကာ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ပေါက်ခေါင်းမြို့နယ်ရှိ တောင်သူများသည် ဆောင်းသီးနှံနေကြာကို သီးသန့်စိုက်ခင်းများဖြင့်လည်းကောင်း၊ မတ်ပဲ၊ ပဲတီစိမ်းများနှင့် ရော၍ ပင်ကြား၊ တန်းကြားသီးညှပ်စိုက်ခင်းများဖြင့်လည်းကောင်း စိုက်ပျိုးထားရှိကြသည်။ ဆောင်းနေကြာကို အိုင်ဇောက်၊ ကြို့ပင်ဝိုင်း၊ ဝက်တိုး၊ ငွေးပင်ခုန်၊ ချောင်းကျိုး၊ သပြေတောင်နှင့် သစ်ရောင်းပြန်ကျေးရွာအုပ်စုတို့တွင် နိုဝင်ဘာလအတွင်းက စိုက်ပျိုးပြီးစီးခဲ့ပြီး အဆိုပါ ဆောင်းဆီထွက်သီးနှံများ ရိတ်သိမ်းပြီးချိန်တွင် သုံးသီးစားအဖြစ် နွေစပါးသီးနှံကို ဆက်လက် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

နေကြာသီးနှံစိုက်ခင်းများ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ ဒေသနှင့်ကိုက်ညီသည့် နေကြာမျိုးများ ရွေးချယ်စိုက်ပျိုးရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲနိုင်ရေးနှင့် စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ကွင်းဝန်ထမ်းတာဝန်ရှိသူများက တောင်သူများနှင့် ပူးပေါင်း၍ နည်းပညာများကူညီပံ့ပိုးပေးခြင်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထောက်ပံ့ပေးခြင်းနှင့် သွင်းအားစုများ ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းထွန်းအောင်**
**(ပြန်/ဆက်)**

# ကန့်ဘလူမြို့၌ မီးဖိုချောင်သီးနှံနှင့် ပန်းမျိုးစုံ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်း

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ဒေသခံတောင်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပြင် တစ်ဖက်တစ်လမ်းမှ လတ်တလောဝင်ငွေရရှိသည့် မီးဖိုချောင်သုံး စားပင်သီးနှံများ၊ ပန်းများကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးလုပ်ကိုင်လာကြပြီး စိုက်ပျိုးခင်းများ အောင်မြင်ဖြစ်ထွန်းကာ မိသားစုစီးပွားရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် ပြည်သူများ မဖြစ်မနေဝယ်ယူစားသုံးကြသော မီးဖိုချောင်သီးနှံများဖြစ်သည့် ပန်းမုန်လာပွင့်၊ ကိုက်လန်၊ မုန်လာထုပ်၊ နံနံ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခရမ်းသီး၊ ခရမ်းချဉ်သီးများနှင့် ဂန္ဓမာပန်းများကို တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးနေခြင်းဖြစ်သည်။



"အခုကျွန်တော်စိုက်ပျိုးထားတာက ခရမ်း၊ ခရမ်းချဉ်၊ မေမြို့ပန်း၊ နံနံပင်တွေဖြစ်ပြီး အဓိကစိုက်ပျိုးထားတာကတော့ မေမြို့ပန်းပါ။ ကြက်သွန်နီ၊ ကြက်သွန်ဖြူလည်း စိုက်ပျိုးထားပါတယ်။ ပန်းတစ်စည်းကို ကျပ် ၃၀၀/၄၀၀ နဲ့ ဖောက်သည်ပေးရပါတယ်။ ကိုယ်တိုင်ထိုင်ရောင်းရင် ပန်းတစ်စည်းကို ကျပ် ၅၀၀ ရပါတယ်။ ခရမ်းသီးဆိုရင် တစ်ပိဿာ ကျပ် ၁၀၀၀/၁၅၀၀ ရောင်းရပြီး ကိုယ်တိုင်ထိုင်ရောင်းတာလည်းရှိပါတယ်။ တစ်ရက်ကို နှစ်သောင်း သုံးသောင်းဝင်တယ်၊ တစ်ခါတလေ လေးငါးသောင်း တစ်သိန်းလည်းရပါတယ်။ ဒီနှစ်အနေနဲ့ မဆိုးဘူးလို့ ပြောလို့ရပါတယ်။ နောက်ထပ်စိုက်ပျိုးမယ့် သီးနှံတွေအတွက် ထယ်ရေးပြင်ပြီး ခဝဲ၊ သခွား၊ ဘူးစိုက်ပါမယ်" ဟု ကန့်ဘလူမြို့ အမှတ် (၂) ရပ်ကွက်မှ တောင်သူ ဦးဝင်းထွန်းက ပြောသည်။

ကန့်ဘလူမြို့နယ်တွင် စားပင်သီးနှံစုံစိုက်ခင်းများကို ဈေးကွက်အခြေအနေပေါ်မူတည်၍ ရာသီအလိုက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးကာ ကန့်ဘလူမြို့မဈေး၌ ကိုယ်တိုင်ရောင်းချခြင်း၊ ဖောက်သည်ပေးခြင်း၊ ရပ်ကွက်များအတွင်း လှည့်လည်ရောင်းချခြင်းဖြင့် မိသားစုစီးပွားရေး အဆင်ပြေလျက်ရှိကြောင်း စိုက်ပျိုးလုပ်ကိုင်သူ တောင်သူများထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဆောင်းသီးနှံ ကုလားပဲများ စတင်ရိတ်သိမ်းချိန် ဈေးကောင်းရရှိ

**ချောင်းဦး ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ ဆောင်းသီးနှံပဲမျိုးစုံကို ၃၉၄၈၈ ကေ စိုက်ပျိုးထားပြီး ကုလားပဲသီးနှံကို ၂၉၄၁၄ ကေ စိုက်ပျိုးထားကြောင်းနှင့် ယခုအခါ ဆောင်းသီးနှံ ကုလားပဲများကို စတင်ရိတ်သိမ်းလျက်ရှိပြီး ဈေးကောင်းရနေကြောင်း သိရသည်။

ချောင်းဦးမြို့နယ်၌ ဆောင်းသီးနှံ ကုလားပဲသည် စိုက်ကေအများဆုံးဖြစ်ပြီး ပြည်ပပို့ကုန် ပဲမျိုးစုံတိုးတက်ပို့ဆောင်နိုင်ရေး ဆောင်ရွက်နေသည့် မြို့နယ်တစ်ခုဖြစ်ကြောင်း သိရသည်။ ယခုအချိန်တွင် ကုလားပဲစိုက်ခင်းများ အပင်ဖြစ်ထွန်းမှုအားကောင်းပြီး ပိုးမွှားရောဂါများ ကျရောက်မှုမရှိကြောင်း၊ အောက်တိုဘာလက စိုက်ပျိုးထားသည့် ကုလားပဲခင်းများ စတင်ရိတ်သိမ်းနေပြီး အထွက်နှုန်းမှာ တစ်ကေ ၂၂ တင်းအထိ ထွက်ရှိကြောင်း၊ ယခုအချိန်တွင် ကုလားပဲ ရေဆင်း- ၃ တစ်တင်းလျှင် ကျပ် ၆၄၂၀၀၊ ရေဆင်း-၈ တစ်တင်းလျှင် ကျပ် ၈၃၀၀၀ အထိ ရရှိကြောင်း၊ တစ်ကေလျှင် ကုန်ကျစရိတ် ကျပ်သုံးသိန်းခန့်ရှိပြီး အမြတ်ငွေ ကျပ် ၁၀ သိန်းမှ ၁၅ သိန်းအထိ ရရှိကြောင်း၊ ကုလားပဲစိုက်ပျိုးရာတွင် ယူရီးယား ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကူညီပံ့ပိုးပေးကြောင်း မကျီးခွကျေးရွာမှ ကုလားပဲ စိုက်ပျိုးနေသည့် တောင်သူ ဦးသောင်းက ပြောသည်။

ချောင်းဦးမြို့နယ်၌ ကုလားပဲ ရေဆင်း-၃၊ ၆၊ ၈၊ ၁၁၊ ၁၂ မျိုးများကို စိုက်ပျိုးကြပြီး ယခင်မျိုးစေ့ထုတ် တောင်သူများထံမှ မျိုးများကို တောင်သူဖလှယ်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ကုလားပဲကို အတန်းလိုက်စနစ်နှင့် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ အတန်းလိုက် စိုက်ပျိုးခြင်းမှာ အပင်ပြုစုထိန်းသိမ်းရန် လွယ်ကူခြင်း၊ မျိုးစေ့နှုန်းထား သက်သာခြင်း၊ လေဝင်လေထွက် ကောင်းမွန်၍ ပိုးမွှားရောဂါများ ကာကွယ်နှိမ်နင်းရန် လွယ်ကူခြင်း၊ အပင်ဦးရေ ပြည့်မီခြင်း၊ အထွက်နှုန်းကောင်းခြင်းစသည့် အားသာချက်များရှိသဖြင့် အတန်းလိုက်စနစ်ကို ပိုမိုစိုက်ပျိုးလာကြကြောင်း၊ ယခုနှစ်တွင် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးထားသည့် တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲနိုင်ပြီး ကုန်ကျစရိတ် သက်သာသည့် သဘာဝပိုးမွှားရောဂါကာကွယ်ဆေးများကို သုံးစွဲမှုလည်း ပိုမိုများပြားလာကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးထံမှ သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့နယ်ထွက် သခွားမွှေးသီးများ ဈေးကောင်းရရှိ

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ဒေသထွက် သခွားမွှေးသီးများ ဈေးကောင်းရရှိနေ၍ စိုက်ပျိုးရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျိုင်းတုံမြို့နယ်၌ သခွားမွှေးသီးများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်စိုက်ပျိုးခဲ့ပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း ခူးဆွတ်ရောင်းချလျက်ရှိသည်။ အဆိုပါ သခွားမွှေးသီးများကို ကျိုင်းတုံမြို့ အထွက် တာချီလိတ်သွား ကားလမ်းဘေးတစ်လျှောက် စိုက်ပျိုးခူးဆွတ်၍ အရွယ်အစား၊ အမျိုးအစားအလိုက် တစ်ကီလိုခန့် တစ်လုံးလျှင် ကျပ် ၃၀၀၀ ခန့်ဈေးဖြင့် ရောင်းချလျက်ရှိရာ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများက ဝယ်ယူစားသုံးလျက်ရှိကြောင်းသိရသည်။

အဆိုပါ သခွားမွှေးသီးများကို မိုင်းဇင်းကျေးရွာအုပ်စုတွင် အများဆုံး စိုက်ပျိုးလျက်ရှိပြီး သဘာဝအရသာရှိသည့် သခွားမွှေးသီးများကို စားသုံးသူများ ကြိုက်နှစ်သက်ကြသည့်အတွက် သခွားမွှေးစိုက်ပျိုးရောင်းချသည့် တောင်သူများ ဈေးကောင်းရရှိ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



# မြို့နယ်အချို့၌ မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ပျက်စီးမှုဖြစ်

## နတ်တလင်း

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်အတွင်းတွင် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၄ နာရီခွဲခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကျွဲသေအုပ်စု ကျွဲသေရွာတွင် အမိုးလန်နေအိမ်ခုနစ်လုံး၊ ဘုရားထုရွာတွင် အမိုးလန်နေအိမ် ၄၄ လုံးနှင့် နေအိမ်နှစ်လုံး ပြိုလဲသွားကြောင်း၊ ကျန်တောအုပ်စု အညာတန်းရွာတွင် အမိုးလန်နေအိမ်လေးလုံး၊ ကံလယ်ရွာတွင် အမိုးလန်နေအိမ်သုံးလုံး၊ ချောင်းသုံးခွအုပ်စု ကံသာယာရွာတွင် အမိုးလန် နေအိမ် ၅၁ လုံး၊ နေအိမ်သုံးလုံး ပြိုလဲသွားကြောင်း၊ မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် စုစုပေါင်းနေအိမ် ငါးလုံး ပြိုလဲပြီး အမိုးလန်နေအိမ် ၁၀၉ အိမ်ရှိကြောင်း၊အဆိုပါနေအိမ်များ ပျက်စီးသွားခြင်းကြောင့် အိမ်ခြေ ၁၁၄ စု၊ လူဦးရေ ၃၇၀ လေဘေးသင့်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် ယင်းနေရာများသို့ တာပွန်နယ်မြေရဲစခန်းမှ စခန်းမှူးနှင့်အဖွဲ့၊ နယ်မြေခံမီးသတ်တပ်ဖွဲ့တို့ သွားရောက်၍ နယ်မြေခံစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများက လိုအပ်သည်များကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

## သာပေါင်း

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ယနေ့ နံနက် ၇ နာရီခွဲ မှစ၍ စစ်ပင်ကြီးကျေးရွာအုပ်စု၌ နေအိမ်ပြို နှစ်လုံး၊ ကျားရဲကျေးရွာအုပ်စု မဏ္ဍိုင်ကျေးရွာ၌ နေအိမ်ပြိုတစ်လုံး ပေါင်းသုံးလုံး၊ ဘုရားနီကျေးရွာအုပ်စု၌ နေအိမ်အမိုးလန် တစ်လုံး၊ စစ်ပင်ကြီးကျေးရွာအုပ်စု၌ နေအိမ်အမိုးလန် သုံးလုံး ပေါင်းလေးလုံး ပျက်စီးခဲ့သည်။

နေအိမ်အမိုးလန်၊ ပြိုကျပျက်စီးမှုနှင့်ပတ်သက်၍ လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်းနှင့် ၎င်းတို့အား နီးစပ်ရာဆွေမျိုးများ နေအိမ်တွင် ပြောင်းရွှေ့နေထိုင်ရေး သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးထားကြောင်း သိရသည်။

**မျိုးဇော်သိန်း(ပြန်/ဆက်)**

## ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ယမန်နေ့က မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် ရန်ကုန်တိရစ္ဆာန်



ရုံဝင်းရှေ့ ကန်ရိပ်သာလမ်းရှိ စိန်ပန်းပင်အမြစ်မှလဲကာ လမ်းပေါ်သို့ လဲကျခဲ့ပြီး လူထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

ထို့အတူ သမိန်ဗရမ်းလမ်း၊ သဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်းရှိ ညောင်ပင်အမြစ်မှလဲ၍ ကားတစ်စီးပေါ် ညောင်ကိုင်းပိခြင်း၊ အုတ်ခြံစည်းရိုး ၁၀ ပေခန့် ပြိုလဲခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး လူထိခိုက်မှုမရှိခဲ့ကြောင်း သိရှိရသည်။ (ဓါတ်ပုံ)

အဆိုပါ သစ်ပင်၊ သစ်ကိုင်းများ လဲကျပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်နေရာများသို့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက သွားရောက်ကာ အချိန်မီ ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တိုက်ကြီး

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲပိုင်းက မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် သစ်ပင်များ လဲပြိုမှုဖြစ်ပွားခဲ့သည်။

ထိုသို့မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် တိုက်ကြီးမြို့နယ်အတွင်းရှိ ဗောဓိကုန်းရပ်ကွက် စုပေါင်းရုံးလမ်းတွင် လုံးပတ် နှစ်ပေခန့်၊ အမြင့် ပေ ၂၀ ခန့်ရှိ ဗံဒါပင်တစ်ပင် လဲပြိုခြင်း၊ မင်္ဂလာရပ်ကွက် တိုက်ကြီး–ပဲခူး လမ်းပေါ်တွင် လုံးပတ် သုံးပေ၊ အမြင့် ပေ ၄၀ ခန့်ရှိ မလေးရှားပိတောက်ပင် လေးပင် လဲပြိုခြင်းတို့ကြောင့် လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ရာ တိုက်ကြီးမြို့နယ် မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးဇော်ချစ်ထက် ဦးဆောင်သော သန္တေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် တစ်စီးနှင့်အတူ သွားရောက်ခုတ်ထွင် ဖယ်ရှားရှင်းလင်းရာ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသည်။

အဆိုပါမိုးသက်လေပြင်းများ တိုက်ခတ်၍ သစ်ပင်များလဲပြိုမှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုတစ်စုံတစ်ရာ မရှိကြောင်း သိရသည်။

**စန်းကလျာခိုင်(ပြန်/ဆက်)**

## မင်းလှ

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်က အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စုများတွင် လူနေအိမ်များ အမိုးလန်ခြင်းနှင့် ပြိုလဲပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အတွင်းရှိ ထန်းပင်ကုန်းကျေးရွာအုပ်စုတွင် လူနေအိမ်ခြောက်လုံးပြိုလဲ၊ ၁၀ လုံးအမိုးလန်၊ ထောက်ကြန့်ကျေးရွာအုပ်စုတွင် လူနေအိမ်လေးလုံးနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းအမိုးလန်၊ စမ်းဘုတ်ကျေးရွာတွင် လူနေအိမ်တစ်လုံးအမိုးလန်၊ ရွှေဝါမြိုင်ကျေးရွာတွင် လူနေအိမ်တစ်လုံး အမိုးလန်၊ ထောက်ကြန့်ကွင်း(အမ်)ကျေးရွာတွင် လူနေအိမ်နှစ်လုံး အမိုးလန်၊ စုစုပေါင်း ပြိုလဲနေအိမ်ခြောက်လုံး၊ အမိုးလန်နေအိမ် ၁၈ လုံး၊ အိမ်ထောင်စု ၂၄ စု၊ လူဦးရေ ၉၅ ဦး ဘေးသင့်ခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း၊ လေဘေးသင့် ကျေးရွာများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ လိုအပ်သည့် ကူညီကယ်ဆယ်ရေးများနှင့် ထောက်ပံ့မှုများကို သွားရောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွှေမင်းဝံရပ်ကွက်နေ သန့်ဇင်ဝင်း(ခ)ဆိုးခါးသည် ၎င်းအသုံးပြုသည့် "Soe Kharr(ဆိုးခါး) Facebook အကောင့်နှင့် "Thant Zin Win" Face-book အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်နေ ထွန်းထွန်းနိုင်သည် ၎င်းအသုံးပြုသည့် "Oo Oo Pro(Tun Lay)" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပရီမီယာလိဂ်တန်းတက်ခွင့် မျှော်လင့်ချက်အားကောင်းလာတဲ့ ဘန်လေ

၂၀၂၂–၂၀၂၃ ဘောလုံးရာသီ ချန်ပီယံရှစ်ကို စတင်ယှဉ်ပြိုင်ကစားလာတာ ပွဲစဉ် (၃၀) ကို ကျော်လွန်လာပြီဖြစ်ပါတယ်။ ပွဲစဉ် (၃၀) ကျော်လွန်လာတဲ့အတောအတွင်း ဘန်လေအသင်းက ပရီမီယာလိဂ်ကို တစ်ကျော့ပြန် တန်းတက်ခွင့်ရရှိရေး မျှော်လင့်ချက် အားကောင်းလာပြီလို့ ဆိုရမှာဖြစ်တယ်။

ဘန်လေအသင်းကို လက်ရှိနည်းပြနေတာက မန်စီးတီးအသင်း ခံစစ်ကစားသမားဟောင်းဗင်းဆင့်ကွန်ပနီဖြစ်ပြီး အသင်းနည်းပြအဖြစ် ၂၀၂၂ ခုနှစ် ဇွန် ၁၄ ရက်မှာ ခန့်အပ်ခဲ့တာပါ။ နည်းပြ ကွန်ပနီဟာ ဘန်လေအသင်းကို လက်ရှိအချိန်အထိ ၃၇ ပွဲ ကိုင်တွယ်ထားရာ ၂၄ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားပြီး ၁၀ ပွဲသရေနဲ့ သုံးပွဲသာ ရှုံးနိမ့်ထားတဲ့အထိ ရလဒ်ကောင်းတွေ ရရှိအောင် ကူညီပေးထားနိုင်တယ်။

အဲဒီလို စွမ်းဆောင်ရည်တွေကြောင့် နည်းပြကွန်ပနီကို ချန်ပီယံရှစ်သမိုင်းရဲ့ အကောင်းဆုံးနည်းပြတွေထဲက တစ်ယောက်အဖြစ် သတင်းတွေမှာ ဖော်ပြထားပါတယ်။ ဘယ်လိုပဲဆိုစေ ကစားသမား ဘဝမှာ အောင်မြင်မှုသရဖူစိုက်ထူထားနိုင်တဲ့ ကွန်ပနီအနေနဲ့ နည်းပြ ဘဝမှာလည်း လာမယ့်ပွဲစဉ်တွေမှာ ရလဒ်ကောင်းတွေ ဆက်လက်ရယူကာ လာမယ့်နှစ်မှာ ဘန်လေအသင်းကို ပရီမီယာလိဂ် တန်းတက်ခွင့်ရအောင် ကူညီပေးသွားနိုင်မလား ဆိုတာကတော့ ဆက်လက်စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**မိုးစက်**

❒ *ကျောဖုံးမှ*

ပွဲချိန် ၃၁ မိနစ်တွင် ကော်တင်ဟိုက အက်စ်တွန်ဗီလာအသင်းအတွက် ဒုတိယဂိုးသွင်းယူနိုင်ခဲ့သော်လည်း အာဆင်နယ်အသင်းမှ ဇင်ချန်ကိုက ပွဲချိန် ၆၁ မိနစ်တွင် ဒုတိယချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ပွဲချိန် ပြည့်ခါနီးသည်အထိ တစ်ဖက်နှစ်ဂိုးစီ သရေကျနေခဲ့သော်လည်း နာကျင်အချိန်ပိုတွင် မာတီနက်ဇ် ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ အာဆင်နယ်အသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ နာကျင်အချိန်ပို ၈ မိနစ်အရောက်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် အာဆင်နယ်အတွက် စတုတ္ထဂိုးကို လူစားဝင် ကစားသမား မာတင်နယ်လီက သွင်းယူပေးခဲ့သည်။

အာဆင်နယ် အသင်းသည် ယခုနိုင်ပွဲကြောင့် ၂၃ ပွဲ ကစားပြီး ရမှတ် ၅၄ မှတ်ရရှိကာ ဇယားထိပ်၌ ပြန်လည်ရပ်တည်နိုင်ခဲ့ပြီး ပြိုင်ဘက် အက်စ်တွန်ဗီလာ အသင်းက ၂၃ ပွဲ ကစားပြီး ၂၈ မှတ် ရရှိထားသည်။

အခြားပွဲစဉ်ရလဒ်မှာ ဖောရက်စ်နှင့် မန်စီးတီးတို့ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ မန်စီးတီးတို့ ယခုပွဲသရေကြောင့် ၂၄ ပွဲကစား ရမှတ် ၅၂ မှတ် ရရှိကာ ဒုတိယနေရာ၌ ရပ်တည်နေသည်။ ဘရန့်ဖို့ဒ်နှင့် ပဲလေ့စ် တစ်ဂိုးစီသရေဖြစ်ပြီး ဘရိုက်တန်က ဖူလ်ဟမ်ကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးသည်။ အဲဗာတန်က လိဒ်ကို တစ်ဂိုး– ဂိုးမရှိဖြင့် အနိုင်ရပြီး ချယ်ဆီးက ဆောက်သမ်တန်ကို တစ်ဂိုး–ဂိုး မရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ဝုလ်ကဘုန်းမောက်ကိုတစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးသည်။

**အောင်ဇော်**

# ငွေတိုး စီမံကိန်းများကြောင့် ပြည်သူများ ဝင်ငွေတိုးတော့မည်

**မောင်ကျော်မိုး (SSID)**

**မောင်တိုး**။ ။ အဘိုးရေ…အဘိုး၊ အဘိုးရေ…အဘိုး။

**ဦးငွေ** ။ ။ ဟ ဘာလဲကွာ၊ ရေးကြီးသုတ်ပျာနဲ့ ဘာလို့ အဆက်မပြတ် အော်ခေါ်နေရသလဲကွ။

**မောင်တိုး**။ ။ အဘိုးရေ ကျွန်တော်အခုပဲ မြို့ကပြန်လာတာ။ အဘိုးအတွက် စားစရာတွေလာပို့ရင်း သတင်းထူးတစ်ခု ကြားလို့ အဘိုးကို လာပြောတာပါဗျ။ အဘိုးက ရှေးရှေးကတည်းက စာတတ်ပုဂ္ဂိုလ်လည်းဖြစ်၊ ရွာကလည်း လေးစားရတဲ့သူတစ်ယောက်မို့ ပါဗျ။

**ဦးငွေ** ။ ။ အေးပါကွ၊ ကိုယ့်အဘိုးကို အဲဒီလောက်အမွှမ်းတင်နေစရာ မလိုပါဘူးကွာ၊ ပြောစရာ ရှိတာသာပြောပါ။

**မောင်တိုး**။ ။ ကျွန်တော် မြို့သွားတုန်းက မြို့ကလက်ဖက်ရည်ဆိုင်မှာ လူတွေပြောနေကြတာ နားထောင်ကြည့်ရင်း ကြားခဲ့ရတာဗျ။ အခုတလော နိုင်ငံတော်ဝန်ကြီးချုပ်က MSME လုပ်ငန်းတွေ ဖွံ့ဖြိုးရေးဆောင်ရွက်ဖို့ နိုင်ငံအနှံ့သွားရင်း လမ်းညွှန်မှုတွေ ပြုလုပ်နေတာ အဘိုးလည်း သိတယ်မဟုတ်လား။

**ဦးငွေ** ။ ။ အေးလေ တီဗွီတွေထဲမှာ နေ့တိုင်းနီးပါး တွေ့နေရတော့ ငါလည်း သိပြီးပါပြီ။

**မောင်တိုး** ။ ။ အခုဟာက ပိုထူးတယ်အဘိုးရေ… ကျွန်တော်တို့ရွာတွေမှာ ကိုယ့်အားကိုယ်ကိုးနဲ့ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလေးတွေ ရွာတိုင်းရှိနေတာ အဘိုးလည်း သိနေတာပဲ။ အခုက အဲဒီလိုကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ့်အားကိုယ်ကိုး လုပ်နေကြတဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်အောင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကျေးရွာတစ်ရွာ ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ကူညီပေးမယ့်အစီအစဉ်ရှိတယ်လို့ ကြားလို့ဗျ။ ကျွန်တော်တို့ရွာက အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်နေသူတွေကို ရစေချင်လို့ပါ အဘိုးရ။

**ဦးငွေ** ။ ။ အေးပါကွာ… ဒါဆိုမင်းက ပြည့်ပြည့်စုံစုံမေးခဲ့လို့လားကွ၊ မင်းကလည်း နိုင်ငံတော်က ကျေးရွာတိုင်း တစ်ရွာကို ငွေကျပ်သိန်း ၁၀၀ ဘယ်လိုလုပ် အလကားပေးနိုင်မှာလဲကွ။

**မောင်တိုး**။ ။ ကျွန်တော်ကလည်း အဘိုးမြေးပါဗျ။ လက်ဖက်ရည်ဆိုင်က သတင်းကြားကြားချင်း မြို့က အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးမှာ သေသေချာချာ မေးခဲ့တာပါ အဘိုးရ။

**ဦးငွေ** ။ ။ အေး…ဒါဆို အသေးစိတ်ပြောပြစမ်းပါဦး။

**မောင်တိုး**။ ။ အဓိကကတော့ ကျေးရွာမှာ အသေးစားကုန်ထုတ်လုပ်ငန်း တကယ်လုပ်ကိုင်လိုတဲ့သူတွေကို ထောက်ပံ့ပေးမှာတဲ့။ ရွာအလိုက် အသေးစားကုန်ထုတ်လုပ်ငန်း လုပ်ကိုင်လိုသူတွေက အရင်ဆုံး အစုအဖွဲ့တွေဖွဲ့ရမယ်။ ပြီးရင် သူတို့လုပ်ချင်တဲ့ ကုန်ထုတ်လုပ်ငန်း အမျိုးအစားကို အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်တွေက နည်းပညာပေး သင်တန်းပို့ချပေးမယ်တဲ့။ ပို့ချပေးလို့ တတ်မြောက်ကျွမ်းကျင်သွားရင် သူတို့လုပ်မယ့် လုပ်ငန်းအတွက် လိုအပ်မယ့် လုပ်ငန်းသုံးပစ္စည်းတွေကို လူတစ်ဦးကို ငွေကျပ် ၁၀ သိန်းနှုန်းနဲ့ ညီမျှတဲ့ပစ္စည်းတွေ ထောက်ပံ့ပေးမယ်။ သင်တန်းတက်တဲ့ သူတွေထဲက ငါးဦးကိုပဲ ထောက်ပံ့ပေးမှာတဲ့ဗျအဘိုးရ။



တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းပို့ချနေပုံ။

**ဦးငွေ** ။ ။ ဟေ…ဒါဆို မင်းပြောတော့ တစ်ရွာကို ငွေကျပ်သိန်း ၁၀၀ ဆိုကွ၊ အခုက ငွေသိန်း ၅၀ တည်းပေးသလို ဖြစ်နေတယ်။

**မောင်တိုး**။ ။ ဟာ… အဘိုးကလည်း ဒါကို ကျွန်တော် သေချာရှင်းပြပါ့မယ်။ ကျန်တဲ့ငွေကျပ်သိန်း ၅၀ က သင်တန်းပေးရဦးမှာလေ။ သင်တန်းကုန်ကျစရိတ်ကို ငွေကျပ်သိန်း ၅၀ လျာထားပါတယ်တဲ့။ သင်တန်းမှာ ကုန်ကြမ်းဝယ်တာတွေ အပါအဝင် အဲဒီသိန်း ၅၀ လုံးကို ရွာက ဖွဲ့စည်းထားတဲ့ အဖွဲ့ကပဲ ငွေစာရင်း စနစ်တကျ ရေးဆွဲပြီး ထိန်းသိမ်းသုံးစွဲရမှာတဲ့ အဘိုးရ။ ဒါ့အပြင် သင်တန်းက တစ်ကြိမ်တည်းမဟုတ်ဘဲ ကုန်ထုတ်လုပ်တဲ့ နည်းပညာတွေအပြင် ဈေးကွက်နဲ့ ဆိုင်တာတွေ၊ အရည်အသွေး ထိန်းသိမ်းနည်းတွေ၊ စားသုံးတဲ့သူတွေဘေးဥပဒ်အန္တရာယ် ကင်းရှင်းအောင် ဆောင်ရွက်မယ့် နည်းလမ်းတွေကို ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင် ဆရာ ဆရာမတွေက လာသင်ပေးဦးမှာတဲ့ အဘိုးရ…။

**ဦးငွေ** ။ ။ ဟေ…ဒါဆို အသေးစားကုန်ထုတ်လုပ်သူတွေအတွက် ဘာလိုဦးတော့မလဲကွ၊ အတော်ဟန်ကျတာပဲ။

**မောင်တိုး**။ ။ ဟုတ်တယ် အဘိုးရေ…နည်းပညာလည်း စနစ်တကျ သင်ခွင့်ရမယ်။ သင်တန်းပြီးရင် ရင်းနှီးပစ္စည်းတွေလည်း ရမယ်ဆိုတော့ လုပ်ငန်းလုပ်လိုတဲ့သူတွေအတွက် “ရေကန်အသင့် ကြာအသင့်”ပဲပေါ့ အဘိုးရေ။ ဒါတင်မဟုတ်ဘဲနဲ့ ထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းတွေ ရောင်းချဖို့အတွက်လည်း ခတ်ခွဲစမ်းသပ်ပေးတာတွေ၊ မြို့က Super Market ကြီးတွေမှာ တင်ပြီး ရောင်းချဖို့အတွက် လုပ်ငန်းမှတ်ပုံတင်လုပ်ပေးတာတွေလည်း ဌာနက ကူညီဆောင်ရွက်ပေးဦးမှာတဲ့ဗျ။ ဒါ့ပြင် အခါအားလျော်စွာလုပ်တဲ့ အသေးစားထုတ်ကုန်ပစ္စည်း ဈေးရောင်းပွဲတော်တွေမှာလည်း အခမဲ့ကြော်ငြာပြီး ရောင်းချခွင့်ပေးဦးမှာတဲ့ အဘိုးရေ။

**ဦးငွေ** ။ ။ အေး… ဒါဆိုရင် MSME လုပ်ငန်းလုပ်လိုတဲ့ တို့ရွာကသူတွေကို ကြိုပြီး အသိပေးဦးမှပေါ့ မောင်တိုးရေ။

**မောင်တိုး**။ ။ အဲဒါကြောင့် အဘိုးကို ပြေးပြီးလာပြောရတာပေါ့ အဘိုးရာ။

**ဦးငွေ** ။ ။ အေးပါကွာ ငါ့မြေးရာ… မင်းလိုလူငယ်တွေ တို့ရွာမှာ အများကြီးလိုအပ်တယ်ကွ။ ဒါနဲ့ငါတို့နိုင်ငံမှာကျေးရွာပေါင်း ၆၄၀၀၀ ကျော် ရှိတယ်ဆိုတော့ ရွာတိုင်းရမှာလားကွ မောင်တိုးရ။

**မောင်တိုး**။ ။ အဲဒါပြောမလို့ အဘိုးရေ… ရွာတိုင်းမရဘူးတဲ့။ တကယ်လုပ်ငန်း ထူထောင်လိုတဲ့ ရွာတွေထဲက ရွာပေါင်း ၁၅၅ ရွာတည်း ရမှာတဲ့၊ ရှေ့ပြေးစမ်းသပ်စီမံကိန်းဆိုလားတဲ့ဗျာ။

**ဦးငွေ** ။ ။ ဩော်…အဲဒီလိုလားကွ၊ ဒါဆိုတို့ရွာမှာ အဲဒီ “ငွေတိုး” (Ngwe Toe) စီမံကိန်း လုပ်လို့ရအောင် ရွာကသူတွေကို ညကျစုပြီး ရှင်းပြလိုက်မယ်ကွာ။ သူတို့ တကယ်လုပ်ချင်တယ်ဆိုရင်တော့ ငါလည်းရွာထဲက လူကြီးတချို့ခေါ်ပြီး မင်းနဲ့အတူ မြို့ကိုတက်ရတော့မှာပဲ။ အသေးစားဌာနက လူကြီးတွေကို အမြန်သွားတွေ့ပြီး မြန်မြန်ကြိုတင်စီစဉ်မှပဲ မောင်တိုးရေ။ တော်ကြာ ငါတို့ရွာ ဖွံ့ဖြိုးဖို့ အဓိကလိုအပ်တဲ့ အသေးစားကုန်ထုတ်လုပ်ငန်းတွေအတွက် အကူအညီပေးတာ “ပေးကားပေး၏မရ” ဖြစ်နေလိမ့်မယ်။

**မောင်တိုး**။ ။ ဟုတ်ပ့ါ အဘိုးရေ… အမြန်ဆုံး စီစဉ်ကြရအောင်ဗျ။ မဝေးတော့တဲ့ အနာဂတ်မှာ အသေးစား ကုန်ထုတ်လုပ်ငန်းတွေ ဖွံ့ဖြိုးမှုကနေ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုဆီသို့ ဦးတည်နေပါပြီလော။ ။



အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းပို့ချနေပုံ။

✳ **ကျေးရွာမှာ အသေးစားကုန်ထုတ်လုပ်ငန်း တကယ်လုပ်ကိုင်လိုတဲ့သူတွေကို ထောက်ပံ့ပေးမှာတဲ့။ ရွာအလိုက် အသေးစားကုန်ထုတ်လုပ်ငန်း လုပ်ကိုင်လိုသူတွေက အရင်ဆုံး အစုအဖွဲ့တွေ ဖွဲ့ရမယ်။ ပြီးရင် သူတို့လုပ်ချင်တဲ့ ကုန်ထုတ်လုပ်ငန်း အမျိုးအစားကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်တွေက နည်းပညာပေး သင်တန်းပို့ချပေးမယ်တဲ့။ ပို့ချပေးလို့ တတ်မြောက်ကျွမ်းကျင်သွားရင် သူတို့လုပ်မယ့်လုပ်ငန်းအတွက် လိုအပ်မယ့် လုပ်ငန်းသုံးပစ္စည်းတွေကို လူတစ်ဦးကို ငွေကျပ် ၁၀ သိန်းနှုန်းနဲ့ ညီမျှတဲ့ပစ္စည်းတွေ ထောက်ပံ့ပေးမယ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အရိုးရောဂါအထူးကုဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး-မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၂-၂၀၂၃) ခု ဘဏ္ဍာရေးနှစ်အတွက် မန္တလေးမြို့၊ အရိုးရောဂါအထူးကု ဆေးရုံကြီး ခာတ်မှန်ဌာနရှိ MRI(1.5 Tesla)စက် ၏ Spare Part (Commercial Series Amplifier & XFD PS with FRU Packing RoHs Compliant) များ လဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းကြရန် ဖိတ်ကြားအပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

လျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၀-၂-၂၀၂၃ ရက် (တနင်္လာနေ့)

တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့် အချိန် - ၂၇-၂-၂၀၂၃ရက် (တနင်္လာနေ့) ညနေ ၄နာရီ

**တင်ဒါကော်မတီ**
**အရိုးရောဂါအထူးကုဆေးရုံကြီး၊မန္တလေးမြို့**
**ဖုန်း-၀၂၂၈၄၇၆၁၃**

**သုခမွှာလမ်းမပေါ် ၂ ထပ်တိုက်ရောင်းမည်**

စီးပွားရေးလုပ်ရန်နေရာကောင်း။
မ/ဥက္ကလာအဝိုင်းအနီး။ (ဃ)ဈေးရှေ့။
၂ထပ်BN ။ အောက်ထပ် HALL ။
အပေါ်ထပ် MB1, SB1 ။
၂၀×၅၀ (ရှေ့နောက်မြေပိုပါ)။ ဂရံအမည်ပေါက်
သိန်း (၄၈၀၀) ညှိနှိုင်း 09 43021001

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဖျာပုံမြို့နယ်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၈၄

၁။ ဦးကျော်နိုင်လင်း နှင့် ၁။ ဦးအောင်မြင့်ခိုင်
၂။ ဒေါ်ဇင်သီတာ ၂။ ဒေါ်အေးအေးရီ
၃။ ဒေါ်မြင့်မြင့်အေး
၄။ ဒေါ်မြင့်မြင့်ခိုင်
၅။ ဒေါ်ထွေးထွေးခိုင်
၆။ ဦးနိုင်ဦး
၇။ ဒေါ်ဇင်မာအောင်
၈။ ကိုထက်အာကာ
၉။ ကိုဇင်ညီထက်
၁၀။ ဦးသက်မင်းထွန်း
၁၁။ ဒေါ်ဇာဇာအောင်
၁၂။ မမေမြတ်နိုး
၁၃။ ဦးအေးချမ်းအောင်
၁၄။ ကိုခန့်ဇော်လင်း

**တရားလိုများ** **တရားပြိုင်များ**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ ပထမလမ်း၊ (၆)ရပ်ကွက်၊ အမှတ် (၅) ခြေရင်းခန်းနေ (၄) တရားပြိုင် ဒေါ်မြင့်မြင့်ခိုင်(ဘ) ဦးမောင်ခိုင်နှင့် (၁၄) တရားပြိုင် ကိုခန့်ဇော်လင်း(ဘ)ဦးကျော်ကျော်အောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်နိုင်လင်းပါ-၂ ဦးက ခွင့်ပြုချက်ဖြင့် နေထိုင်သူများအား ပြောင်းရွှေ့ဖယ်ရှားပေးစေလိုမှုကို လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် မတ် ၆ရက် (၁၃၈၄ ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီသီဟန်)**
**မြို့နယ်တရားသူကြီး**
**ဖျာပုံမြို့နယ်တရားရုံး**

## သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သပြေပင်ကျေးရွာနေ ကျွန်မ ဒေါ်သန်းသန်းဌေး ၈/မလန(နိုင်)၀၀၉၇၀၅ နှင့် ဦးစန်းလွင် ၈/ မလန(နိုင်)၀၀၉၇၀၈ တို့သည် ၉-၄-၂၀၂၁ရက်က နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ သို့ပါ၍ သပြေပင်ကျေးရွာရှိ ဒေါ်သန်းသန်းဌေး အမည်ပေါက် မြေကွက်နှင့် အိမ်သည် ဦးစန်းလွင်နှင့် လုံးဝ(လုံးဝ) သက်ဆိုင်ခြင်းမရှိပါကြောင်း ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဒေါ်သန်းသန်းဌေး**
**၈/မလန(နိုင်)၀၀၉၇၀၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/6177, SUZUKI CARRY DA63T, P/U (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးရဲထွန်းစိန် ၁၃/လရန(နိုင်) ၁၀၃၈၆၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/2081 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၈၃.ခ)၊ ကုလားတန်းအကွက်၊ ဦးပိုင်အမှတ်(၂၀၃-ဈ)၊ ဧရိယာ ၀ဒသမ ၀၅၂ ဧကရှိ ဦးမိုးကျော်အောင် အမည်ပေါက် မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကုန်စုံလမ်း၊ အမှတ်(၂)နေ ဒေါ်ရီရီမြင့်မှ မြေအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူ မဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့် ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာ အပ်ပါသည်။

**မြို့နယ်လယ်ယာမြေ**
**စီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**
**ပုသိမ်မြို့**

## ဦးမင်းနောင်(ခ)သန်းဌေး ၉/ပမန(နိုင်)၁၅၀၄၀၉၏ မြန်မာ့အလင်းသတင်းစာ (၁၈-၁၁-၂၀၂၂)ပါ ကြော်ငြာစာအပေါ် ရှင်းလင်းပြန်ကြားကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ လှိုင်တက္ကသိုလ်ဝင်း MICT Park တိုက် (၂)၊ အခန်း (၁)နေ ဦးရဲမြင့် ၁၂/ဒဂန(နိုင်)၀၂၃၂၃၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်-

၁။ ဦးမင်းနောင်(ခ)သန်းဌေး၏ကြော်ငြာစာသည် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၈ရက်၌ ချုပ်ဆိုသည့် နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ထိန်ချန်ပြီး ကြေညာခြင်းဖြစ်ပါသည်။

၂။ အထက်ပါ ၈-၁၁-၂၀၁၇ စာချုပ်ဖြင့် ဦးရဲမြင့်သည် ဦးမင်းနောင်(ခ)ဦးသန်းဌေးထံမှ စုစုပေါင်းမြေ (၃၈)ဧက (ကြေးပြင်ကွင်း)ကို ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရှေ့မှောက်၌ ဝယ်ယူပြီး လက်ရောက်ရရှိခဲ့ပါသည်။ ထိုသို့ ဝယ်ယူရာတွင် မြေကွက်တန်ဖိုးနှင့်တကွ မြေကွက်ပေါ်ရှိ သရက်ပင်များကိုပါ တန်ဖိုးသင့်ပေးချေခဲ့ပြီးဖြစ်ပါသည်။

၃။ မြေကွက်ဝယ်ယူသူ ဦးရဲမြင့်သည် ဝယ်ယူသည့်မြေကွက်ပေါ်၌ ထုံးကျောက်တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းကို လုပ်ကိုင်မည်ဖြစ်ကြောင်း အရောင်းအဝယ်စာချုပ်တွင် အတိအလင်းပါရှိပြီး မြေကွက်ရောင်းချသူ ဦးမင်းနောင်(ခ)ဦးသန်းဌေးမှ စက်မှုကုန်ကြမ်းထုတ်လုပ်ရန် လိုအပ်သည့်ကိစ္စရပ်များကို သက်ဆိုင်ရာရုံးဌာနအသီးသီး၌ ကူညီဆောင်ရွက်ပေးရန်နှင့် ဝယ်ယူသူအမည်ပေါက်ရရှိရန် ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပြုခဲ့ပါသည်။ ထို့နောက် ဝယ်ယူသူက မိမိအမည်ပေါက်ရရှိရန် လယ်ဝေးမြို့နယ်မြေစာရင်းဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိရာ ကျေးရွာအုပ်စုလယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့ထံ မြေကွက်တိုင်းတာနိုင်ရေးအတွက် လျှောက်ထားဆဲဖြစ်ပါသည်။

၄။ ထိုသို့ဝယ်ယူသည့် မြေကွက်သည် မူလကြေးပြင်ကွင်းအနေအထားသာရှိသည့်အပြင် ကပ်ရောဂါကျရောက်သည့်ကာလ၊ ခေတ်ကာလအခြေအနေအရပ်ရပ်ကြောင့် ဦးရဲမြင့်သည် လုပ်ငန်းစတင်နိုင်ခြင်းမရှိသေးသော်လည်းလုပ်ငန်းလုပ်ကိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ထိုသို့သောအခြေအနေတွင် မြေကွက်ဝယ်ယူသူ ဦးရဲမြင့်ထံ တစ်စုံတစ်ရာ အကြောင်းကြားခြင်းမပြုဘဲ သတင်းစာမှကြော်ငြာပြီး မိမိအပြီးအပိုင်ရောင်းချပြီးသည့်မြေကွက်အား စီမံခန့်ခွဲလုပ်ကိုင်ခြင်း၊ ပြန်လည်ရောင်းချခြင်းပြုမည်ဟု ကြော်ငြာခြင်းမှာ ဥပဒေနှင့်ညီညွတ်သည့်ကြော်ငြာချက်မဟုတ်ပါ။ လုံးဝ(လုံးဝ) လုပ်ပိုင်ခွင့်မရှိသည့်ကြော်ငြာချက်ဖြစ် ကြောင်း သိစေအပ်ပါသည်။

၆။ မြေကွက်အပြီးအပိုင် အရောင်းအဝယ်ပြုစဉ်က ဝယ်ယူသူအနေဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်းမပြု တော့သည့်အချိန်တွင် မြေကွက်အား ပြန်လည်ရောင်းချလိုပါက ရောင်းချသူသို့ ဦးစားပေးရောင်းချရန်နှင့် မူလအရောင်းအဝယ်ပြုသည့် ဈေးနှုန်းအတိုင်း ပြန်လည်ရောင်းချရန် သဘောတူကတိပြုခဲ့ခြင်းသာဖြစ်ပါသည်။

၇။ ထို့ကြောင့် မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ပင်သောင်ကျေးရွာအုပ်စု၊ ထုံးဘိုရွာ၊ ကွင်းအမှတ် (ကြေးပြင်) ဦးပိုင်အမှတ် (၉၀/၁)၊ စုစုပေါင်းဧရိယာအကျယ်အဝန်း (၃၈)ဧက၊ ဦးမင်းနောင်(ခ)ဦးသန်းဌေး အမည်ပေါက်၊ ယာမြေအမျိုးအစားမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဦးရဲမြင့် အပြီးအပိုင် ဝယ်ယူလက်ရောက်ရရှိထားသော မြေကွက်ဖြစ်ပါသဖြင့် ဦးရဲမြင့်၏ခွင့်ပြုချက်မရရှိဘဲ တစ်စုံတစ်ရာ လုပ်ငန်းဆောင်ရွက်ခြင်း၊ ကျူးကျော်ခြင်း၊ လွှဲပြောင်းခွင့်မရှိပါကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆွေဆွေညီမိး (LL.B, D.B.L, D.A.Psy)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၃၀)**

| ဒေါ်ဇင်မာ (LL.B) | ဦးကောင်းထက်ဇော် (LL.B) | ဒေါ်ခိုင်သက်ဇင် LL.B, MA (Business Law) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၄၈) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၈၉) | အထက်တန်းရှေ့နေ (စဉ်-၄၄၅၈၈) |

**Shwe Taung Yar Zar Law Firm**
ရုံးအမှတ်-၁၄၅၊ (ပ-အေ)၊ ၃၇-လမ်း(အလယ်) ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၈၂၂၃၄၊ ၀၉-၄၅၆၀၀၂၈၂၉

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ပျဉ်းမနားခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၃၄၀

ဦးကိုကို နှင့် ၁။ ဒေါ်မီးမီး
၂။ ဒေါ်အေးနန္ဒာထွန်း
**တရားလို** **တရားပြိုင်များ**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်၊ တောင်သစ်ထုတ်လုပ်ရေးဝင်းနေ (၂)တရားပြိုင် ဒေါ်အေးနန္ဒာထွန်း (ယခု လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကိုကိုက ချေးငွေ ၆၇၀၀၀၀၀/-ကျပ်၏ (၂) ဆဖြစ်သော ငွေ ၁၃၄၀၀၀၀၀/ ကျပ် ရလိုမှုလျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ် မတ်လ ၁၆ ရက် (၁၃၈၄ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ရက်)နံနက် ၁၀နာရီတွင် တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးမိုးအောင်)**
**တွဲဖက်ခရိုင်တရားသူကြီး**
**ပျဉ်းမနားခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဇမ္ဗူသီရိမြို့နယ်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၂၃

ဦးဇော်လင်းအောင် နှင့် ဦးအောင်ဇော်မြင့်
**တရားလို** **တရားပြိုင်**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ အင်းဝအိမ်ရာ၊ တိုက်အမှတ် (၂၅)၊ အခန်း ပထမထပ်(ညာ)နေ ဦးအောင်ဇော်မြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇော်လင်းအောင်က ငွေ (၉၇၉၃၄၆၂/-)ကျပ် ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ် မတ် ၇ရက် (၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ရက်) နံနက် ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့ လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မျိုးသူဇာလင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး (၃)**
**ဇမ္ဗူသီရိမြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1N/1685 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/9811 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ဖြည့်စွက်ဖတ်ရှုပါရန်

၁၁-၂-၂၀၂၃ ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၃၀) ၏ ကြော်ငြာစာတွင် ဦးတင်ဝမ်းက အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ် (၄၂-ခဲစင်း)အားအမွေဆက်ခံစာချုပ် ချုပ်ဆိုရန်နှင့် အတူ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ စီးပွားဇုန်အကွက်၊ ဦးပိုင်အမှတ်(D-၄၄)၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ မြေကို ဒေါ်တင်ဆွေရီ အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း)ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာ သည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာ အပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊**
**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ(၁၁)လမ်း၊ တိုက်အမှတ် (၉၀၃/ခ)၊ အခန်း- (ပထမထပ်)၊ အကျယ်အဝန်း (၁၈ပေ× ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးမင်းအောင် (၁၂/မဂဒ (နိုင်) ၁၁၀၂၂၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်- ၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁၀)ရပ်ကွက်၊ ချယ်ရီလမ်းသွယ် (၁)လမ်း၊ တိုက်အမှတ် (A-3)၊ အခန်းအမှတ်- (၂၀၃) (ဒုတိယထပ်)၊ အကျယ်အဝန်း (၂၀ပေ× ၃၂ပေ)ခန့်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးနိုင်ထက်လင်း (၁၂/ဒဂရ (နိုင်) ၀၂၀၀၆၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးခင်မောင်ဦး | ဦးပြည့်ဖြိုးအောင် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃ |

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာဆိုင်ရာလုပ်ငန်းများတွင် ကုန်ပစ္စည်းများပို့ဆောင်ခြင်းနှင့် အကောက်ခွန်ဆိုင်ရာရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေခြင်းအလို့ငှာ လိုအပ်သော သယ်ယူပို့ဆောင်ခြင်းဝန်ဆောင်မှုနှင့် အကောက်ခွန်ဆိုင်ရာ ရှင်းလင်းခြင်းဝန်ဆောင်မှု ရေရှည်သဘောတူမှုစာချုပ် (Long-Term Agreement for Transportation and Custom Clearance Services) သက်တမ်း ၂-နှစ်ကို ဆောင်ရွက်ရန်အတွက် အိတ်ပိတ်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါပုံစံများထုတ်ယူရမည့် အချိန်နှင့်နေ့ရက် | - | ၂၀-၂-၂၀၂၃ ရက်၊ နံနက် ၁၀နာရီမှ ညနေ ၃ နာရီအထိ |
| တင်ဒါပုံစံများနောက်ဆုံး ထုတ်ယူရမည့်အချိန်နှင့်ရက် | - | ၆-၃-၂၀၂၃ ရက်၊ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ |
| တင်ဒါပုံစံများနောက်ဆုံး တင်သွင်းရမည့်အချိန်နှင့်ရက် | - | ၁၃-၃-၂၀၂၃ ရက်၊ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ |
| တင်ဒါပုံစံများကို ထုတ်ယူရမည့်နေရာ | - | မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်ရုံးခွဲ၊ ထောက်ပံ့၊ ပို့ဆောင်ရေးနှင့်ဝယ်ယူဖြည့်တင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုဌာန၊ အမှတ်-၄၂၊ ကမ်းနားလမ်း၊ စတုတ္ထအထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ |

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိရန် ဖုန်း-၀၁-၈၃၉၂၀၂၈၊ ၈၃၉၂၀၂၉၊ ၈၃၉၂၀၃၀ (လိုင်းခွဲ-၁၁၉) သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာအပိုင်း (၁) တိုက် (၂)၊ အခန်း (၃၀၄) အမည်ပေါက် ဦးသန်းငွေ ၁၂/ဥကတ(နိုင်)၀၃၂၅၇၀ မှာ ၂၉-၇-၂၀၂၁ ရက်တွင် ကွယ်လွန်သွားပြီဖြစ်၍ ညီမရင်းဖြစ်သူ ဒေါ်မြင့်မာလာ ၁၂/ဥကတ(နိုင်)၁၃၈၉၅၀မှ တိုက်ခန်းပိုင်ဆိုင်မှု Owner Book ထုတ်ပေးပါရန် အထောက်အထား စာရွက်စာတမ်းများဖြင့် တင်ပြလာပါသဖြင့်Owner Book ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပိုင်ဆိုင်မှု Owner Book စာအုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ၁၄-က) ဦးပိုင်အမှတ်(၆၄)၊ ဧရိယာ ၀ ဒသမ ၀၂၇၅ဧက၊ ပေ(၃၀x၄၀)အကျယ်အဝန်းရှိ ဦးမျိုးရီ(ဘ) ဦးတင်ရီ ၁၂/အစန(နိုင်)၁၅၉၅၁၉ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုပိုင်ဆိုင်သူဟု အဆိုပြုသူဦးလွင်လတ် (ဘ)ဦးအုန်းလွင် ၉/ခအဇ (နိုင်)၀၀၂၉၄၉မှ မြေကွက်နှင့်ပတ်သက်ပြီး ပြဿနာအရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုလျက်ရောင်းချမည်ဟု ကမ်းလှမ်းပြောဆိုခဲ့ပြီး အရောင်းအဝယ်ပြုလုပ်ရန် အကျိုးဆောင်ပေးသူ ဦးပြေသင်း (ဘ)ဦးချစ်သောင်း ၉/မနတ(နိုင်)၀၄၀၁၈၅ မှလည်း ဦးလွင်လတ်မှာမြေကွက်အား ပိုင်ဆိုင်သူ ရောင်းချပိုင်ခွင့်အပြည့်အဝရှိသူဟု ထပ်ဆင့်ထောက်ခံခဲ့၍ ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပိုင်အဆုံးလက်ရောက် ဝယ်ယူရန်အတွက် သဘောတူညီပြီး ရောင်းကြေးငွေ၏ လေးပုံသုံးပုံအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အပြင် ရောင်းချသည့် မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေမှ လက်ရောက်ရယူနေထိုင်လျက်ရှိပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အပိုင်အဆုံးဝယ်ယူရန်အတွက် အပြီးသတ်ပေးချေရန် ငွေမှာတစ်စိတ်တစ်ပိုင်းမျှသာကျန်ရှိနေပြီး အရောင်းအဝယ်အား ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ အခြားသူတစ်ဦးတစ်ယောက်သို့ ထပ်ဆင့်ရောင်းချခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းများ တစ်စုံတစ်ရာ မပြုလုပ်ရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ တစ်စုံတစ်ရာပြုလုပ်ဆောင်ရွက်ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်စိုး (တရားလွှတ်တော်ရှေ့နေ) ၈၅၉၂/၁၂**
**အိမ်အမှတ်(ဆ-၄/၄၀)၊ မြို့သစ်(၂)ရပ်ကွက်၊ ၁၀၇(A)လမ်းနှင့် ၆၈လမ်းထောင့်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၀၀၄၄၄၆၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ယုဇန(၁)လမ်း၊ တိုက်အမှတ် (၅၃)၊ နှစ်ခန်းတွဲငါးထပ်တိုက်အဆောက်အအုံ၏ စတုတ္ထထပ် (ခြေရင်းခန်း)၊ (၁၂ ၁/၂ ပေx ၅၀ ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသော ဦးဝင်းဇော် ၁၂/ဒပန(နိုင်)၀၃၀၆၉၃၏ ကတိပြုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းသတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်သူ တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြသီတာအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၈၇)**
**အမှတ်(၁၇၈)၊ ပထမထပ်၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၃၁၆၃၂၂၊ ၀၉-၇၇၅၂၂၉၆၆၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ )
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃

| | | |
|---|---|---|
| ဒေါ်ဝင်းမမ | နှင့် | ဒေါ်ယဉ်ယဉ်အေး |
| **တရားလို** | | **တရားပြိုင်** |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အမှတ်(ဃ-၁၀၇)နေ ဒေါ်ယဉ်ယဉ်အေး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်ဝင်းမမက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် မတ် ၃ ရက် (၁၃၈၄ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်)မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ရုံးတော်မှ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မိမိသန်း)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ )
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂

| | | |
|---|---|---|
| ဦးထွန်းမြင့် | နှင့် | ဦးတင်ရွှေ |
| **တရားလို** | | **တရားပြိုင်** |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အမှတ်(ဂ-၈၄)နေ ဦးတင်ရွှေ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ ဦးထွန်းမြင့်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် မတ် ၃ ရက်(၁၃၈၄ခုနှစ် တပေါင်းလဆန်း ၁၃ ရက်)မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ရုံးတော်မှ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မိမိသန်း)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ၁၉-၁-၂၀၂၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ (စာမျက်နှာ ၂၄) တွင် အများသိစေရန်ခေါင်းစဉ်ဖြင့် ဦးသန်းဝင်း ၁၂/ဒဂရ(နိုင်)၀၁၁၃၉၁ ၏ လွှဲအပ်ညွှန်ကြားချက် အရထည့်သွင်းကြေညာထားသည့်အပေါ် ကန့်ကွက်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (ယခုအခေါ် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်)၊ (၃)ရပ်ကွက်၊ ဗိုလ်ဖိုးဝင်း(၂)လမ်း၊ မြေကွက် အမှတ် (၇၄၇)၊ အကျယ်အဝန်း (၄၀x၆၀)ပေ အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၂၀x၆၀)ပေရှိ (ခေါင်းရင်းခြမ်း)နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးသန်းဝင်း တစ်ဦးတည်း ပိုင်ဆိုင်ခြင်းမဟုတ်ဘဲ ဦးသန်းဝင်း၁၂/ဒဂရ(နိုင်)၀၁၁၃၉၁၊ မောင်စိုးဝေယံထွန်း ၁၂/ ဒဂမ(နိုင်)၀၅၁၉၉၁၊ ဒေါ်ထွေးထွေးမြင့် ၁၂/တမန(နိုင်)၀၃၇၀၅၇တို့(၃)ဦး ပိုင်ဆိုင်သည့် မြေနှင့်အိမ် ဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်၊ အိမ်နှင့်ပတ်သက်၍ ဦးသန်းဝင်းတစ်ဦးတည်း အမည်ဖြင့် အရောင်းအဝယ်ပြုလုပ်ပါကတရားမဝင်ကြောင်း၊ အသိအမှတ်မပြုပါကြောင်းနှင့် ၎င်းတစ်ဦးတည်းပိုင်ဆိုင်ကြောင်း ကြေညာထားခြင်းအား ကန့်ကွက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၅၈)**
**ဖုန်း-၀၉-၄၅၀၀၆၅၂၇၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အောင်ရတနာလမ်း၊ မြေတိုင်းရပ်ကွက်(၂၈)၊ မြေကွက်(၆၀၉)မှာ ဦးတင်ငွေ (ကွယ်လွန်သူ) အမည်ပေါက်မြေကွက်ကို အမွေဆက်ခံပိုင်ဆိုင်သော ဒေါ်အုန်းလှ ၁၂/ကမတ (နိုင်)၀၁၂၂၅၁ အမည်ပေါက်တရားဝင်ပိုင်ဆိုင်မှုကို လျှောက်ထားဆဲဖြစ်သော ၄၂ပေx၆၀ပေ ဖြစ်ပါသည်။ ထိုမြေမှမြေတိုင်းပြီးနှင့် ခွဲစိတ်လျှောက်ထားသောမြေကွက်အမှတ် (၆၁၁) နှင့်ကပ်လျက်ဘက်ခြမ်းရှိ ၂၀ပေx ၆၀ပေ မြေနှင့် ထိုမြေပေါ်ရှိအိမ်ကို ယခုအခါ ဦးထင်လင်း ၁၂/သဃက(နိုင်)၀၃၆၈၃၃က ဆက်စပ်စာချုပ်ဖြင့်ပိုင်ဆိုင်နေပါသည်။ ဦးထင်လင်း ၁၂/သဃက (နိုင်)၀၃၆၈၃၃ထံမှ ဒေါ်ဝင်းဝင်းထွေး ၁၂/သကတ(နိုင်)၁၆၇၇၆၀က အထက်ပါမြေနှင့် မြေပေါ်ရှိ အိမ်ကိုဝယ်ယူရန် စရန်ပေးချေထားပါသည်။ ကန့်ကွက်မည့်သူရှိပါက ကျွန်ုပ် ဒေါ်ဝင်းဝင်းထွေးထံသို့ အထောက်အထားခိုင်လုံစွာဖြင့် တစ်ပတ်အတွင်း တင်ပြကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းထွေး**
**ဖုန်း-၀၉-၄၂၀၀၄၀၁၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ဘော်ကုန်းကျေးရွာအုပ်စု၊ ပုံကုန်းကျေးရွာ၊ ကွင်းအမှတ် ( ပုံကုန်း )၊ ဦးပိုင်အမှတ်(၁၀)၊ မြေဧရိယာ ၅ ဒသမ ၄၀ ဧက အား ဒေါ်ခင်ညွန့် အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၇) ရရှိထားပြီး အဆိုပါပုံစံ (၇)လက်မှတ်မှာ ပျောက်ဆုံးနေပါသဖြင့် အသစ်လျှောက်ထားနိုင်ရေး ဒေါ်ခင်ညွန့် ၉/မမန(နိုင်)၀၄၈၈၇၉မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာရုံးဌာနများသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ခင်ညွန့် ၉ /မမန(နိုင်)၀၄၈၈၇၉**
**ပုံကုန်းကျေးရွာ၊ ဘော်ကုန်းကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့နယ်**

**အောင်ကမ္ဘာ**
ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
**09-43118200**
**09-450096155**

## ကန့်ကွက်နိုင်ပါကြောင်း

